
# ရန်ကုန်တိုင်းဒေသကြီး
# ငလျင်အန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေး စီမံချက်











၂၀၁၉ ခုနှစ်

# ရန်ကုန်တိုင်းဒေသကြီး
# ငလျင်အန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေး
# စီမံချက်

၂၀၁၉ ခုနှစ်

Funded by
European Union
Civil Protection and
Humanitarian Aid

Empowered lives.
Resilient nations.

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏
# အမှာစကား



ရန်ကုန်တိုင်းဒေသကြီးသည် ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မီးလောင်ခြင်း၊ ငလျင်နှင့်ကပ်ရောဂါ များအပါအဝင် အမျိုးမျိုးသော ဘေးအန္တရာယ်များ ကျရောက်နိုင်ခြေ မြင့်မားသောဒေသဖြစ်ပြီး အဆိုပါဘေးအန္တရာယ်များကြောင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအား အဟန့်အတား ဖြစ်စေပါသည်။ ရန်ကုန်မြို့တော်သည် စစ်ကိုင်းပြတ်ရွေ့၏အနောက်ဘက် (၃၀) ကီလိုမီတာအကွာခန့်တွင် တည်ရှိပြီး ငလျင်လှုပ်ခြင်းကြောင့် တိုင်းဒေသကြီးအတွင်း လူ့အသက်အိုးအိမ်စည်းစိမ်များ နှင့် ရုပ်ပိုင်းဆိုင်ရာစနစ်များအပေါ် ဆိုးရွားသည့် အကျိုးဆက်များဖြစ်ပေါ်စေခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရှိရပါသည်။

ယခုအခါမြို့ပြများအရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာပြီးအဓိကကျသော အခြေခံ အဆောက်အအုံများဆောက်လုပ်ရာတွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အချက်အလက် များအား ထည့်သွင်းတည်ဆောက်မှုမှာ အားနည်းလျက်ရှိနေပါသေးသည်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြင်းထန်သော ငလျင်လှုပ်မည်ဆိုပါက အရေးပေါ်တုံ့ပြန်နိုင်မှုစွမ်းရည် နည်းပါးခြင်း၊ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးနိုင်ခြင်းနှင့် ငလျင်လှုပ်ခတ်နိုင်မှုအား ကြိုတင်သတိပေးသည့်စနစ်များ မရှိသေးခြင်းတို့ကြောင့် ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု များအား တွေ့ကြုံရမည် ဖြစ်ပါသည်။

**"ရန်ကုန်တိုင်းဒေသကြီး ငလျင်အန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက်"**အား ရန်ကုန်တိုင်းဒေသကြီး အတွင်း ပြင်းထန်သောငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့် အဆိုပါ ငလျင်ဘေးအန္တရာယ်များ တွေ့ကြုံရပါက အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်း ဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် မိတ်ဖက်အဖွဲ့အစည်း များမှ ကိုယ်စားလှယ်များဖြင့် ညှိနှိုင်းဆွေးနွေးရေးဆွဲခဲ့ကြပါသည်။ အဆိုပါစီမံချက်တွင် ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက် ဆုံးရှုံးမှုများအား အနည်းဆုံးဖြစ်စေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းများ၊ ငလျင်လှုပ်ပြီးနောက် အရေး ပေါ်တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများနှင့် အဆိုပါလုပ်ငန်းများအား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အခြားအဖွဲ့အစည်းများအနေဖြင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်မည် စသည့်အချက်အလက်များအား ထည့်သွင်းရေးဆွဲထားပါ သည်။ **"ရန်ကုန်တိုင်းဒေသကြီး ငလျင်အန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက်"**အား ဥရောပသမဂ္ဂ၏ ရန်ပုံငွေပံ့ပိုး ကူညီမှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသော **"ငလျင်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြှင့်တင်ရေး"** စီမံကိန်းမှ ရေးဆွဲလျက်ရှိသော **"အမျိုးသားအဆင့် ငလျင်အန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက်"** အား အခြေခံ၍ ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။

ဦးဖြိုးမင်းသိန်း<br>
တိုင်းဒေသကြီးဝန်ကြီးချုပ်<br>
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# စီမံချက်အကျဉ်းချုပ်

## ရည်ရွယ်ချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ငလျင်ဘေးအန္တရာယ်ကြောင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများ အနည်းဆုံးဖြစ်အောင် လျှော့ချရန်နှင့် ဖျက်ဆီးမှုစွမ်းအားကြီးမားသည့် ငလျင်ဖြစ်ပွားပြီးနောက်တွင် ငလျင်ဘေးဒဏ်ခံရသော ပြည်သူများ၏ လူမှု/စီးပွားဘဝများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားနိုင်ရန် ဖြစ်ပါသည်။

## ရည်မှန်းချက်

ဤစီမံချက်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများအား အနည်းဆုံးဖြစ်စေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းများနှင့် ငလျင်လှုပ်ပြီးနောက် တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများအားရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသက်ဆိုင်ရာဌာနဆိုင်ရာများ၊အခြားအဖွဲ့အစည်းများအနေဖြင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်မည်စသည့် အချက်အလက်များကို သိရှိလိုက်နာကျင့်သုံးစေရန် ရည်ရွယ်ပါသည်။ ထို့အပြင် ဤ စီမံချက်အား အမျိုးသားအဆင့် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ စီမံချက်အား အခြေခံ၍ ရေးဆွဲထားခြင်း ဖြစ်ပါသည်။

ဤစီမံချက်တွင် အဓိကအနေဖြင့် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့် တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများဟူ၍ အပိုင်း(၂)ပိုင်း ပါဝင်ပါသည်။ ပထမအပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ပြည်သူလူထုတို့မှ မိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် လက်တွေ့ဆောင်ရွက်နိုင်မည့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအား ဖော်ပြထားပါသည်။ ဒုတိယအပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အင်အားပြင်းငလျင်လှုပ်မည်ဆိုပါက တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းကော်မတီများအနေဖြင့် ငလျင်လှုပ်ပြီးနောက် (၂၄)နာရီအတွင်း၊ (၂၄)နာရီ မှ (၄၈)နာရီအတွင်း၊ (၄၈)နာရီမှ (၇၂)နာရီအတွင်းနှင့် (၇၂)နာရီမှ (၇)ရက်အတွင်း ဆောင်ရွက်ရမည့် တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များအား ဖော်ပြထားပါသည်။

ဤစီမံချက်တွင်ဖော်ပြထားသည့် လုပ်ငန်းများအား အကောင်အထည်ဖော်ခြင်းဖြင့် ရရှိလာသော အတွေ့အကြုံနှင့် သင်ခန်းစာများအပေါ် မူတည်၍ တိုင်းဒေသကြီး သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် စီမံချက်အား လိုအပ်သလို ပြန်လည်လေ့လာသုံးသပ်ပြင်ဆင်မှုများအား ပြုလုပ်သွားမည်ဖြစ်ပါသည်။ စီမံချက်နှင့်သက်ဆိုင်သည့် ပြင်ဆင်ချက်များအားလည်း အမျိုးသားကော်မတီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းကော်မတီများသို့ ဖြန့်ဝေမည် ဖြစ်ပါသည်။

# မာတိကာ


ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ အမှာစကား
စီမံချက်အကျဉ်းချုပ်
မာတိကာ
ဇယားနှင့်ပုံများစာရင်း
အတိုကောက်ဝေါဟာရများစာရင်း

**အခန်း (၁) နိဒါန်း**

| | | |
|---|---|---|
| ၁.၁။ | ငလျင်အန္တရာယ် | ၂ |
| ၁.၂။ | ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ အမျိုးသားအဆင့် မူဘောင်များ | ၅ |
| ၁.၃။ | ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် မျှော်မှန်းချက် | ၆ |
| ၁.၄။ | စီမံချက်ရေးဆွဲရာတွင် အခြေခံထားသည့် ယူဆချက်များ | ၇ |

**အခန်း (၂) အကောင်အထည်ဖော်ခြင်း** ၈

**အခန်း (၃) ကြိုတင်ပြင်ဆင်ရေး**

| | | |
|---|---|---|
| ၃.၁။ | ကြိုတင်ပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများ | ၉ |
| ၃.၂။ | ကြိုတင်ပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများအား အကောင်အထည်ဖော်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း | ၁၂ |
| ၃.၃။ | ကြိုတင်ပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများအတွက် အရင်းအမြစ်များအား ဆန်းစစ်လေ့လာခြင်း | ၁၅ |

**အခန်း (၄) တုံ့ပြန်ရေး**

| | | |
|---|---|---|
| ၄.၁။ | တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများ | ၁၆ |
| ၄.၂။ | တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း | ၁၆ |
| ၄.၃။ | စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း | ၁၉ |

**အခန်း (၅) သတင်းအချက်အလက် စီမံခန့်ခွဲခြင်း**

| | | |
|---|---|---|
| ၅.၁။ | လိုအပ်သည့် သတင်းအချက်အလက်များ | ၂၀ |
| ၅.၂။ | သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် မျှဝေခြင်း | ၂၁ |

**အခန်း (၆) စီမံခန့်ခွဲမှု၊ အရင်းအမြစ်များနှင့် ရန်ပုံငွေများ**

| | | |
|---|---|---|
| ၆.၁။ | စီမံခန့်ခွဲမှု | ၂၂ |
| ၆.၂။ | အရင်းအမြစ်များ | ၂၂ |
| ၆.၃။ | ရန်ပုံငွေများ | ၂၃ |

**အခန်း (၇) ပြန်လည်ထူထောင်ရေးအဆင့်သို့ ကူးပြောင်းခြင်း** ၂၆

| | | |
|---|---|---|
| နောက်ဆက်တွဲ (က) | အရေးပေါ်အခြေအနေအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ | ၂၇ |
| နောက်ဆက်တွဲ (ခ) | ပြင်းထန်သော ငလျင်ကြီးလှုပ်ပြီးနောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းကော်မတီအသီးသီးမှ ဆောင်ရွက်ရမည့် တုံ့ပြန်ရေးနှင့်သက်ဆိုင်သည့် တာဝန်နှင့်ဝတ္တရားများ | ၂၉ |
| နောက်ဆက်တွဲ (ဂ) | သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အရေးပေါ်ကွပ်ကဲရေးရုံး (Emergency Management Center-EMC) ၏ လုပ်ငန်းတာဝန်များ | ၅၂ |
| နောက်ဆက်တွဲ (ဃ) | တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့လုပ်ငန်းကော်မတီအသီးသီး၏ ငလျင်ဘေးအန္တရာယ်အတွက် ဆောင်ရွက်ရမည့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ | ၅၇ |
| နောက်ဆက်တွဲ (င) | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဆန်းစစ်မှုပုံစံ | ၆၁ |

# ဇယားနှင့်ပုံများစာရင်း

**ဇယားများ**


| | | |
|---|---|---|
| ဇယား (၁) | လျှောင်ပြင်းထန်အား အဆင့်ခွဲခြားခြင်း | ၄ |
| ဇယား(၂) | လျှောင်ပြင်းအားနှင့်သက်ရောက်နိုင်ခြေပြဇယား | ၄ |


**ပုံများ**


| | | |
|---|---|---|
| ပုံ (၁) | မြန်မာနိုင်ငံ၏ လျှောင်ဇုန်များပြ မြေပုံ (၂၀၁၂) | ၃ |
| ပုံ (၂) | ရန်ကုန်တိုင်းဒေသကြီး၏ လျှောင်ပြန်လည်လှုပ်ခတ်ရန် ကြာချိန်ပေါင်း (၄၇၅) နှစ်အတွက် လျှောင်အန္တရာယ်ပြမြေပုံ | ၅ |

# အတိုကောက်ဝေါဟာရများစာရင်း

| | |
|---|---|
| CERF | Central Emergency Response Fund<br>ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အရေးပေါ်အခြေအနေတုံ့ပြန်ရေးလုပ်ငန်းဆိုင်ရာ ဗဟိုရန်ပုံငွေ |
| DRRWG | Disaster Risk Reduction Working Group<br>ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာလုပ်ငန်းအဖွဲ့ |
| EMC | Emergency Management Center<br>သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရေးပေါ်ကွပ်ကဲရေးရုံး |
| HCT | Humanitarian Country Team<br>ကုလသမဂ္ဂဦးဆောင်သော လူသားချင်း စာနာမှုဆိုင်ရာအဖွဲ့ |
| MPD-Network | Myanmar Private Sector Disaster Management Network<br>မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကွန်ယက် |



# အခန်း (၁) နိဒါန်း

ရန်ကုန်တိုင်းဒေသကြီးသည် ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မီးလောင်ခြင်း၊ ငလျင်နှင့် ကပ်ရောဂါများ အပါအဝင် အမျိုးမျိုးသောဘေးအန္တရာယ်များ ကျရောက်နိုင်ခြေမြင့်မားသော ဒေသဖြစ်ပါသည်။ အဆိုပါ ဘေးအန္တရာယ်များအနက် ရေကြီးခြင်း၊ မုန်တိုင်းနှင့် ငလျင်များသည် အပျက်အစီးအများဆုံး ဖြစ်စေနိုင်သော ဘေးအန္တရာယ်များဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နယ်ပယ်အသီးသီးတွင်ဖွံ့ဖြိုးမှုများကို အဟန့်အတားဖြစ်စေပါသည်။ အထက်ဖော်ပြပါ ဘေးအန္တရာယ်များအနက်မှ ငလျင်မှလွဲ၍ ကျန်ရှိသော ဘေးအန္တရာယ်များသည် သက်ဆိုင်ရာအချက်အလက်များကို ကြိုတင်ခန့်မှန်းနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ပါသည်။ သို့သော် ငလျင်ဘေးအန္တရာယ်မှာမူ ကာလတိုခန့်မှန်းမှုများ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ပြင်းထန်သော ငလျင်လှုပ်မည်ဆိုပါက တုံ့ပြန်နိုင်မှုစွမ်းရည် နည်းပါးခြင်း၊ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးနိုင်ခြင်းနှင့် ငလျင်လှုပ်မည်အား ကြိုတင်သတိပေးမည့်စနစ်များ မရှိသေးခြင်းကြောင့် ငလျင်ဘေးအန္တရာယ်အား အဖျက်စွမ်းအား အကြီးမားဆုံးသော ဘေးအန္တရာယ်အဖြစ် သတ်မှတ်ထားပါသည်။

နိုင်ငံ၏ ပထဝီအနေအထားအရ အယ်လ်ပိုဒ် (Alpide) ငလျင်ရပ်ဝန်းအတွင်း တည်ရှိနေပြီး အဆိုပါငလျင်ရပ်ဝန်းသည် ကမ္ဘာပေါ်တွင် ငလျင်အများဆုံး ဖြစ်ပေါ်စေသည့်ဇုန်တစ်ခုဖြစ်ပြီး အဖျက်စွမ်းအားကြီးသည့် ငလျင်များနှင့် မီးတောင်ပေါက်ကွဲမှုများလည်း ဤငလျင်ရပ်ဝန်းအတွင်း ဖြစ်ပေါ်ခဲ့ပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံတွင် ပြတ်ရွေ့များစွာရှိပြီး အဆိုပါပြတ်ရွေ့များထဲတွင် စစ်ကိုင်းပြတ်ရွေ့သည် အရှည်လျားဆုံးဖြစ်ပြီး နိုင်ငံ၏အလယ်ကိုဖြတ်ကာ မြောက်မှ တောင်သို့သွယ်တန်းနေပါသည်။ ရန်ကုန်မြို့တော်သည် စစ်ကိုင်းပြတ်ရွေ့၏အနောက်ဘက် (၃၀) ကီလိုမီတာအကွာခန့်တွင် တည်ရှိပြီး အတိတ်ငလျင်ဆိုင်ရာမှတ်တမ်းများအရ ငလျင်လှုပ်ခြင်းကြောင့် တိုင်းဒေသကြီးအတွင်း လူ့အသက်အိုးအိမ်စည်းစိမ်များ၊ လူမှုရေးအရ ပိုင်ဆိုင်မှုများနှင့် ရုပ်ပိုင်းဆိုင်ရာစနစ်များအပေါ် ဆိုးရွားသည့်အကျိုးဆက်များ ဖြစ်ပေါ်စေခဲ့ကြောင်း တွေ့ရှိရ ပါသည်။

(၂၀၀၅) ခုနှစ်တွင် မြန်မာနိုင်ငံ၏ မြို့တော်မှာ ရန်ကုန်မှ နေပြည်တော်သို့ ပြောင်းလဲသွားခဲ့သော်လည်း ရန်ကုန်မြို့တော်သည် နိုင်ငံ၏ အဓိက စီးပွားရေးအချက်အချာအဖြစ် ရှိနေဆဲဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးသို့ အလုပ်အကိုင်အခွင့်အလမ်းအတွက် ရွှေ့ပြောင်းဝင်ရောက်လာမှုများ အဆက်မပြတ်ရှိနေပြီး အဆိုပါ ရွှေ့ပြောင်းမှုများက ရေ၊ လျှပ်စစ်မီး၊ ကျန်းမာရေး၊ ကျောင်းများ၊ အိမ်ရာ စသည်တို့အပါအဝင် အခြေခံဝန်ဆောင်မှုများအပေါ် သက်ရောက်မှုများရှိနေပါသည်။ ကျူးကျော်နေထိုင်မှုများပြားလာပြီး အဆိုပါနေထိုင်မှုများသည် အများအားဖြင့် ငလျင်၏နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် သဲရည်ပျော်ခြင်း ဖြစ်နိုင်ခြေများသည့်ဒေသတွင် ဖြစ်ပါသည်။ အခြေခံအဆောက်အအုံများကို ဆောက်လုပ်ရာတွင် ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေဆိုင်ရာ အချက်အလက်များကို ထည့်သွင်းအသုံးပြုမှု အားနည်းပြီး အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းသည့် အလေ့အထလည်း နည်းပါးသည့်အတွက် ငလျင်အန္တရာယ်သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များအတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယေဘုယျအနေဖြင့် အတွေ့ရများသော အဆောက်အအုံအမျိုးအစားများမှာ အုတ်ညှပ်၊ ကွန်ကရစ်၊ သံမဏိ၊ အင်္ဂတေနှင့် သစ်သား အဆောက်အအုံများဖြစ်ပြီး အများစုမှာ ကွန်ကရစ်အဆောက်အအုံ၊ အုတ်ညှပ်နှင့် အင်္ဂတေအဆောက်အအုံများ ဖြစ်ပါသည်။ အဆောက်အအုံအများစုသည် (၄) ထပ်မှ (၅) ထပ်အထိ ရှိသော အင်္ဂတေအဆောက်အအုံများဖြစ်ပြီး (၈) ထပ်နှင့်အထက် ကွန်ကရစ် အဆောက်အအုံအနည်းငယ် ရှိပါသည်။

အစိုးရဌာနဆိုင်ရာ အဆောက်အအုံအများစုမှာ ကိုလိုနီခေတ်အဆောက်အအုံများဖြစ်ပြီး ကြံ့ခိုင်မှုအတွက် ပြုပြင်ထိန်းသိမ်းမှုအနည်းငယ်သာ (သို့မဟုတ်) လုံးဝမရှိသည့်အတွက် ငလျင်လှုပ်ပါက ထိခိုက်ခံရလွယ်မှုအဆင့်မှာ တိုးမြင့်လာပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် နိုင်ငံ၏ အဓိကလေဆိပ်ဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိပြီး နိုင်ငံတကာလေကြောင်းလိုင်းများအားလုံး အဝင်အထွက်ပြုလုပ်နေသော လေဆိပ်ဖြစ်ပါသည်။ ထို့ပြင်


ဘုရားစေတီများ အပါအဝင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ဆေးရုံ၊ စာသင်ကျောင်း၊ သောက်သုံးရေနှင့် လျှပ်စစ်စွမ်းအင်ကဲ့သို့သော အခြေခံဝန်ဆောင်မှုများပေးသည့် စနစ်များနှင့်အဆောက်အအုံများလည်း ရှိပါသည်။

လူဦးရေသန်းခေါင်စာရင်း ရွှေ့ပြောင်းရလဒ်များအရ မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း (၁၀,၈၇၉,၃၄၈) စုရှိပြီး အိမ်ထောင်စုတစ်စုတွင် ပျမ်းမျှအိမ်ထောင်စုဝင် (၄.၄) ဦး ရှိကာ ရန်ကုန်မြို့တော်အပါအဝင် မြို့ပြများတွင် လူဦးရေ တိုးနှုန်း မြင့်မားပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ခရိုင် (၄) ခုနှင့် မြို့နယ် (၄၆) မြို့နယ်ရှိပြီး နိုင်ငံတွင်းရှိ စုစုပေါင်း မြို့ပြလူဦးရေ၏ (၂၉.၄) ရာခိုင်နှုန်း နေထိုင်လျက်ရှိပါသည်။ နှစ်စဉ်မြို့ပြဖြစ်ထွန်းမှုနှုန်းသည် (၂.၉) ရာခိုင်နှုန်း ရှိပါသည်။ အဆိုပါ မြို့ပြဖြစ်ထွန်းမှုနှုန်းနှင့် မြို့ပြဒေသများရှိ အခြေခံအဆောက်အအုံတိုးတက်မှုနှုန်းမှာ ကိုက်ညီမှုမရှိသေးဘဲ ကျောင်းများ၊ ဆေးရုံများ၊ လျှပ်စစ်စွမ်းအင်နှင့် သောက်သုံးရေကဲ့သို့သော အခြေခံဝန်ဆောင်မှု လိုအပ်ချက်များအား လည်း ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးပါ။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးအစိုးရအနေဖြင့် မြို့ပြလူထုနှင့် ၎င်းတို့၏အရင်းအမြစ်များအပေါ် ငလျင်ဘေး အန္တရာယ်၏ အကျိုးသက်ရောက်မှုကို လျှော့ချရန်နှင့် ရုပ်ဝတ္ထုပစ္စည်းပိုင်ဆိုင်မှုများကို ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သည့်နည်းလမ်းများကို ချမှတ်ဆောင်ရွက်ရေးသည် ဦးစားပေးလုပ်ငန်းတစ်ရပ် ဖြစ်လာပါသည်။ ဘေးအန္တရာယ် တိုင်းသည် လူမှုအဖွဲ့အစည်း၏ လူမှုဘဝဖူလုံရေး၊ လူတစ်ဦးချင်းစီ၏ အသက်များ၊ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း များ၊ စီးပွားရေးနှင့် အခြေခံအဆောက်အအုံများအပါအဝင် လူမှုစီးပွားဆိုင်ရာ အကျိုးသက်ရောက်မှုများရှိပါသည်။ များသောအားဖြင့် အခြေခံအဆောက်အအုံများ ပျက်စီးသွားပါက ပြန်လည်ထူထောင်ရန်အတွက် နှစ်ပေါင်းများစွာ (သို့မဟုတ်) ဆယ်စုနှစ်ပေါင်းများစွာ အချိန်ယူရတတ်ပါသည်။ လက်ရှိလူဦးရေတိုးပွားနှုန်းဖြင့်ဆိုလျှင် အိမ်ရာများ အပါအဝင် အခြေခံအဆောက်အအုံများ အလျှင်အမြန်တိုးတက်တည်ဆောက်ရန် လိုအပ်ချက် အလွန်မြင့်မားနေပြီး ပြင်းအားပမာဏ (၇.၀) (သို့မဟုတ်) ထိုထက်ပိုသော ငလျင်လှုပ်မည်ဆိုပါက သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများ ပိုမိုများပြားမည်ဟု မှန်းဆ ရပါသည်။

## ၁.၁။ ငလျင်အန္တရာယ်

အတိတ်ငလျင်မှတ်တမ်းများနှင့် အချို့ငလျင်များ၏ မြေပြင်ငလျင်လှိုင်းသွား အမြင့်ဆုံးအရှိန် (Peak Ground Acceleration – PGA) တန်ဖိုးများနှင့် ညီမျှသော မာကယ်လီစကေးတန်ဖိုးများပေါ် မူတည်၍ မြန်မာနိုင်ငံရှိ မြို့များအား အားနည်းဇုန်၊ အားလတ်ဇုန်၊ အားပြင်းဇုန်၊ ပြင်းထန်ဇုန်နှင့် ပျက်စီးမှုများဇုန်ဟူ၍ ခွဲခြားထားပါသည်။ ပုံ (၁)တွင် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံအတွက် အပြင်းထန်ဆုံးငလျင်ဒဏ်ခံရနိုင်သည်ဟု သတ်မှတ်ထားသောဒေသအား ဇုန်(၅) ပျက်စီးမှုများဇုန်ဟု သတ်မှတ်ပြီး မာကယ်လီစကေးအသစ်အရ အတန်း (၉)နှင့် ညီပါသည်။ လူဦးရေထူထပ်သော မြို့တော်များဖြစ်သည့် ရန်ကုန်နှင့်နေပြည်တော်မြို့များသည် ဇုန် (၂) အားလတ်ဇုန်နှင့် မန္တလေးနှင့် ပဲခူးမှာဇုန် (၃) အားပြင်းဇုန်နှင့် ဇုန် (၄) ပြင်းထန်ဇုန်တို့တွင် ကျရောက်နေသောကြောင့် မြို့ပြဖွံ့ဖြိုး တိုးတက်မှုများ ရှိလာသည်နှင့်အမျှ ငလျင်ဘေးကြောင့် ဆုံးရှုံးနိုင်ခြေများလည်း မြင့်မားလျက်ရှိပါသည်။ အဆိုပါငလျင်ဇုန် များအား အောက်ဖော်ပြပါ ပုံ(၁) မြန်မာနိုင်ငံ၏ ငလျင်ဇုန်များပြမြေပုံ (၂၀၁၂)တွင် ဖော်ပြထားပါသည်။




Probabilistic Seismic Hazard Assessment Map (PSHA Map) of Myanmar showing expected peak ground acceleration (PGA) values with 100% probability in 500 years. (Note: 0.21 - 0.3 g zone in the northern part of Shan State is taken from the Seismic Zone Map of Myanmar by Dr. Maung Thein et al., 2005)

ပုံ(၁) မြန်မာနိုင်ငံ၏ ငလျင်ဇုန်များပြမြေပုံ (၂၀၁၂) (မြန်မာနိုင်ငံလျင်ကော်မတီ)

လျှင်၏ပြင်းအားပမာဏကို ကိန်းဂဏန်းတစ်ခု သတ်မှတ်လျက် ရစ်ချ်တာစကေးဖြင့် ဖော်ပြသည်။ သို့ရာတွင် ပြင်းအားမှာ လျှင်ဒဏ်ခံရသည့် ဒေသအလိုက် ကွာခြားမှုရှိမည်ဖြစ်ပြီး၊ လျှင်၏ ဗဟိုချက် (လျှင်စတင်ရာနေရာ) နှင့်နီးပါက ပြင်းအားများမည်ဖြစ်ပြီး၊ ဗဟိုချက်နှင့်ဝေးပါက ပြင်းအားနည်းမည်ဖြစ်သည်။ လျှင်ကြောင့် ပျက်စီးထိခိုက်မှု အဆင့်ပေါ်အခြေခံ၍ လျှင်၏ပြင်းထန်အားကို မာကယ်လီစကေးအသစ် (Modified Mercalli Intensity) ဖြင့် ဖော်ပြသည်။ မာကယ်လီစကေးအသစ်အား လျှင်လှုပ်ခြင်းကြောင့် ဖြစ်ပေါ်နိုင်သော ထိခိုက်ပျက်စီးမှုနှင့် ယှဉ်တွဲ၍ အောက်ပါ ဇယား(၁)တွင် ဖော်ပြထားပါသည်။

ဇယား (၁) လျှင်ပြင်းထန်အား အဆင့်ခွဲခြားခြင်း

| Mercalli Scale | I | II | III | IV | V | VI | VII | VIII | IX | X | XI | XII |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ထိခိုက်ပျက်စီးမှု ခန့်မှန်းချက် | မရှိ | မရှိ | မရှိ | မရှိ | အလွန်နည်း | အနည်းငယ် | အတန်အသင့် | အတန်အသင့်/ များပြား | များပြား | အလွန်များပြား | အကြီးအကျယ်ပျက်စီး | လုံးဝပျက်စီး |
| လှုပ်ခတ်မှုအတိုင်းအတာ | မခံစားရ | အားပျော့ | အားပျော့ | အနည်းငယ် | အတန်အသင့် | ပြင်းထန် | အလွန်ပြင်းထန် | ဆိုးရွားစွာပြင်းထန် | ကြမ်းတမ်း | ပြင်းထန်မှုလွန်ကဲ | ပြင်းထန်မှုလွန်ကဲ | ပြင်းထန်မှုလွန်ကဲ |

လျှင်ပမာဏ ရစ်ချ်တာစကေးနှင့် အဆိုပါလျှင်များကြောင့် အဆောက်အအုံနှင့် လူများအပေါ် သက်ရောက်မှု ရှိနိုင်ခြေများအား ဇယား(၂) လျှင်ပြင်းအားနှင့် သက်ရောက်နိုင်ခြေပြဇယားတွင် ဖော်ပြထားပါသည်။ သို့ရာတွင် အဆိုပါ သက်ရောက်မှုရှိနိုင်ခြေများမှာ လျှင်ဗဟိုချက် အတိမ်အနက်၊ လျှင်ဗဟိုချက်နှင့် မြို့များအကွာအဝေး၊ လူနေ ထူထပ်မှုနှင့် အဆောက်အအုံအမျိုးအစား စသည့်အချက်များပေါ်တွင်လည်း မူတည်ပါသည်။


ဇယား(၂) လျှင်ပြင်းအားနှင့် သက်ရောက်နိုင်ခြေပြဇယား

| **လျှင်ပမာဏ ရစ်ချ်တာစကေး** | **သက်ရောက်မှုရှိနိုင်ခြေ** |
|---|---|
| ၂ အောက် | မသိသာသော အခြေအနေဖြစ်ပါသည်။ |
| ၂ နှင့် ၄ ကြား | လူအချို့သတိထားမိသည့် အခြေအနေဖြစ်သည်။ |
| ၄ နှင့် ၄.၉ ကြား | လူတိုင်းလိုလို ခံစားမိသော အခြေအနေဖြစ်သည်။ |
| ၅ နှင့် ၅.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင်ပင် မပြောပလောက်သော ပျက်စီးမှုတွေ့ရသော အခြေအနေဖြစ်သည်။ |
| ၆ နှင့် ၆.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင်ပင် သိသာသောပျက်စီးမှုတွေ့ရသော အခြေအနေ ဖြစ်သည်။ |
| ၇ နှင့် ၇.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံများတွင် ဆိုးရွားသောပျက်စီးမှု တွေ့ရသော အခြေအနေ ဖြစ်သည်။ |
| ၈ နှင့်အထက် | ကြီးမားသော ပျက်စီးပြိုကျမှုများ တွေ့ရသော အခြေအနေဖြစ်သည်။ |

အတိတ်လျှင်ဆိုင်ရာ မှတ်တမ်းများအရ (၁၉)ရာစုအတွင်းက ရန်ကုန်မြို့တွင် လျှင်များလှုပ်ခတ်ခဲ့ပြီး အပျက်အစီးအသင့်အတင့်ရှိကာ ရွှေတိဂုံဘုရားထီးတော် နစ်ကြိမ်မြေခခဲ့ကြောင်း သိရှိရပါသည်။ (၁၉၃၀)ခုနှစ် မေလ (၅)ရက်နေ့က ပြင်းအားပမာဏ (၇.၃)ဖြင့် လှုပ်ခတ်ခဲ့သော ပဲခူးလျှင်ကြောင့် ပဲခူးတွင် သေကြေဒဏ်ရာရမှု (၅၀၀) ဦးခန့်နှင့် ကြီးမားသောပျက်စီးမှုများကို ဖြစ်စေခဲ့ပြီး ရန်ကုန်၌ သေဆုံးသူ (၅၀) ဦးရှိပြီး အဆောက်အအုံအချို့ပျက်စီးကာ

တိုက် (၃)လုံး ပြိုကျခဲ့ပြီး ရွှေတိဂုံဘုရားထီးတော် မြေခခဲ့ပါသည်။ ထိုနှစ်အတွင်း ပဲခူး၌ ဒီဇင်ဘာလ (၃) ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြင်းအားပမာဏ (၇.၃) ဖြင့် ထပ်မံလှုပ်ခဲ့ပြီး နေအိမ်များကို ပျက်စီးစေ ခဲ့ပါသည်။ မီးရထားလမ်းများကောက်ကွေးသွားကာ သယ်ယူပို့ဆောင်ရေးစနစ်များကိုလည်း ထိခိုက်စေခဲ့ပါသည်။ ထို့အပြင် လူဦးရေထူထပ်မှု၊ အခြေခံအဆောက်အအုံများ တိုးတက်လာမှု၊ စီးပွားရေးအချက်အချာဖြစ်မှုဟူသော အကြောင်းအချက်များကြောင့် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရလွယ်မှု အမြင့်ဆုံးဒေသများအနက် တစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ မှတ်တမ်းများအရ (၂၀၁၈) ခုနှစ် နှစ်ဦးပိုင်းတွင် ငလျင်များဆက်တိုက်လှုပ်ခတ်ခဲ့ပြီးယမန်နှစ်များကထက်ငလျင်လှုပ်မှုအကြိမ်အရေအတွက်မှာပို၍များလာကြောင်းတွေ့ရပါသည်။ အောက်ဖော်ပြပါ ပုံ(၂)သည် ရန်ကုန်တိုင်းဒေသကြီး၏ ငလျင်ပြန်လည်လှုပ်ခတ်ရန် ကြာချိန်ပေါင်း (၄၇၅) နှစ်အတွက် ငလျင်အန္တရာယ်ပြ မြေပုံဖြစ်ပြီး ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အဦဆောက်လုပ်ရန်နှင့် ဒီဇိုင်းများ ရေးဆွဲရန်အတွက် များစွာ အထောက်အကူပြုပါသည်။




ပုံ (၂) ရန်ကုန်တိုင်းဒေသကြီး၏ ငလျင်ပြန်လည်လှုပ်ခတ်ရန် ကြာချိန်ပေါင်း (၄၇၅) နှစ်အတွက် ငလျင်အန္တရာယ်ပြမြေပုံ (မြန်မာနိုင်ငံငလျင်ကော်မတီ ၂၀၁၈ခုနှစ်)

## ၁.၂။ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ အမျိုးသားအဆင့် မူဘောင်များ

ဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်ဆုံးရှုံးနိုင်ခြေများအား ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြှင့်တင်ခြင်းလုပ်ငန်းများသည် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း နိုင်ငံတော်အစိုးရအနေဖြင့် ဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြှင့်တင်ခြင်းလုပ်ငန်းများကို

သက်ဆိုင်ရာအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ဥပဒေနှင့် မူဝါဒဆိုင်ရာမူဘောင်များ တိုးတက်ကောင်းမွန်လာစေရန် အလေးထားဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော် အစိုးရမှ အောင်မြင်စွာဆောင်ရွက်ခဲ့သည့် လုပ်ငန်းများတွင် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)[၁] နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနည်းဥပဒေ (၂၀၁၅)[၂] ရေးဆွဲပြဋ္ဌာန်းခြင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ဆောက်လုပ်ရေးစံနှုန်းများ (၂၀၁၆)[၃]၊ မြန်မာနိုင်ငံ ပြည်သူလူထု သဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားစေရေး အမျိုးသားအဆင့်မူဘောင် (၂၀၁၆)[၄]၊ မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက် (၂၀၁၇)[၅] တို့ ပါဝင်ပါသည်။ ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာစီမံချက်သည် ထိရောက်သည့် ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ ကနဦးလုပ်ဆောင်မှုများအတွက် နည်းလမ်းဖော်ထုတ်ပေးပြီး၊ နိုင်ငံအတွင်းတွင် နောင်ဖြစ်လာနိုင်သည့် မည်သည့်ငလျင်ဘေးအန္တရာယ်ကိုမဆို တုံ့ပြန်ရန်အတွက် လမ်းညွှန်မှုပြုနိုင်မည်ဖြစ်ပါသည်။ အဆိုပါ စီမံချက်လက်တွေ့အသုံးချနိုင်ရေးမှာ သက်ဆိုင်ရာအဖွဲ့ အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီမှုများအပြင် စီမံချက်၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ အကူအညီများ လိုအပ်ပါသည်။

## ၁.၃။ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် မျှော်မှန်းချက်

### ရည်ရွယ်ချက်

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေး အချက်အချာဖြစ်သော ရန်ကုန်မြို့တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီးသည် ပြတ်ရွေ့များအပေါ်တွင် (သို့မဟုတ်) ၎င်းတို့နှင့် နီးကပ်စွာတည်ရှိနေသည့်အတွက် အနာဂတ်တွင် ၎င်းပြတ်ရွေ့များမှ အားပြင်းငလျင်များ လှုပ်ခတ်နိုင်ပြီး ၎င်းအင်အားပြင်း ငလျင်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ များစွာရှိနိုင်ပါသည်။ အင်အားပြင်းငလျင်ကြီးများသည် ဒေသနှင့်ချီသည့် ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပြီး၊ နေအိမ်ထောင်ပေါင်းများစွာကို ပျက်စီးခြင်း(သို့မဟုတ်)ဆုံးရှုံးစေခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် အခြေခံဝန်ဆောင်မှုစနစ်များကိုပြတ်တောက်စေခြင်းနှင့် လူထောင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရခြင်း (သို့မဟုတ်) သေဆုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါသောကြောင့် အဆိုပါဆုံးရှုံးမှုများအား လျှော့ချရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများနှင့် အင်အားပြင်းငလျင်တစ်ခု ဖြစ်ပေါ်လာပါက တုံ့ပြန်ရေးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်ရမည့် နည်းလမ်းများအား ဖော်ထုတ်ညွှန်ပြရန် ဖြစ်ပါသည်။

(က) ပြင်းထန်သော ငလျင်မလှုပ်မီ၊ လှုပ်နေစဉ်နှင့် လှုပ်ပြီးသည့်အချိန်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်နိုင်ရန်။

(ခ) ပြင်းထန်သော ငလျင်လှုပ်ပါက လူ့အသက်များဆုံးရှုံးခြင်းနှင့် ပစ္စည်းဥစ္စာများ ထိခိုက်ပျက်စီးခြင်းအား အနည်းဆုံး ဖြစ်စေရန်။

### ရည်မှန်းချက်

ဤစီမံချက်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ အနည်းဆုံးဖြစ်စေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းများနှင့် ငလျင်လှုပ်ပြီးနောက် တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းများအား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ၏ လုပ်ငန်းကော်မတီအသီးသီးမှ သက်ဆိုင်ရာဌာနများ၊ အခြားအဖွဲ့ အစည်းများအနေဖြင့် မည်ကဲ့သို့ပူးပေါင်းဆောင်ရွက်မည် စသည့်အချက်

---

၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၁၃ ခုနှစ်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ

၂ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၁၅ ခုနှစ်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနည်းဥပဒေ

၃ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ၂၀၁၆ ခုနှစ်၊ မြန်မာနိုင်ငံအမျိုးသားအဆင့်ဆောက်လုပ်ရေးစံနှုန်းများ

၄ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၁၆ ခုနှစ်၊ မြန်မာနိုင်ငံ ပြည်သူလူထု သဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားစေရေး အမျိုးသားအဆင့်မူဘောင်

၅ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်း စီမံချက်(၂၀၁၇)

အလက်များကို သိရှိလိုက်နာကျင့်သုံးစေရန် ရည်မှန်းပါသည်။ ထို့အပြင် ဤစီမံချက်ကို အမျိုးသားအဆင့် လျှော့ချရေး ဘေး အန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ စီမံချက်အားအခြေခံ၍ ရေးဆွဲထားခြင်း ဖြစ်ပါသည်။

## မျှော်မှန်းချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ အနည်းဆုံးဖြစ်စေရန်၊ လူ့အသက် ဆုံးရှုံးမှုများလျှော့ချရန်နှင့် ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ငလျင်ဖြစ်ပွားပြီးနောက်တွင် ထိခိုက်ခံစားရမှုများအား မူလအခြေအနေသို့ ပြန်လည် ရောက်ရှိစေရန်အတွက် အချိန်နှင့်တပြေးညီ ဆောင်ရွက်သွားနိုင်ရန်။

## ၁.၄။ စီမံချက်ရေးဆွဲရာတွင် အခြေခံထားသည့် ယူဆချက်များ

ရန်ကုန်တိုင်းဒေသကြီး ငလျင်အန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်သည် အမျိုးသား အဆင့် ငလျင်အန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်ကို အခြေခံကာ ရေးဆွဲထားပါသည်။ ဤစီမံချက်တွင်ပါရှိသော လုပ်ဆောင်ချက်များသည် ရန်ကုန်တိုင်းဒေသကြီးအတွက် သီးသန့်ရည်ရွယ် ရေးဆွဲထားခြင်း ဖြစ်ပါသည်။ သို့သော် ဘေးအန္တရာယ်များတွင် အထူးသဖြင့် ငလျင်၏သက်ရောက်မှုများသည် နယ်ခြားမျဉ်းများ ဖြတ် ကျော်ဖြစ်ပေါ်တတ်သည့် သဘောသဘာဝရှိသည်နှင့်အညီ ငလျင်ဖြစ်စဉ်တစ်ခုအတွင်း ထိရောက်စွာ တုံ့ပြန်ဆောင် ရွက်နိုင်ရန်အတွက် အရင်းအမြစ်များ မျှဝေသုံးစွဲရန် တိုင်းဒေသကြီး/ပြည်နယ်များ အချင်းချင်းကြား ပေါင်းစပ်ညှိနှိုင်းမှု များကို ဤစီမံချက်မှ အားပေးမြှင့်တင်နိုင်မည်ဟု မျှော်လင့်ပါသည်။ ဤစီမံချက်အား အကောင်အထည်ဖော်နိုင်ရေးနှင့် ရည်ရွယ်ချက်များ ပြီးမြောက်စေရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများကြားနှင့် အဆင့်အသီးသီးကြား ပိုမို ကျယ်ပြန့်သည့် စနစ်တကျ ပူးပေါင်းဆောင်ရွက်မှုများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီ ရယူမှု၊ လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍမှ ကူညီပံ့ပိုးမှုများ လိုအပ်မည်ဖြစ်ပါသည်။

ဤစီမံချက်အား ရေးဆွဲရာတွင် ရန်ကုန်တိုင်းဒေသကြီးတွင် အင်အားပြင်းငလျင်လှုပ်မည်ဆိုပါက တုံ့ပြန်ရေး လုပ်ငန်းများအားသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းမှုများဆောင်ရွက်ရန်နှင့်အကျိုးသက်ရောက်မှုများနှင့် လိုအပ်ချက်များအပေါ် ကြိုတင်မျှော်မှန်းကာ ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။

(က) ငလျင်ဘေးအန္တရာယ်၏ အကျိုးဆက် သက်ရောက်မှုများကြောင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ရပ်တန့် သွားစေနိုင်ခြင်း၊

(ခ) စီမံချက်ရေးဆွဲသူများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသောဒေသများ၊ အလယ်အလတ်အဆင့်ရှိသော ဒေသများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေနည်းပါးသော ဒေသများ၏ အနေအထားကို နားလည်ရန် လိုအပ်နေခြင်း၊

(ဂ) တစ်နေရာမှတစ်နေရာသို့ လွယ်ကူစွာ ရွှေ့ပြောင်းနိုင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာ မှုကြောင့် ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းသွားလာမှုများသည် နေရာဒေသတစ်ခု၏ အနေအထားအရ လက်ခံနိုင်စွမ်းနှင့် အခြေခံဝန်ဆောင်မှုစနစ်များအပေါ် အကျိုးသက်ရောက်မှုများ ရှိစေခြင်း။

(ဃ) အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် ငလျင်ဘေးအန္တရာယ်ကို ထည့်သွင်း စဉ်းစား ဆောင်ရွက်ထားမှုမှာ အားနည်းနေခြင်း၊

(င) ရပ်ရွာလူထုအနေဖြင့် ငလျင်ဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ သိရှိမှုအားနည်းနေခြင်း၊

(စ) အဆောက်အအုံများ၏ ဒီဇိုင်းရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းတို့တွင် ငလျင်ဒဏ်ခံနိုင်ရည်ရှိမှုအား ထည့်သွင်းစဉ်းစားမှု အားနည်းခြင်း၊

# အခန်း (၂) အကောင်အထည်ဖော်ခြင်း

အမျိုးသားအဆင့် လေျာ်အန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးစီမံချက်တွင်လည်း တိုင်းဒေသကြီးအတွင်းရှိ ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေနိုင်သည့် လေျာ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် လေျာ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ လျှော့ချရာတွင် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုမှသာမက လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်လာနိုင်သည်အထိ ထိခိုက်ပျက်စီးမှုများကို ဖြစ်ပေါ်စေမည့်လေျာ်များအား ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ပေါင်းစပ်ညှိနှိုင်းမှုများ ကြိုတင်လုပ်ဆောင်ခွင့်ကိုလည်း ရရှိစေမည်ဖြစ်ပါသည်။

ဤစီမံချက်တွင် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဟူ၍ အဓိက အပိုင်း (၂) ပိုင်း ပါဝင်ပါသည်။

**ကြိုတင်ပြင်ဆင်ရေး။** ဤအပိုင်းတွင် လေျာ်ကြောင့် ထိခိုက်ခံစားရမှုများအား လျှော့နည်းစေရန် (သို့မဟုတ်) အသက်များအား ကယ်တင်နိုင်ရန်ရည်ရွယ်၍ တိုင်းဒေသကြီးအစိုးရဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အခြားသော မိတ်ဖက်အဖွဲ့အစည်းများအား ကြီးမားသည့် လေျာ်ဘေးတစ်ခုအတွက် ကြိုတင်ပြင်ဆင်နိုင်စေမည့် လက်တွေ့လုပ်ဆောင်နိုင်သော ဆောင်ရွက်ချက်များ ပါဝင်ပါသည်။

အဆိုပါ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများတွင် အခြေခံအဆောက်အအုံများ၏ ထိခိုက်ခံရလွယ်မှုများအား ဆန်းစစ်ခြင်း၊ အဆောက်အအုံများအား လေျာ်ဒဏ်ခံနိုင်မှုရှိစေရန် အားဖြည့်မွမ်းမံပြင်ဆင်ခြင်း၊ ယာယီခိုလှုံနေထိုင်ရမည့်နေရာများအား ကြိုတင်သတ်မှတ်ထားခြင်း၊ မြေအသုံးချမှု စီမံကိန်းများအား ပိုမိုကောင်းမွန်အောင် ရေးဆွဲခြင်းနှင့် မြေအသုံးချမှု စီမံချက်များကို လိုက်နာဆောင်ရွက်စေရန် ကြပ်မတ်ခြင်း၊ ဘေးကင်းသည့်နေရာများ၊ သဲရည်ပျော်ခြင်း ဖြစ်ပေါ်နိုင်သည့်နေရာများ စသည်တို့အား သတ်မှတ်ဖော်ထုတ်ခြင်းနှင့် လေျာ်အန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြင့်မားစေရေးအတွက် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်း၊ အသိပညာပေးသင်တန်းများ ပို့ချခြင်း၊ အထူးသဖြင့် လေျာ်မလှုပ်မီ၊ လှုပ်ဆဲနှင့် လှုပ်ပြီးနောက် ဆောင်ရန်၊ ရှောင်ရန်များသိရှိစေရန် စီမံချက်များအား စမ်းသပ်ရန်အတွက် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကာ လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်ခြင်းစသည်တို့ ပါဝင်ပါသည်။ အထက်ပါ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအားဆောင်ရွက်ရာတွင် အခြားသောအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

**တုံ့ပြန်ရေး။** သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)တွင် ပါရှိသည့်အတိုင်း အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီများသည် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် ပူးပေါင်း၍ တုံ့ပြန်ရေးလုပ်ငန်းများအား ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ပြင်းထန်သော လေျာ်လှုပ်ပြီးနောက် (၂၄) နာရီအတွင်း၊ (၂၄)နာရီမှ (၄၈)နာရီအတွင်း၊ (၄၈)နာရီမှ (၇၂)နာရီအတွင်းနှင့် (၇၂)နာရီမှ (၇)ရက်အတွင်း လိုအပ်သည့် အရင်း အမြစ်များ ထုတ်ယူသုံးစွဲခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဖြန့်ကျက်လုပ်ဆောင်ခြင်းတို့ကို ပြုလုပ်ရမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မိတ်ဖက်အဖွဲ့အစည်းများအားလုံး (အစိုးရ၊ လူသားချင်းစာနာမှုအဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် နှစ်နိုင်ငံအကြား ဖွဲ့စည်းထားသော အဖွဲ့အစည်းများ)နှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းကော်မတီများ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများအား နောက်ဆက်တွဲ (ခ) ဖြင့် ဖော်ပြထားပါသည်။

**ကန့်သတ်ချက်များ။** လေျာ်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးတွင် လေျာ်၏ အကျိုးသက်ရောက်မှုအား မည်သို့လျှော့ချရမည်ဆိုသည်ကို နားလည်သိရှိရန်အတွက် တိုင်းဒေသကြီးအတွင်းရှိ အမျိုးမျိုးသော မိတ်ဖက်အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့သော်လည်း ဤစီမံချက်တွင် ဖော်ပြထားရှိသော ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများတွင် အင်ဂျင်နီယာ (သို့မဟုတ်) ဘူမိဗေဒပညာရပ်ဆိုင်ရာ ရှုထောင့်များအား အသေးစိတ်ဖော်ပြခြင်းမပြုဘဲ မိတ်ဖက်အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအား ဖော်ပြသွားမည် ဖြစ်ပါသည်။

# အခန်း (၃) ကြိုတင်ပြင်ဆင်ရေး

## ၃.၁။ ကြိုတင်ပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများ

မည်သည့်နေရာ မည်သည့်အချိန်တွင် ငလျင်လှုပ်မည်စသည့် ကြိုတင်သတိပေးချက်များ မရရှိနိုင်သောကြောင့် ငလျင်လှုပ်ပါက လူတို့၏အသက်များ၊ ရပ်ရွာလူထု၏ ပိုင်ဆိုင်မှုများ၊ ရပ်ပိုင်းဆိုင်ရာ စနစ်များအပေါ် အကျိုးသက်ရောက်မှု များသည် ကြီးမားလာနိုင်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဆယ်စုနှစ်များနှင့်ချီကာ ကြာမြင့် နိုင်ပါသည်။ အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက် များအား ထည့်သွင်းစဉ်းစားခြင်းများ နည်းပါးခြင်းသာမက ပြည်သူလူထုအနေဖြင့်လည်း ၎င်းတို့၏နေအိမ်များ၊ လုပ်ငန်း ခွင်များအတွင်း ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာဗဟုသုတများသိရှိမှု အားနည်းကြပါသည်။ ထို့အပြင် တည် ဆောက်ရေးလုပ်ငန်းများအား စောင့်ကြည့်လေ့လာနိုင်စွမ်း၊ မြေအသုံးချမှုစီမံကိန်းနှင့် အဆောက်အအုံ စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန် ကြပ်မတ်ပေးနိုင်စွမ်းများမှာလည်း နည်းပါးနေကြပါသည်။

ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရာ၌ ဤအပိုင်းတွင် ဖော်ပြထားသော ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများသာမက အရေးပေါ် အခြေအနေများအား စီမံခန့်ခွဲသူများနှင့် တာဝန်ရှိသူများမှ ပြည်သူလူထုအား စုစည်း၍ နောင်တွင်ဖြစ်ပွားလာနိုင်သည့် ငလျင်ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအားလည်း အတူ တကွ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့အပြင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သင်္ကေတန်တူ ဇာတ်တိုက်လေ့ကျင့် ခြင်း၊ တုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်မည့်ပစ္စည်းကိရိယာများအား စုဆောင်းဖြည့်ဆည်းခြင်း၊ လုပ်ငန်း ဆောင်ရွက်မှုများအား အကဲဖြတ် ဆန်းစစ်ခြင်းနှင့် လိုအပ်သည်များအား ပြန်လည်ပြင်ဆင်ခြင်းစသည့် လုပ်ငန်းများအား ဆောင်ရွက်ရမည် ဖြစ်ပါသည်။

### ၃.၁.၁။ ဘူမိဗေဒ ဘေးအန္တရာယ် ခံစားရနိုင်မှု အခြေအနေကို နားလည်သိရှိခြင်း

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သုတေသနလေ့လာမှုများစုစည်းပြီး ကွာဟချက်များအား ဆွေးနွေးဖော်ထုတ်၍ သုတေသနပြုနိုင်မည့် နယ်ပယ်များ သတ်မှတ်ခြင်း၊

(ခ) ငလျင်လှုပ်လျှင် ဖြစ်နိုင်ခြေရှိသည့် အခြေအနေများကို အသေးစိတ်မှန်းဆ လေ့လာကာ ထိခိုက် ခံရလွယ်မှုအရှိဆုံးနေရာများအား သတ်မှတ်ဖော်ထုတ်ခြင်း၊

(ဂ) မြေပြိုခြင်းနှင့် သဲရည်ပျော်ခြင်း ဖြစ်နိုင်ခြေရှိနေသော နေရာများအား ပိုင်းခြား သတ်မှတ်၍ အဆိုပါ နေရာများနှင့် ထိခိုက်ဆုံးရှုံးမှုများကို လျှော့ချရန် ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် ဆောက်လုပ် ရေးလုပ်ငန်းရှင်များအား အသိပညာပေးခြင်း၊

### ၃.၁.၂။ ပတ်ဝန်းကျင်အနေအထားအား ကောင်းစွာ နားလည်သိရှိခြင်း

(က) လူနေအိမ်ခြေများ၊ ရုံးများ စသည့်အဆောက်အအုံများအား စာရင်းပြုစုခြင်း၊

(ခ) ကျောင်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဌာနများကဲ့သို့သော အဆောက်အအုံများသည် အရေး ပေါ်အခြေအနေများတွင် အရေးပါသဖြင့် ၎င်းတို့အား သီးခြားစာရင်းပြုစုခြင်း၊

(ဂ) မြစ်၊ ချောင်း၊ ကန်၊ ရေလှောင်ကန် စသည်တို့ အနီးတစ်ဝိုက်တွင် နေထိုင်သူများ ဘေးကင်းရေး၊ လိုအပ်ပါက လျော်ကန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းရေးနှင့် တုံ့ပြန်ဆောင် ရွက်ရေး အစီအစဉ်များ ထားရှိဆောင်ရွက်ခြင်း၊

(ဃ) အဆောက်အအုံများ၏ထိခိုက်ခံရလွယ်မှုအဆင့်ကိုဆန်းစစ်ကာလိုအပ်သည့်အားဖြည့်ပြင်ဆင်မှုများ ပြုလုပ်ရန် အကြံပြုခြင်း၊

(င) ဆည်၊ တောင်ကုန်း၊ ရွံ့ညွန်တောများ အနီးတွင် တည်နေခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(စ) သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်မည့် နေရာများနှင့် လမ်းကြောင်းများအား လေ့လာစစ်ဆေး၍ အများပြည်သူသို့ မျှဝေထားခြင်း၊

**၃.၁.၃။ ထိရောက်သော စီမံကိန်းရေးဆွဲမှုနှင့် လိုက်နာမှုတို့ ရှိစေရန် ဆောင်ရွက်ခြင်း**

(က) ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြေယာအသုံးချမှု စီမံချက်များအား လိုက်နာမှု ရှိပြီး ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျှော့ချရေးဆိုင်ရာ အချက်အလက်များကို ထည့်သွင်းစဉ်းစားမှုရှိစေရန် ဆောင်ရွက်ခြင်း၊

(ခ) အဆောက်အအုံ ဆောက်လုပ်ခွင့် ခွင့်ပြုချက်များ ချပေးရာတွင် အဆောက်အအုံ ဒီဇိုင်း သတ်မှတ်ချက်မှုဘောင်များမှာ ငလျင်ဒဏ်ခံနိုင်သည့် ဒီဇိုင်းများနှင့် ကိုက်ညီမှုရှိစေရန် စနစ်တကျ စိစစ်ဆောင်ရွက်စေခြင်း၊

(ဂ) အသိပညာမျှဝေမှု အစီအစဉ်များမှတစ်ဆင့် လူထုအား အဆောက်အအုံများ ပြုပြင် ထိန်းသိမ်းသည့် အလေ့အထ ရှိလာစေရန် ပညာပေးခြင်း၊

(ဃ) ငလျင်လှုပ်ပါက ဖြစ်ပေါ်နိုင်ခြေရှိသည့် အကျိုးသက်ရောက်မှုများနှင့် အရင်းအမြစ် (လူအင်အား၊ ငွေကြေး၊ ပစ္စည်းကိရိယာများ စသည်) လိုအပ်ချက်များ ပါဝင်သည့် အရေးပေါ်အခြေအနေ တုံ့ပြန်မှု စီမံချက်အား ရေးဆွဲထားခြင်း၊

(င) ပြင်းထန်သော ငလျင်လှုပ်မည်ဆိုပါက တုံ့ပြန်ရေးလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အတွက် အောက်ပါလုပ်ငန်းများအလိုက် လိုအပ်သည့်စီမံချက်များအား ကြိုတင်ရေးဆွဲထားခြင်း၊ (အရေးပေါ်အခြေအနေ အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအသေးစိတ်အား နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြထားပါသည်။)

   (က) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း
   (ခ) လုံခြုံရေးလုပ်ငန်း
   (ဂ) သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း
   (ဃ) ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်း
   (င) သယ်ယူပို့ဆောင်ရေးလုပ်ငန်း
   (စ) ဆက်သွယ်ရေးလုပ်ငန်း
   (ဆ) ထောက်ပံ့ရေးလုပ်ငန်း
   (ဇ) ပျက်စီးဆုံးရှုံးမှုအချက်အလက်များကောက်ယူရေးလုပ်ငန်း
   (ဈ) မီးငြိမ်းသတ်ရေးလုပ်ငန်း

**၃.၁.၄။ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများမျှဝေမှု အစီအစဉ်များနှင့် လေ့ကျင့်မှုများ**

(က) ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျှော့ချရေးဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား မျှဝေပေးသည့် ငလျင်ဖိုရမ်များအား နှစ်စဉ်ကျင်းပခြင်း၊

(ခ) ဌာနဆိုင်ရာမှ ဝန်ထမ်းများအား ငလျင်ဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ဗဟုသုတများအား မြှင့်တင်ပေးရန် သင်တန်းများ ပို့ချခြင်း၊

(ဂ) မြို့၊ ရွာ၊ ရပ်ကွက်များနှင့် စာသင်ကျောင်းများတွင် ငလျင်ဆိုင်ရာ ဗဟုသုတများ ပြန့်ပွားစေရန်အတွက် ဇာတ်တိုက်လေ့ကျင့်ခန်းများ အပါအဝင် ဟောပြောပွဲများ၊ သင်တန်းများ ပုံမှန်ကျင်းပခြင်း၊

(ဃ) ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း အသိပညာများ ဖလှယ်ခြင်း၊ ငလျင်လှုပ်ပါက တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော အရင်းအမြစ်များ (လူအင်အား၊ ငွေကြေး၊ ပစ္စည်းကိရိယာများ စသည်) အတွက် ညှိနှိုင်းပူးပေါင်းခြင်း၊

(င) ငလျင်လှုပ်ပြီးနောက် ပျက်စီးသွားသော အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများ၏ အခြေအနေအားသိရှိရန် အလျင်အမြန် ဆန်းစစ်မှုများ ပြုလုပ်နိုင်သည့် ကျွမ်းကျင်မှုများ ရှိစေရန်အတွက် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ သင်တန်းများ စီစဉ်ပို့ချပေးခြင်း၊

(စ) ဆန်းစစ်လေ့လာမှုဆိုင်ရာ စွမ်းဆောင်ရည်များအား အကဲဖြတ်ရန်နှင့် စီမံချက်များအား ပိုမိုကောင်းမွန်အောင် ပြင်ဆင်ရေးဆွဲနိုင်ရန်အတွက် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်မှုများအား ပုံမှန်ဆောင်ရွက်ခြင်း၊

(ဆ) ရေဒီယို၊ ရုပ်မြင်သံကြား၊ စာသင်ကျောင်းများ၊ ဈေးများနှင့် အခြား အများပြည်သူသွားလာသောနေရာများတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပိုစတာ ဆိုင်းဘုတ်များထောင်ခြင်းစသည့် နည်းလမ်းများဖြင့် ငလျင်ဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် ဆောင်ရန်၊ ရှောင်ရန်များနှင့် ဘေးကင်းစေရန်မည်သို့ နေထိုင်ရမည် စသည်တို့ကို အသိပညာပေးခြင်း၊

### ၃.၁.၅။ အရေးပေါ်အခြေအနေ အတွက် လိုအပ်ချက်များအား သတ်မှတ်ဖော်ထုတ်ခြင်း

(က) တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ဝန်ဆောင်မှုများနှင့် စက်ယန္တရားကြီးများစသည် လိုအပ်ချက်များအား သတ်မှတ်ဖော်ထုတ်ခြင်း၊

(ခ) အဆိုပါလိုအပ်ချက်များအား အချိန်မီဖြည့်ဆည်းပေးနိုင်ရန်အတွက် ပံ့ပိုးကူညီပေးနိုင်မည့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် လိုအပ်ချက်များအား သဘောတူညီမှု ပြုလုပ်ထားခြင်း၊

(ဂ) ဌာနဆိုင်ရာများ၊ ဟိုတယ်များ၊ စာသင်ကျောင်းများ စသည်တို့တွင် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲထားရှိခြင်း၊

(ဃ) အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလုံး၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ စသည်တို့နှင့် ၎င်းတို့၏ စွမ်းဆောင်နိုင်မှုများ၊ ဆက်သွယ်ရမည့် လိပ်စာ၊ ဖုန်းနံပါတ်များ၊ ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးအတွက် အစီအစဉ် ရေးဆွဲထားသော လုပ်ငန်းများအား စာရင်းပြုစုထားခြင်း။

### ၃.၁.၆။ နေအိမ်များ/ ရုံးများ အတွင်း ကြိုတင်ပြင်ဆင်မှုများ

နေအိမ်/ရုံးများတွင် ငလျင်ဘေးအန္တရာယ် လျှော့ချရေးအတွက် အောက်ပါကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအား လုပ်ကိုင်စေရန် ဆောင်ရွက်ရပါမည်။

(က) ငလျင်လှုပ်နေစဉ်အတွင်း လူများပေါ်သို့ ပြိုလဲ/ပြုတ်ကျလာနိုင်သော မျက်နှာကြက်များ၊ ချိတ်ဆွဲထားသော အရာဝတ္ထုများ စသည့်ပစ္စည်းများအား ခိုင်မြဲစွာ ချည်နှောင်ထားခြင်း၊

(ခ) အရေးပေါ်အခြေအနေတွင် ပြေးထွက်ရမည့်လမ်းကြောင်းကို ပိတ်ဆို့နေသောအရာဝတ္ထုများအား ရှင်းလင်းထားခြင်း၊

(ဂ) အရေးပေါ် ထွက်ခွာရမည့် လမ်းကြောင်းများနှင့် စုဝေးရမည့် နေရာများအားလုံးကိုလည်း အမှတ်အသားများ မြင်သာထင်ရှားစွာ ပြုလုပ်ထားခြင်း၊

(ဃ) ရပ်ရွာနှင့် ရုံးများတွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းများအား ပုံမှန် ဆောင်ရွက်ခြင်း၊

(င) နေအိမ်များနှင့် ရုံးများတွင် မီးသတ်ဆေးဗူးများနှင့် ရှေးဦးသူနာပြု သေတ္တာများအား ဆောင်ထားပြီး ပုံမှန် စစ်ဆေးခြင်း၊

## ၃.၂။ ကြိုတင်ပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများအား အကောင်အထည်ဖော်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း

ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့ချရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းမှုသည် မရှိမဖြစ် အရေးကြီးပါသည်။ မိတ်ဖက်အဖွဲ့အစည်းများမှ သက်ဆိုင်ရာနယ်ပယ်အလိုက်ဆောင်ရွက်ရန် စီစဉ်ထားသည့်လုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများအား ၎င်းတို့၏ နှစ်အလိုက်လုပ်ငန်းစီမံချက်များအား မျှဝေအသိပေးရပါမည်။ အဆိုပါလုပ်ငန်းများသည် ရန်ကုန်တိုင်းဒေသကြီး၏ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်တွင် ပါဝင်သည့်လုပ်ငန်းများနှင့် ကိုက်ညီမှုရှိရပါမည်။

### ၃.၂.၁။ ရန်ကုန်တိုင်း ဒေသကြီးအဆင့် အစီအမံများ/စီစဉ်ဆောင်ရွက်မှုများ

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဆောင်သည့် ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးများအား အနည်းဆုံး တစ်နှစ်လျှင်နှစ်ကြိမ်ကျင်းပကာ ဝန်ကြီးချုပ် (သို့မဟုတ်) ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သူက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါမည်။ အဆိုပါအစည်းအဝေးများတွင် သက်ဆိုင်ရာဌာနများမှ ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ နောက်ဆုံးအခြေအနေများကို တင်ပြပေးနိုင်ပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရမည့် အချက်များအား အကြံပြုဆွေးနွေးပါမည်။ ထို့ပြင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား စောင့်ကြည့်လေ့လာနိုင်ပြီး လိုအပ်ပါက အဆိုပါလုပ်ငန်းများအား ထိခိုက်ခံရလွယ်မှုမြင့်မားသော ဒေသများအတွက် ပြောင်းလဲဆောင်ရွက်ပါမည်။ ဌာနအသီးသီး၏ စွမ်းဆောင်ရည်များနှင့် အရင်းအမြစ် ပိုင်ဆိုင်မှုများအား စာရင်းပြုစုထားပြီး အဆိုပါအစည်းအဝေးများမှတစ်ဆင့် မျှဝေထားပါမည်။

### ၃.၂.၂။ နိုင်ငံတော်အဆင့်နှင့် ရန်ကုန်တိုင်းဒေသကြီးအကြား ညှိနှိုင်းဆောင်ရွက်ခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာနများအနေဖြင့် ၎င်းတို့၏ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအားတင်ပြပြီးနောက် အဆိုပါလုပ်ငန်းများဆောင်ရွက်မှု၏ နောက်ဆုံးအခြေအနေများကို အစီရင်ခံ တင်ပြရပါမည်။ သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းများအပါအဝင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအား ဦးစီးဌာနအလိုက် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်ငွေကြေး ခွဲဝေချထားပေးနိုင်ရန် ဝန်ကြီးဌာနများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပါမည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (အမျိုးသားကော်မတီ) အနေဖြင့် ဝန်ကြီးဌာနများမှ တင်ပြချက်များအား စောင့်ကြည့်လေ့လာခြင်း၊ ပြန်လှန်သုံးသပ်စစ်ဆေးခြင်းများပြုလုပ်ကာ လိုအပ်သည်များအား ပံ့ပိုးကူညီပါမည်။

နှစ်စဉ် နှစ်အစပိုင်းတွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှရရှိနိုင်သည့် အရင်းအမြစ်စာရင်းများအားပြုစု၍ ရန်ကုန်တိုင်းဒေသကြီးရှိ သက်ဆိုင်ရာဌာနဆိုင်ရာများအား မျှဝေပါမည်။ ထိုသို့မျှဝေရာတွင်

### ၃.၂.၅။ ရန်ကုန်တိုင်းဒေသကြီးနှင့် လူမှုအဖွဲ့အစည်းများ/အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ခြင်း

အဆိုပါအဖွဲ့အစည်းများအနေဖြင့် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများအား တိုင်းဒေသကြီး/ခရိုင်အဆင့်/မြို့နယ်အဆင့်များတွင် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လုပ်ငန်းများအား ထိရောက်စွာပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းအကောင်အထည်ဖော်မှုအား စောင့်ကြည့်လေ့လာနိုင်ရန်အတွက် အဆိုပါအဖွဲ့အစည်းများသည် ၎င်းတို့၏ တစ်နှစ်စာလုပ်ငန်းအစီအစဉ်များအား သက်ဆိုင်ရာဌာနများသို့ လုပ်ငန်းမစတင်မီ တင်ပြပါမည်။ ထို့ပြင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့တွင်ရှိသည့် နည်းပညာကျွမ်းကျင်မှုများနှင့် အရင်းအမြစ် များအား စာရင်းပြုစု၍ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့အား မျှဝေထားပါမည်။ ထို့ပြင် ရပ်ရွာအဆင့်တွင် ၎င်းတို့နှင့်အတူတကွ လက်တွဲအလုပ်လုပ်နေသူများအား စာရင်းပြုစုထားရှိပြီး ထိုစာရင်းအား လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ပါမည်။

### ၃.၂.၆။ အရပ်ဖက် စစ်ဖက် ပူးပေါင်းဆောင်ရွက်မှု

ငလျင်အန္တရာယ် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရန်အတွက် တပ်မတော်၏အကူအညီ ရယူဆောင်ရွက်ခြင်းသည်လည်း အရေးကြီးပါသည်။ ငလျင် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကဲ့သို့ လုပ်ငန်းအစီအစဉ်အချို့တွင် တပ်မတော်မှပါဝင်ခြင်းဖြင့် တုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်မည်ကို သိရှိနိုင်ပါသည်။ တပ်မတော်အနေဖြင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်နိုင်ပါသည်။

(က) တိုင်းဒေသကြီးအတွင်း ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်မတော်နှင့် ဆက်သွယ်ဆောင်ရွက်ရမည့် အဖွဲ့/ဌာနအား သတ်မှတ်ပေးခြင်း၊

(ခ) ငလျင်သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်း အပါအဝင် ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချခြင်းဆိုင်ရာအရပ်ဖက်သင်တန်းအစီအစဉ်များတွင်တပ်မတော်မှပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

(ဂ) တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်မည့် စက်ယန္တရားများ၊ လူအင်အား စသည်တို့အား ပံ့ပိုးပေးနိုင်မှုနှင့်စပ်လျဉ်း၍ စာရင်းပြုစုကာ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အား မျှဝေထားခြင်း၊

(ဃ) တပ်မတော်သားများအား ငလျင်ဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် ဆောင်ရန်/ရှောင်ရန်များအားသိရှိစေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ အသိပညာပေးသင်တန်းများ ပို့ချခြင်း၊

### ၃.၂.၇။ ရန်ကုန်တိုင်းဒေသကြီးနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ အရှေ့တောင်အာရှနိုင်ငံများအသင်း၊ နှစ်နိုင်ငံအကြား ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အလှူရှင်များ ညှိနှိုင်းဆောင်ရွက်ခြင်း။

ငလျင်ဘေးအန္တရာယ်ဆိုင်ရာကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအားအထောက်အပံ့ဖြစ်စေရန်အတွက် အစိုးရဌာနများသည် မိတ်ဖက်အဖွဲ့အစည်းများထံမှ ၎င်းတို့၏ သက်ဆိုင်ရာနယ်ပယ်အလိုက် အခွင့်အလမ်းများ ရယူနိုင်ပါသည်။ အမျိုးသားကော်မတီအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် ရန်ပုံငွေများ ရရှိနိုင်ရန်အတွက် အဆိုပါမိတ်ဖက်အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်ရပါမည်။

အဆိုပါအဖွဲ့အစည်းများမှ ပြည်တွင်း/ပြည်ပ သင်တန်းများအတွက် ပံ့ပိုးကူညီပေးခြင်းဖြင့် ဝန်ကြီးဌာနအသီးသီးရှိ သက်ဆိုင်ရာဝန်ထမ်းများသည် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ သင်တန်းများအား တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

## ၃.၃။ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအတွက် အရင်းအမြစ်များအား ဆန်းစစ်လေ့လာခြင်း

နှစ်တစ်နှစ်၏ နှစ်ဦးပိုင်းတွင် စီမံကိန်းလုပ်ငန်းများနှင့် အရင်းအမြစ်များအား ဆန်းစစ်လေ့လာထားခြင်းအားဖြင့် တူညီသောလုပ်ငန်းများအား ရပ်ရွာဒေသတစ်ခုအတွင်း အကောင်အထည်ဖော်ခြင်းအား ရှောင်ရှားနိုင်မည်ဖြစ်ပြီး အရင်းအမြစ်များအား ထိရောက်မှုရှိစွာ အသုံးချနိုင်မည် ဖြစ်ပါသည်။ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများထံမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှော့ချရေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအား အဓိကထားဆောင်ရွက်မည့် အစီအစဉ်များနှင့် ခန့်မှန်းကုန်ကျစရိတ်များအား စာရင်းပြုစု၍ အမျိုးသားကော်မတီထံသို့ ဘဏ္ဍာနှစ်တစ်နှစ်၏ အစတွင် ပေးပို့တင်ပြရပါမည်။ အဆိုပါအစီအစဉ်များတွင် အခြား မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသော အစီအစဉ်များလည်း ပါဝင်ရပါမည်။ ထိုသို့တင်ပြခြင်းအားဖြင့် အမျိုးသားကော်မတီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လျှော့ချအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုများအား သိရှိနိုင်မည်ဖြစ်ပြီး လုပ်ငန်းအကောင်အထည်ဖော်မှုအားလည်း စောင့်ကြည့်လေ့လာနိုင်မည် ဖြစ်ပါသည်။ ထိုကဲ့သို့ အရင်းအမြစ်များကို ဆန်းစစ်လေ့လာခြင်းအား ဝန်ကြီးချုပ်မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးများတွင် ဆွေးနွေးရမည် ဖြစ်ပါသည်။

# အခန်း (၄) တုံ့ပြန်ရေး

အင်အားပြင်းထန်သော ငလျင်လှုပ်ပြီးနောက်တွင် အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်း၊ လူအများ ထိခိုက်ဒဏ်ရာရခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆက်သွယ်ရေး၊ ရေပေးဝေရေးစနစ်နှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစနစ်များ စသည့်အခြေခံဝန်ဆောင်မှုများ ပြတ်တောက်ခြင်း၊ နောက်ဆက်တွဲဘေးအန္တရာယ်များဖြစ်သည့် မီးလောင်ခြင်း၊ မြေပြိုခြင်းနှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခတ်ခြင်းစသည့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ ကြုံတွေ့လာရနိုင်ပါသည်။ အဆိုပါ အရေးပေါ်အခြေအနေများတွင် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်း ကော်မတီများနှင့် အခြားအဖွဲ့အစည်းများပူးပေါင်းကာ ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများအား ဆောင်ရွက်မည် ဖြစ်ပါသည်။

## ၄.၁။ တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများ

အင်အားပြင်းထန်သော ငလျင်လှုပ်ပြီးပါက အဆောက်အအုံများအတွင်း ပိတ်မိနေသူများ၊ ဘေးလွတ်ရာသို့ စွန့်ခွာရန် လိုအပ်သော်လည်း သွားလာရန်အခက်အခဲရှိသူများ၊ မှန်နှင့်အခြားသော အပျက်အစီး အပိုင်းအစများကြောင့် ထိခိုက်ဒဏ်ရာ ရရှိနေသူများစသည်တို့အား အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ပြင် ဒေသခံများ၊ ထိခိုက်ဒဏ်ရာ ရရှိသူများနှင့် ဆေးကုသရန် လိုအပ်သူများအတွက် ဘေးကင်းလုံခြုံသော ခိုလှုံရာ နေရာများနှင့် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။ ဆေးရုံများအနေဖြင့် ဒဏ်ရာရသူများနှင့် အခြားအရေးပေါ် ဆေးကုသမှုများအား ဝန်ဆောင်မှုပေးရန် မလုံလောက်ပါက ပြင်းထန်စွာ ဒဏ်ရာရရှိသူများအား အခြားဒေသသို့ အချိန်မီ ပို့ဆောင်နိုင်ရန်အတွက် ပျက်စီးသွားသည့် သယ်ယူပို့ဆောင်ရေးစနစ်များနေရာတွင် အခြားနည်းလမ်းများ အစားထိုးဆောင်ရွက်ရန် လိုအပ်ပါသည်။ အပျက်အစီးများအား ရှင်းလင်းဖယ်ရှားရန်အတွက် ပစ္စည်းကိရိယာများ လုံလောက်မှုမရှိပါက ကြိုတင်ညှိနှိုင်းထားသည့်အတိုင်း အခြားအရင်းအမြစ်များထံမှ ရယူမည် ဖြစ်ပါသည်။ ငလျင်၏ နောက်ဆက်တွဲအနေဖြင့် မီးလောင်ခြင်း ဖြစ်ပွားနိုင်သည့်အတွက် မီးငြိမ်းသတ်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် အသင့်ပြင်ဆင်ထားရပါမည်။

## ၄.၂။ တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း

ဘေးအန္တရာယ်ကျရောက်ရာဒေသအဖြစ် ကြေညာရသည့် အင်အားပြင်း ငလျင်ကြီးတစ်ခု လှုပ်ခတ်သောအခါတွင် ငလျင်ဒဏ်သင့်ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ အခြားသော တိုင်းဒေသကြီး/ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များ၊ စစ်ဘက်ဆိုင်ရာ၊ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ အရှေ့တောင်အာရှနိုင်ငံများအသင်းတို့အကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုများ လိုအပ်လာပါလိမ့်မည်။ အခြားသော တိုင်းဒေသကြီး/ပြည်နယ်များ (သို့မဟုတ်) လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်များမှ ရရှိနိုင်သော အကူအညီအထောက်အပံ့များဖြင့် တိုင်းဒေသကြီး၏ အရင်းအမြစ်ကွာဟချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်ပါလိမ့်မည်။ လုပ်ငန်းများထပ်ခြင်းကို ရှောင်ရှားကာ ဆောလျင်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့်အမှန်တကယ်ဖြည့်ဆည်းပေးရန်လိုအပ်နေသောနေရာများတွင်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် တုံ့ပြန်ဆောင်ရွက်မှု၏ အဆင့်တိုင်းတွင် ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် အလွန်အရေးကြီးပါသည်။

### ၄.၂.၁။ ရန်ကုန်တိုင်းဒေသကြီးအဆင့် အစီအမံများ/စီစဉ်ဆောင်ရွက်မှုများ

တိုင်းဒေသကြီးရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သည် နိုင်ငံတော်အဆင့်မှ စေလွှတ်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ ရောက်ရှိမလာမီအထိ ဝန်ကြီးချုပ်၏လမ်းညွှန်မှုဖြင့် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ရပါမည်။ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား လုပ်ငန်းကော်မတီတွင် ပါဝင်သည့် သက်ဆိုင်ရာဌာနများအလိုက် ညှိနှိုင်း၍ အစီရင်ခံစာများပြုစုကာ တိုင်းဒေသကြီး သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့မှတစ်ဆင့် အမျိုးသားကော်မတီဥက္ကဋ္ဌသို့ အစီရင်ခံတင်ပြပါမည်။ တုံ့ပြန်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့်အရင်းအမြစ်များအား သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ ချိတ်ဆက်ဆောင်ရွက်ပါမည်။

### ၄.၂.၂။ နိုင်ငံတော်အဆင့်နှင့် ရန်ကုန်တိုင်းဒေသကြီးအကြား ညှိနှိုင်းဆောင်ရွက်ခြင်း

အင်အားပြင်းငလျင်ကြီးလှုပ်ပြီး ဆုံးရှုံးမှုများပြား၍ နိုင်ငံတော်အဆင့်မှ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသဖြစ်ကြောင်း ကြေညာပါက နိုင်ငံတော်အဆင့်မှ ဘေးအန္တရာယ်ကျရောက်သောဒေသသို့ စေလွှတ်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့နှင့်အတူ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အဖွဲ့များမှ ချိတ်ဆက်ညှိနှိုင်း၍ တုံ့ပြန်မှုလုပ်ငန်းများဆောင်ရွက်ပါမည်။ ဝန်ကြီးချုပ် ဦးဆောင်သည့် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ တိုင်းဒေသကြီးလုပ်ငန်းကော်မတီများ၏ တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား အမျိုးသားကော်မတီထံသို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံရပါမည်။ ထို့ပြင် တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့်အကူအညီများ တောင်းခံခြင်းနှင့် ဦးစားပေး လုပ်ငန်းများသတ်မှတ်ခြင်းတို့အား အမျိုးသားအဆင့် လုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ပါမည်။

### ၄.၂.၃။ ရန်ကုန်တိုင်းဒေသကြီးနှင့် အခြား တိုင်းဒေသကြီး/ပြည်နယ်များ ညှိနှိုင်းဆောင်ရွက်ခြင်း

ပျက်စီးဆုံးရှုံးမှု များပြားသည့် ငလျင်ဖြစ်ပေါ်ပါက တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးမှ ပိုင်ဆိုင်ထားသော အရင်းအမြစ်များဖြင့် မလုံလောက်သဖြင့် ပြင်ပမှအကူအညီများကို ရယူရန် လိုအပ်လေ့ရှိပါသည်။ ထိုသို့ လိုအပ်ပါက တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ အခြား တိုင်းဒေသကြီး/ပြည်နယ်များဖြင့် ညှိနှိုင်း၍ လိုအပ်သည့်ကူညီထောက်ပံ့မှုများအား ရယူရပါမည်။ ဥပမာ အားဖြင့် ရှာဖွေကယ်ဆယ်ရေး၊ လုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မည့်သူများ၊ ခိုလှုံရာနေရာများ၊ ထိခိုက်ဒဏ်ရာရသူများအတွက် ဆေးရုံ၊ ဆေးပေးခန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုစခန်းများ ထိခိုက်ပျက်စီးသွားခြင်းကြောင့် လူနာများအား အခြားနေရာများသို့ ရွှေ့ပြောင်းရန် လိုအပ်ခြင်း၊ ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရန်အတွက် ယာဉ်များလိုအပ်ခြင်းစသည့် လိုအပ်ချက်များကို ရန်ကုန်တိုင်းဒေသကြီးနှင့် နယ်နိမိတ်ချင်းထိစပ်နေသော တိုင်းဒေသကြီး/ပြည်နယ်များမှ အကူအညီများ ရယူပါမည်။

### ၄.၂.၄။ ရန်ကုန်တိုင်းဒေသကြီးနှင့် ပုဂ္ဂလိက ကဏ္ဍ ညှိနှိုင်းဆောင်ရွက်ခြင်း

တိုင်းဒေသကြီးအတွင်းတွင် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအား လွယ်ကူချောမွေ့စေမည့် အရေးကြီးသည့်ဝန်ဆောင်မှုများ၊ လေကြောင်းလိုင်းများ၊ မီဒီယာဌာနများ၊ စက်ယန္တရားကြီးများကို ပိုင်ဆိုင်သည့်၊ ဆောင်ရွက်နေသည့် ပုဂ္ဂလိကကုမ္ပဏီအချို့ ရှိပါသည်။ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်သူများနှင့် ဘေးဒဏ်သင့်သူများကို သယ်ယူပို့ဆောင်ရန် လေကြောင်းလိုင်းများအား အသုံးပြုနိုင်ပါသည်။ မီဒီယာများကို အသုံးပြုကာ သင့်လျော်သည့် သတင်းအချက်အလက်များကို ပြည်သူလူထုသိရှိစေရန် ထုတ်ပြန်ပေးခြင်း၊

အရေးပေါ် ဖုန်းလိုင်းများထားရှိပေးခြင်းတို့အား ပြုလုပ်ပေးနိုင်ပါသည်။ အပျက်အစီးများအား ရှင်းလင်းရန် (သို့မဟုတ်) ပြိုပျက်နေသော အဆောက်အအုံများအား ဖြိုချရန် စက်ယန္တရားကြီးများအား ပုဂ္ဂလိကအဖွဲ့အစည်းများမှ ရယူအသုံးပြုနိုင်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သည် ကြိုတင်ပြင်ဆင်ရေးအဆင့်တွင် သတ်မှတ်ဖော်ထုတ်ထားပြီးဖြစ်သော ပုဂ္ဂလိက၊ လုပ်ငန်းရှင်များထံမှ အကူအညီများ တောင်းခံရပါမည်။ ကြိုတင်ပြင်ဆင်ရေးအဆင့်တွင် စက်ကိရိယာပစ္စည်းများ အသုံးပြုရေးအတွက် သဘောတူညီထားမှုများသည် အသက်ဝင်လာမည် ဖြစ်ပါသည်။ ထိုကဲ့သို့ သဘောတူညီထားမှုများ မရှိခဲ့ပါက ပစ္စည်းကိရိယာများ (သို့မဟုတ်) ဝန်ဆောင်မှုများကို အသုံးပြုခွင့်ရရန် ညှိနှိုင်းမှုများအား တုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်နေသည့်အချိန်တွင် ပြုလုပ်ရပါမည်။ ပစ္စည်းကိရိယာများ(သို့မဟုတ်)ဝန်ဆောင်မှုများအား အသုံးပြုရန်အတွက် ကုန်ကျစရိတ်များအားပေးချေရန် လိုအပ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး လုပ်ငန်းကော်မတီများမှတစ်ဆင့် အမျိုးသားအဆင့် လုပ်ငန်းကော်မတီများထံသို့ တင်ပြ၍ ခွင့်ပြုချက်ရယူရပါမည်။

### ၄.၂.၅။ ရန်ကုန်တိုင်းဒေသကြီးနှင့် လူမှုအဖွဲ့အစည်းများ/အစိုးရမဟုတ်သော အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ခြင်း။

လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် တာဝန်ခံပုဂ္ဂိုလ်တစ်ဦးကို ခန့်အပ်လျက် အဆိုပါပုဂ္ဂိုလ်မှ ရှာဖွေကယ်ဆယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းစသည့် ၄င်းတို့ ပါဝင်ဆောင်ရွက်လိုသော တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများအလိုက် အမျိုးသားကော်မတီသို့တင်ပြ၍ ခွင့်ပြုချက်တောင်းခံရပါမည်။ ခွင့်ပြုချက်ရရှိပြီးနောက် ဘေးအန္တရာယ်ကျရောက်သည့် ဒေသရှိ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်၍ တုံ့ပြန်ရေးလုပ်ငန်းများတွင် ညှိနှိုင်းပါဝင်ဆောင်ရွက်နိုင်သည်။

### ၄.၂.၆။ အရပ်ဖက် စစ်ဖက် ပူးပေါင်းဆောင်ရွက်မှု

ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် အပျက်အစီးများရှင်းလင်းရာ၌ လိုအပ်သည့် မြေတူးစက်များ၊ ကရိန်းများ စသည့် အကြီးစားစက်ယန္တရားများအား တပ်မတော်မှ ပံ့ပိုးကူညီပေးရန် ဆက်သွယ်ဆောင်ရွက်ရပါမည်။ ထို့ပြင် အဆိုပါစက်ပစ္စည်းများကို ကိုင်တွယ်မောင်းနှင်ရန် လိုအပ်သည့် ကျွမ်းကျင်သူများ၊ အနံ့ခံခွေးများ အသုံးပြု၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ဆောင်ရွက်ပေးမည့် တပ်မတော်ဆေးတပ်ဖွဲ့များစသည့် ကူညီထောက်ပံ့မှုများအားလည်း ညှိနှိုင်းရယူပါမည်။ အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် လိုအပ်သည်များကို ဘေးအန္တရာယ်ကျရောက်သည့် ဒေသရှိ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။

### ၄.၂.၇။ ရန်ကုန်တိုင်းဒေသကြီးနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် နှစ်နိုင်ငံအကြားဖွဲ့စည်းထားသော အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ခြင်း။

အင်အားပြင်းလျှင်ဖြစ်ပါက နိုင်ငံအတွင်းရှိ အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အရင်းအမြစ်များ လုံလောက်မှုမရှိပါက အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် နှစ်နိုင်ငံအကြားဖွဲ့စည်းထားသော အဖွဲ့အစည်းများထံမှ ကူညီထောက်ပံ့မှုများအား ရယူရန်လိုအပ်ပါသည်။ သို့သော် အဆိုပါ ကူညီထောက်ပံ့မှုများကို အမျိုးသားကော်မတီ၏ လုပ်ငန်းကော်မတီများမှတစ်ဆင့် ဆက်သွယ်ရယူရပါမည်။ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများ၏ ပြည်ဝင်ခွင့်ဗီဇာနှင့် လုံခြုံရေးအရ ဆောင်ရွက်ရမည့်ကိစ္စရပ်များတွင်

နိုင်ငံတကာဆက်သွယ်ရေး လုပ်ငန်းကော်မတီမှ တစ်ဆင့်ရယူပြီးနောက် အဆိုပါစေတနာ့ဝန်ထမ်းများမှ ဘေးအန္တရာယ်ကျရောက်သည့်ဒေသများ၌ တုံ့ပြန်ရေးလုပ်ငန်းများအား ဆောင်ရွက်ပါမည်။ ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုများပေးရာတွင်လည်း အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများသို့ ဆက်သွယ်ညှိနှိုင်းကာ ဘေးအန္တရာယ်ကျရောက်သည့်ဒေသသို့ ပေးပို့ပါမည်။ အဆိုပါ ကူညီထောက်ပံ့ဆောင်ရွက်မှုများအား မှတ်တမ်းထားရှိပြီး တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ အမျိုးသားကော်မတီသို့ အစီရင်ခံ တင်ပြပါမည်။

## ၄.၃။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း

ငလျင်ဘေးအန္တရာယ်စတင်ကျရောက်သည့် အချိန်မှစ၍ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တူညီမှုမရှိစေရန်နှင့် ဘေးသင့်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စောင့်ကြည့်လေ့လာခြင်းများ ဆောင်ရွက်ရပါမည်။ လုပ်ငန်းကော်မတီအသီးသီးသည် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၄င်းတို့၏ သီးခြားလိုအပ်ချက်များအား ရရှိနိုင်ရန်အတွက် အခြားလုပ်ငန်းကော်မတီများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါသည်။ လုပ်ငန်းကော်မတီအစည်းအဝေးကို လိုအပ်ပါက နေ့စဉ်ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးတွင် လုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌများမှ အထူးအလေးပေး ဆောင်ရွက်ရန်လိုအပ်သည့် ကွာဟချက်များနှင့် ဘေးအန္တရာယ်ကျရောက်သည့်ဒေသများအတွက် ၄င်းတို့မှ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေအကျဉ်းချုပ်ကို တင်ပြရန်ဖြစ်ပါသည်။ ထို့ပြင် အဆိုပါတုံ့ပြန်ရေး ဆောင်ရွက်မှုအခြေအနေများအား တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌမှ အမျိုးသားကော်မတီထံသို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြရပါမည်။ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်း ဆောင်ရွက်ပြီးနောက် ပုံမှန်အားဖြင့် (၇၂) နာရီ ကြာမြင့်ပြီးနောက်တွင် အကဲဖြတ်ခြင်းနှင့် အသေးစိတ်လေ့လာဆန်းစစ်မှုကို ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါသည်။ လေ့လာဆန်းစစ်မှုလုပ်ငန်းကို လုပ်ငန်းကော်မတီတစ်ခုစီမှ ဥက္ကဋ္ဌများ၏ ဦးဆောင်မှုဖြင့် လေ့လာဆန်းစစ်မှုပုံစံအားအသုံးပြု၍ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ လုပ်ငန်းကော်မတီအသီးသီး အနေဖြင့်လည်း လေ့လာဆန်းစစ်မှုပုံစံအားအသင့်ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။ ထို့နောက်လေ့လာဆန်းစစ်မှု ရလာဒ်များကို ပြုစု၍ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌမှ အမျိုးသားကော်မတီထံသို့ အစီရင်ခံတင်ပြရပါမည်။

# အခန်း (၅) သတင်းအချက်အလက် စီမံခန့်ခွဲခြင်း

ငလျင်တစ်ခုဖြစ်ပွားပြီးနောက်ပိုင်း ဆောင်ရွက်ရမည့် သတင်းအချက်အလက် စီမံခန့်ခွဲမှုတွင် အချက်အလက် စုဆောင်းခြင်း၊ လေ့လာဆန်းစစ်ခြင်း၊ ဖြစ်ရပ်နှင့်ပတ်သက်သည့် နောက်ဆုံးအခြေအနေများအား အများပြည်သူထံသို့ အသိပေးခြင်းများ ပါဝင်ပါသည်။ အဆိုပါ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်တွင် အောက်ခြေမှ အထက်သို့၊ အထက်မှအောက်ခြေသို့ ဆက်သွယ်နိုင်မည့် အစီအစဉ်များအား ငလျင်မလှုပ်မီ ကြိုတင်၍စီစဉ်ထားရန် လိုအပ်ပါသည်။ သတင်းအချက်အလက်စုဆောင်းမှု နည်းစနစ်မျှဝေခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ လမ်းညွှန်များ ရှိနေရမည်ဖြစ်ပြီး ယင်းတို့အား တုံ့ပြန်ဆောင်ရွက်ရေးတွင် ပါဝင်လုပ်ဆောင်သူများ အားလုံး နားလည်သိရှိထားရပါမည်။

## ၅.၁။ လိုအပ်သည့် သတင်းအချက်အလက်များ

ငလျင်လှုပ်ပြီးနောက် အဓိကလိုအပ်သည့် သတင်းအချက်အလက်များတွင် အောက်ပါအချက်များပါဝင်ပါသည်။ ၎င်းအပြင် အခြေအနေအရ လိုအပ်ပါက အခြားသတင်းအချက်အလက်များလည်း ဖြည့်စွက်နိုင်ပါသည်။

(က) နိုင်ငံတော်အဆင့် ဆောင်ရွက်မှုအတွက် ဥပဒေအရ ကြေညာချက်များ ထုတ်ပြန်မှုအခြေအနေ။

(ခ) ဘေးသင့်ဒေသ၏တည်နေရာ၊ ဆောင်ရွက်ပေးနိုင်မှုနှင့် စေလွှတ်ထားသည့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများ အရေအတွက်။

(ဂ) ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ (မာကယ်လီစကေး)နှင့် အခြားရရှိနိုင်သော ဆက်စပ်မြေပုံ။

(ဃ) လူဦးရေဆိုင်ရာအချက်အလက်များ (တစ်ဦးချင်း နေရပ်စွန့်ခွာရမှု၊ ဘေးလွတ်ရာသို့ ကိုယ်တိုင် ရွှေ့ပြောင်းလာသူများ၊ ထိခိုက်မှု၊ ပျောက်ဆုံးမှုနှင့် သေဆုံးမှုအပါအဝင်) နှင့် အထူးအကူအညီများ လိုအပ်သည့် လူဦးရေဆိုင်ရာ အချက်အလက်များ။

(င) ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမည့်အစီအစဉ်များ၊ အချိန်ဇယားများနှင့် ညွှန်ကြားချက်များ (ဆေးရုံများ နှင့် ဘိုးဘွားရိပ်သာများ အပါအဝင်စသည့် အဓိကကျသော အခြေခံအဆောက်အအုံများ)။

(စ) စက်ကိရိယာများ၊ ကုန်ပစ္စည်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မည့်သူများ အပါအဝင် နိုင်ငံတော်အဆင့်/တိုင်းဒေသကြီး/ပြည်နယ်များမှ ပေးပို့လာမည့် အကူအညီများအား တောင်းခံမှု။

(ဆ) နိုင်ငံတော်အဆင့်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များ၏ ဦးစားပေးအစီအစဉ်များ သတ်မှတ်ခြင်း။

(ဇ) ငလျင်ကြောင့် နောက်ဆက်တွဲဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များဖြစ်သည့် မီးလောင်ခြင်း၊ ဆည်ကျိုးပေါက်ခြင်း၊ မြေပြိုခြင်းအစရှိသည့် ကိစ္စရပ်များအား တုန့်ပြန်နိုင်မှု အခြေအနေ။

(ဈ) အရေးကြီးအဆောက်အအုံများ၊ ဆိပ်ကမ်းများ၊ လေယာဉ်ကွင်းများ၊ အစိုးရရုံးစိုက်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးမှုအခြေအနေ။

(ည) တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဓာတုဗေဒဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဘေးအန္တရာယ်များ ဖြစ်နိုင်ခြေများ။

(ဋ) ကယ်ဆယ်ရေးစခန်းများ၊ ကွင်းပြင်ကျယ်များနှင့် ပစ္စည်းထောက်ပံ့မှု အခြေအနေ။

(ဌ) နေအိမ်များ၊ ယာယီအိမ်ရာအစီအစဉ်များ၊ လျှပ်စစ်မီးပြန်လည် ရရှိမည့်အခြေအနေ၊ အစားအသောက် ဖြန့်ဝေခြင်းနှင့် ကယ်ဆယ်ရေးပစ္စည်းများ (ရေ၊ အဝတ်အစား) ဖြန့်ဝေမည့် အချိန်ဇယား၊ နေရာများနှင့် ပတ်သက်သည့်အချက်အလက်များ။

(၃) စီးပွားရေးအား အဓိကအကျိုးသက်ရောက်မှုရှိစေသည့် ဝန်ဆောင်မှုစနစ်များရပ်တန့်ခြင်းနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်းဆိုင်ရာ အချက်အလက်များ။

## ၅.၂။ သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် မျှဝေခြင်း

ငလျင်လှုပ်ပြီးနောက် ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် ပျက်စီးမှုအတိုင်းအတာများ သိရှိနိုင်ရေးအတွက် ကနဦးလေ့လာဆန်းစစ်မှုပုံစံအား အမျိုးသားကော်မတီမှ ကြိုတင်ပြင်ဆင်ထားပါမည်။ အဆိုပါ ကနဦးဆန်းစစ်လေ့လာမှုတွင် အဓိကအားဖြင့် တုံ့ပြန်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့်မေးခွန်းများ ပါဝင်မည်ဖြစ်ပါသည်။ လေ့လာဆန်းစစ်မှုများကို အမျိုးသားကော်မတီ၏ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီမှ ဦးစီး၍ ဘေးအန္တရာယ်ကျရောက်သည့်ဒေသရှိ သက်ဆိုင်ရာလုပ်ငန်းကော်မတီအသီးသီးနှင့် ဆောင်ရွက်ရန်ဖြစ်ပါသည်။ စုဆောင်းရရှိသည့် အချက်အလက်များအား သက်ဆိုင်ရာကဏ္ဍအလိုက် အမျိုးသားကော်မတီအောက်ရှိ လုပ်ငန်းကော်မတီအသီးသီးမှ သုံးသပ်သွားမည်ဖြစ်ပါသည်။ ကွင်းဆင်းလေ့လာမှုအားအခြေခံ၍ အမျိုးသားကော်မတီအတွင်းရေးမှူးရုံးမှ အစီရင်ခံစာအားပြုစုပြီး အမျိုးသားကော်မတီဥက္ကဋ္ဌထံသို့ တင်ပြပါမည်။ အစီရင်ခံစာသည် ပျက်စီးဆုံးရှုံးမှုပမာဏနှင့် အထူးအလေးထား ဆောင်ရွက်ရမည့် နယ်ပယ်များကို သိရှိစေရန်အတွက် ပေါင်းစပ်ပြုစုထားသည့် အစီရင်ခံစာပုံစံဖြင့် တင်ပြသွားရန်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတထံမှ အတည်ပြုချက်ရယူပြီးနောက် အဆိုပါတရားဝင်သတင်းအချက်အလက်များအား အများပြည်သူသိရှိစေနိုင်ရန် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီမှထုတ်ပြန်ကြေညာရပါမည်။ တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း နောက်ဆက်တွဲငလျင်ငယ်များနှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတများအား အများပြည်သူသိရှိစေရန် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီမှ နည်းလမ်းအမျိုးမျိုးဖြင့် ထုတ်လွှင့်ရပါမည်။ လိုအပ်ပါက ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် ရပ်ရွာလူထုအား စုစည်း၍ အသိပညာပေး ဟောပြောပွဲများအား ကျင်းပပါမည်။

ပြည်တွင်းမှ သုတေသနပညာရှင်များမှ တုံ့ပြန်ရေးလုပ်ငန်းအတွက် လိုအပ်ချက်များကို ဖော်ထုတ်ရာတွင်လည်းကောင်း၊ အခြားလုပ်ငန်းကော်မတီများသို့ အချက်အလက်များ မျှဝေပေးရာတွင်လည်းကောင်း ပံ့ပိုးကူညီမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။ ငလျင်ဘေးအန္တရာယ်အတွက် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း အများပြည်သူထံသို့ မတူညီသည့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းအား ရှောင်ရှားနိုင်ရန်အတွက် သတင်းနှင့်ပြန် ကြားရေးလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှ အတည်ပြုထားခြင်း မရှိသည့် သတင်းအချက်အလက်များအား ထုတ်ပြန်အတည်ပြုခြင်း မရှိစေရန်နှင့် ခွင့်ပြုချက်မရှိဘဲ သတင်းမှားဖြန့်ဝေသူအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ စိစစ်သွားရန် ဖြစ်သည်။

# အခန်း (၆) စီမံခန့်ခွဲမှု၊ အရင်းအမြစ်များနှင့် ရန်ပုံငွေများ

ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်သော စီမံခန့်ခွဲမှုစနစ်ရှိရမည်ဖြစ်ပါသည်။ လူစွမ်းအားအရင်းအမြစ်များ အပါအဝင် အခြားအရင်းအမြစ်များနှင့် ရန်ပုံငွေများအား အဆိုပါစနစ်များနှင့် စီမံချက်များအရ ဘေးသင့်ဒေသရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် သက်ဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းကော်မတီများမှ အမျိုးသားကော်မတီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ခွဲဝေသုံးစွဲရမည် ဖြစ်ပါသည်။

## ၆.၁။ စီမံခန့်ခွဲမှု

ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့ချနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန အလိုက် ငလျင်အပါအဝင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု စီမံချက်များအား ရေးဆွဲပြုစုပါမည်။ အဆိုပါစီမံချက်များ အား တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအား တင်ပြပြီးနောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားကော်မတီ သို့ တင်ပြရပါမည်။ အဆိုပါစီမံချက်များတွင် ငလျင်ဘေးအန္တရာယ် စီမံခန့်ခွဲမှုအတွက် သက်ဆိုင်ရာဌာန/ဦးစီးဌာန အလိုက် စီမံထားရှိမှုများ၊ မိမိတို့ဌာန/ဦးစီးဌာနအလိုက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများအတွက် လိုအပ်မည့်အရင်းအမြစ်များအား ဆန်းစစ်လေ့လာ ပြုစုထားသောစာရင်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရ မည့် လုပ်ငန်းတာဝန်များ၊ ငလျင်သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခန်း ဆောင်ရွက်ခြင်းနှင့် စီမံချက်အား ပြန်လည်သုံးသပ် ခြင်း၊ အကဲဖြတ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း စသည်တို့ ပါဝင်ရပါမည်။ ထို့ပြင် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘဏ္ဍာငွေလျာထားချက်များကို အဆိုပါစီမံချက်များတွင် ထည့်သွင်း ဖော်ပြရပါမည်။ အဆိုပါစီမံချက်များ ပြန်လည်သုံးသပ်ပြီးနောက် လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ခြင်းများကို အနည်းဆုံး နှစ်နှစ်တစ်ကြိမ် ဆောင်ရွက်ရပါမည်။

## ၆.၂။ အရင်းအမြစ်များ

ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်မည့် အရင်းအမြစ်များအား ဌာနအလိုက် စာရင်းပြုစုထားပြီး တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအား တင်ပြပြီးနောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့၏ ဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားကော်မတီသို့ တင်ပြရပါမည်။ အဆိုပါ အရင်းအမြစ်များစာရင်းအား ပြန်လည်သုံးသပ် ခြင်းနှင့် လိုအပ်ပါက ဖြည့်စွက်ပြင်ဆင်၍ အမျိုးသားကော်မတီသို့ ပြန်လည်တင်ပြရပါမည်။ အဆိုပါ အရင်းအမြစ်များတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်တွက် စွမ်းအားအရင်းအမြစ်များ၊ ပစ္စည်းများနှင့် ငွေကြေးဆိုင်ရာ အရင်း အမြစ်များစသည့် အပါအဝင် အခြားအရင်းအမြစ်များလည်း ပါဝင်ရပါမည်-

(က) **ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း။** မီးငြှိမ်းသတ်ရေးလုပ်ငန်းများနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ အား ဆောင်ရွက်မည့်သူများနှင့် ဘေးသင့်သူများအတွက် ယာယီခိုလှုံရာနေရာများ၊ ယာဉ်၊ ယန္တရား၊ ပစ္စည်းများနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းအတွက် အခြားလိုအပ်သည့် အရင်းအမြစ်များ။

(ခ) **လုံခြုံရေးလုပ်ငန်း။** ဘေးသင့်သူများနှင့် တုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်နေသူများအား လုံခြုံရေး စောင့်ရှောက်မှုများပေးမည့် လုံခြုံရေးဝန်ထမ်းများ။

(ဂ) **သယ်ယူပို့ဆောင်ရေးလုပ်ငန်း။** အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်မည့်သူများ၊ ဘေးကင်းရာသို့ ရွှေ့ပြောင်းလာသူများ၊ ဒဏ်ရာရရှိသူများနှင့် နေရပ်စွန့်ခွာလာသည့် ဒေသခံများအား ရွှေ့ပြောင်းရန်နှင့် ဆေးဝါးနှင့် အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ရန်အတွက် လိုအပ်သည့်ယာဉ်နှင့် လူနာတင်ယာဉ်များ၊ စက်သုံးဆီများ၊ လေဆိပ်များ၊ ရဟတ်ယာဉ်ဆင်းကွင်းများ၊ အပျက်အစီးများ ဖယ်ရှားခြင်း၊ ရှင်းလင်းခြင်း၊ သယ်ပို့ခြင်းနှင့် စွန့်ပစ်ခြင်းတို့အတွက် အကြီးစားစက်ပစ္စည်း ကိရိယာများနှင့် ၄င်းပစ္စည်းကိရိယာများအား ကိုင်တွယ်မောင်းနှင်သူများ။

(ဃ) **ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းလုပ်ငန်း။** အစိုးရ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းနှင့် ကျန်းမာရေး ဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများ (ဥပမာ ကြက်ခြေနီ၊ ရှေးဦးသူနာပြုအဖွဲ့စသည်) အရေးပေါ် အသက်ကယ်ကိရိယာများ၊ ဆရာဝန်များ၊ ဆေးဝါးကျွမ်းကျင်သူများ၊ စိတ်ကျန်းမာရေးအတွက် နှစ်သိမ့်ဆွေးနွေး အကြံပေးမည့်သူများ။

(င) **အခြေခံဝန်ဆောင်မှုများ။** လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားပါက ချက်ချင်းအစားထိုး အသုံးပြုနိုင်မည့်စနစ်များ (ဥပမာ-ဆိုလာစွမ်းအင်သုံး စနစ်များ)၊ ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်မှုများအတွက် အရေးပေါ်ဆက်သွယ်ရေးစနစ်များနှင့် လျှပ်စစ်ဓာတ်အားနှင့် ရေပေးဝေရေးစနစ်စသည်တို့ ပျက်ဆီးသွားပါက ပြန်လည်ပြုပြင်မည့်အဖွဲ့များ။

(စ) **ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ။** ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ သဏ္ဌာန်တူဖြတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများအပါအဝင် အခြားလူ့စွမ်းအား အရင်းအမြစ်များ၊ သင်ထောက်ကူပစ္စည်းများ၊ ငွေကြေးရန်ပုံငွေများ၊ အရေးပေါ်စီမံချက်များ။

(ဆ) **အထွေထွေ။** ငလျင်ဘေးသင့်ဒေသရှိ အဆောက်အအုံ ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် ပျက်စီးသွားသော အဆောက်အအုံများအား အန္တရာယ် ရှိ/မရှိ စစ်ဆေးအတည်ပြုမည့် အရည်အသွေးပြည့်မီသော အင်ဂျင်နီယာများ၊ သေဆုံးသူရုပ်အလောင်းများကို စနစ်တကျ စွန့်ပစ်ရန်နေရာများနှင့် ဝန်ထမ်းများနှင့် အခြားလိုအပ်သည့် အရင်းအမြစ်များ။

တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ဝင်များအနေဖြင့် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်အရင်းအမြစ်များ လုံလောက်မှုမရှိပါက အမျိုးသားကော်မတီ အောက်ရှိ သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှတစ်ဆင့် ပြည်တွင်း/ပြည်ပမှ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ညှိနှိုင်း၍ ရယူအသုံးပြုရမည် ဖြစ်ပါသည်။

## ၆.၃။ ရန်ပုံငွေ

ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အစိုးရနှင့် အခြားသော ပေါင်းစပ်ပါဝင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများတွင် အောက်ဖော်ပြပါ ရန်ပုံငွေများနှင့် စီမံချက်များအပါအဝင် အခြားရန်ပုံငွေ ရရှိနိုင်သည့် နည်းလမ်းများ ရှိပါသည်။ အဆိုပါရန်ပုံငွေများ လုံလောက်မှုမရှိပါက ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှသော်လည်းကောင်း၊ ပြည်တွင်းပြည်ပမှ အလှူရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများအား အမျိုးသားကော်မတီမှတစ်ဆင့် ခွင့်ပြုရယူသုံးစွဲနိုင်ပါသည်။

### ၆.၃.၁။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေ

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) အရ တုံ့ပြန်ရေးလုပ်ငန်းများ ပါဝင်သည့်

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်အတွက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သည် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေကို ထူထောင်ခွင့်ရှိပါသည်။ ရန်ပုံငွေတွင် နိုင်ငံတော်အဆင့် ရန်ပုံငွေမှ ခွဲဝေရရှိမှုများ၊ ပြည်ပနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အလှူရှင်များ၏ လှူဒါန်းမှုများ၊ ပြည်တွင်း/ပြည်ပနှင့် အခြားအရင်းအမြစ်များမှ ချေးငွေများ ပါဝင်ပါသည်။ ယင်းအန္တရာယ်ကျရောက်ပါက အဆိုပါရန်ပုံငွေများအား အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက် ထုတ်ယူသုံးစွဲသွားရန် ဖြစ်ပါသည်။

### ၆.၃.၂။ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အရေးပေါ်အခြေအနေ တုံ့ပြန်ရေးလုပ်ငန်းဆိုင်ရာ ဗဟိုရန်ပုံငွေ

ကနဦးလေ့လာဆန်းစစ်မှုတွင် ပါရှိသော သတင်းအချက်အလက်များအရ အဆိုပြုလွှာတင်ပြမှုအပေါ်မူတည်ပြီး ကုလသမဂ္ဂဦးဆောင်သော လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့၏ အရေးပေါ်အခြေအနေ တုံ့ပြန်ရေးလုပ်ငန်းဆိုင်ရာ ဗဟိုရန်ပုံငွေ (Central Emergency Response Fund-CERF) အား ရရှိအသုံးပြုနိုင်မည်ဖြစ်ပါသည်။ အဆိုပါရန်ပုံငွေအား သောက်သုံးရေ၊ စားနပ်ရိက္ခာနှင့် ခိုလှုံရာနေရာများ ဖြည့်ဆည်းပေးခြင်းနှင့် အပျက်အစီးများ ရှင်းလင်းခြင်းစသည့် လုပ်ငန်းများအတွက် အသုံးပြုရန်ဖြစ်ပါသည်။ ထို့အပြင် လေ့လာဆန်းစစ်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(ရုံးချုပ်)၏ အရေးပေါ်အခြေအနေများအတွက် တုံ့ပြန်ရေးယူနစ်မှတစ်ဆင့် အဆိုပြုလွှာတင်၍ ရန်ပုံငွေများလည်းလျှောက်ထားနိုင်ပါသည်။ အဆိုပါရန်ပုံငွေအား ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမျိုးသားကော်မတီမှတစ်ဆင့် ခွင့်ပြုချက်ရယူသုံးစွဲပါမည်။

### ၆.၃.၃။ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ နှစ်အလိုက်အရေးပေါ်စီမံချက်

နှစ်အလိုက်အရေးပေါ်စီမံချက်များသည် ငွေကြေးနှင့် ပတ်သက်သည့် အခန်းကဏ္ဍများ ပါဝင်မှုမရှိသော်လည်း အများအားဖြင့် ဘေးအန္တရာယ်တစ်ခုကျရောက်ပါက လုပ်ဆောင်ရန် လိုအပ်သည့်အရာများအား ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်ပါသည်။ ကုလသမဂ္ဂဦးဆောင်သော လူသားချင်း စာနာမှုဆိုင်ရာအဖွဲ့တွင် အစိုးရအား ထောက်ပံ့ပေးရန်အတွက် အရေးပေါ်အခြေအနေတွင် လိုအပ်မည့် ပစ္စည်းများရှိသော်လည်း များသောအားဖြင့် အဆိုပါပစ္စည်းများမှာ လုံလောက်မှုမရှိဘဲ ယင်းကဲ့သို့သော အင်အားကြီးမားသော ဘေးအန္တရာယ်များတွေ့ကြုံရပါက ထပ်မံလိုအပ်သည့်ပစ္စည်းများကို ခွဲဝေအသုံးပြုရန် လိုအပ်ပါသည်။ အဆိုပါ ကူညီထောက်ပံ့မှုများအား ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမျိုးသားကော်မတီမှတစ်ဆင့် ခွင့်ပြုချက်ရယူသုံးစွဲပါမည်။

### ၆.၃.၄။ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူငွေများ

ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အလှူရှင်များသည် ကူညီထောက်ပံ့မှုများ ပေးအပ်ခြင်း မပြုမီ အကူအညီပေးအပ်ရန်အတွက် ဘေးအန္တရာယ်ကျရောက်သည့်ဒေသ၏ လိုအပ်ချက်များကို ကြိုတင်သိလိုကြပါသည်။ အမျိုးသားကော်မတီ၏ သက်ဆိုင်ရာလုပ်ငန်း ကော်မတီအသီးသီးအနေဖြင့် ယင်းကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေ၊ အစိုးရမှ ကူညီဆောင်ရွက်ပေးထားမှုနှင့် မိတ်ဖက် အဖွဲ့အစည်းများမှ ပေးအပ်ထားသည့် အကူအညီများ၊ အကူအညီပေးအပ်ရန် လိုအပ်လျက်ရှိသည့်နေရာနှင့် လိုအပ်သည့်အကူအညီများကို ခန့်မှန်းကုန်ကျစရိတ်ဖြင့် ထည့်သွင်းဖော်ပြထားသည့် အစီရင်ခံစာအား ပြုစုရပါမည်။ အဆိုပါအစီရင်ခံစာအား အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ဖြင့် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီတို့သည် ယင်းဘေးအန္တရာယ်ဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုအခြေအနေနှင့် အကူအညီလိုအပ်မှု

များအား သတင်းထုတ်ပြန်ခြင်း၊ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့်အလှူရှင်များသို့ အသိပေးလျက် အကူအညီတောင်းခံခြင်းတို့ကို ဆောင်ရွက်ပါမည်။ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သည် အဆိုပါ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှရရှိသည့် ရန်ပုံငွေများအား အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ဖြင့် ရယူသုံးစွဲပါမည်။

### ၆.၃.၅။ ပုဂ္ဂလိက ကဏ္ဍမှ အလှူငွေများ

ပုဂ္ဂလိကကဏ္ဍသည် ဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် တုံ့ပြန်မှုလုပ်ငန်းများအတွက် ငွေကြေးဆိုင်ရာနှင့် အခြားပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ပါသည်။ ငွေကြေးဆိုင်ရာလိုအပ်ချက်များကို တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ စာရင်းပြုစု၍ အမျိုးသားကော်မတီ၏ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီမှတစ်ဆင့် အမျိုးသားကော်မတီသို့ တင်ပြပါမည်။ အမျိုးသားကော်မတီ၏ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကကဏ္ဍမှ ရန်ပုံငွေပံ့ပိုးမှုများကို အသုံးပြု၍ တုံ့ပြန်ရေးလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါရန်ပုံငွေ အသုံးစရိတ်များ စာရင်းရှင်းတမ်းများအားပြုစု၍ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သို့ ပေးပို့ပြီးနောက် အမျိုးသားကော်မတီ၏ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီသို့ ပြန်လည်တင်ပြပါမည်။

# အခန်း (၇) ပြန်လည်ထူထောင်ရေးအဆင့်သို့ ကူးပြောင်းခြင်း

ငလျင်ဘေးအန္တရာယ်ကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်မှုမှာ ပြည်သူလူထု၏အသက်များအား ကယ်ဆယ်ရေး၊ ဘေးသင့်သူများအတွက် လိုအပ်သည့်အကူအညီများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြေအနေတည်ငြိမ်မှု ရှိလာစေရေး တို့ကို ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ အချိန်ကာလတစ်ခုရောက်သည့်အခါ အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်မှုအား ပြန်လည်ထူထောင်ရေးအဆင့်သို့ ကူးပြောင်းရန်ဖြစ်ပါသည်။ အိမ်ရာများ၊ စီးပွားရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးမှု၊ ပြည်သူလူထုထံ တိုက်ရိုက်သက်ရောက်မှုများနှင့် ဒေသ၏စီးပွားရေးအပေါ် သက်ရောက်မှု အခြေအနေပေါ်မူတည်၍ ငလျင်ဘေးဒဏ်မှ အပြည့်အဝ ပြန်လည်ထူထောင်မှုလုပ်ငန်းများမှာ နှစ်ချီ ကြာမြင့်မည် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ လူထု၏ယုံကြည်ချက်များ ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို လျင်မြန်စွာစတင်ရန် လိုအပ်ပါသည်။

ငလျင်ဘေးအန္တရာယ်ကျရောက်ရာဒေသတွင် အောက်ဖော်ပြပါ အခြေအနေများသို့ ရောက်ရှိပါက တုံ့ပြန် ရေးလုပ်ငန်းများမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းသို့ ကူးပြောင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က) ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းလုပ်ငန်းများ ပြီးဆုံးခြင်း။

(ခ) တုံ့ပြန်မှုလုပ်ငန်းများအတွက် ပေးအပ်ထားသည့် အထောက်အပံ့ပစ္စည်းများအား ဖြန့်ဝေမှုပြီးဆုံးခြင်း။

(ဂ) ကာကွယ်စောင့်ရှောက်ရေးနှင့် ကယ်ဆယ်ရေးစခန်းလည်ပတ်မှုများ တည်ငြိမ်မှုရှိခြင်းနှင့် ကယ်ဆယ်ရေး စခန်းရှိ လူဦးရေမှာ နေ့စဉ်လျော့နည်းလာခြင်း။

(ဃ) နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခတ်မှု အကြိမ်အရေအတွက် နည်းပါးလာပြီး အဆိုပါ ငလျင်ငယ် များကြောင့် လူနှင့်ပစ္စည်းဥစ္စာများအပေါ် ထိခိုက်ဆုံးရှုံးမှုအဆင့် အနည်းဆုံးအဆင့်အထိ လျော့ကျ သွားခြင်း။

(င) အများပြည်သူအား ဝန်ဆောင်မှုပေးနေသည့်လုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည် ပြင်ဆင်မှု များ ဆောင်ရွက်ပေးခြင်း။

(စ) ဘေးသင့်ဒေသရှိ အကူအညီပေးရေးဌာနများမှ လုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိခြင်း။

အဆိုပါအခြေအနေတွင် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား အဆင့်တစ်ခုအထိ လျော့ချရန် စဉ်းစား ခြင်း (သို့မဟုတ်) ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖြစ် ပြောင်းလဲခြင်းကို (၇၂) နာရီမှ (၇) ရက်အတွင်း ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။ အမျိုးသားကော်မတီဥက္ကဋ္ဌသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတွင် ပြဋ္ဌာန်းထား သည့်အတိုင်း အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကိုရပ်နားပြီးနောက် ပြန်လည်ထူထောင်ရေးအဆင့်သို့ ပြောင်းလဲသတ် မှတ်ကြောင်း တရားဝင်ကြေညာချက် ထုတ်ပြန်ရမည်ဖြစ်သည်။ အမျိုးသားကော်မတီအောက်ရှိ ပြန်လည်ထူထောင်ရေး နှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုအဖွဲ့အနေဖြင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် အခြားဆက်စပ်ပါဝင်သူများနှင့် ပူးပေါင်း၍ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

## နောက်ဆက်တွဲ (က)

# အရေးပေါ်အခြေအနေအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ

(က) **ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း။** ထိခိုက်ဒဏ်ရာရရှိသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ ဒဏ်ရာရသူများအား ကျန်းမာရေး စောင့်ရှောက်မှု ရရှိစေရန် ပို့ဆောင်ပေးခြင်း၊ အဆောက်အအုံပြိုကျခြင်းကြောင့် ပိတ်မိနေသူများအား ကယ်တင်ခြင်း။

(ခ) **လုံခြုံရေးလုပ်ငန်း။** အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် ဘေးသင့်သူများအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခြင်း၊ ဘေးသင့်သူများ၏ ပိုင်ဆိုင်မှုများအား ခိုးယူလုယက်မှုမရှိစေရန် စောင့်ရှောက်ပေးခြင်း၊ အန္တရာယ်ရှိသော အဆောက်အအုံများအတွင်းသို့ လူအများ ဝင်ရောက်မှုမရှိစေခြင်း၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အနှောင့်အယှက် ဖြစ်စေနိုင်သည့် လူစုဝေးခြင်းများ မရှိစေရန် ဆောင်ရွက်ခြင်း။

(ဂ) **သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း။** အရေးပေါ်အခြေအနေနှင့်တကွ တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ပြည်တွင်း/ပြည်ပမှ သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ တရားဝင်လမ်းညွှန် ခွင့်ပြုချက်များအရ စဉ်ဆက်မပြတ်သတင်းပေးပို့ခြင်း၊ ငလျင်နှင့်သက်ဆိုင်သည့် ဆောင်ရန်ရှောင်ရန်များနှင့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများအား အများပြည်သူမှ သိရှိစေရန်အတွက် သင့်လျော်သည့်နည်းလမ်းများဖြင့် အသိပညာပေးခြင်း။

(ဃ) **ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်း။** ဒဏ်ရာရရှိသူများကို အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြားဒေသရှိ ဆေးရုံသို့ အရေးပေါ်ရွှေ့ပြောင်းရန် လိုအပ်သူများအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ သေဆုံးသူရုပ်အလောင်းများအား စနစ်တကျစွန့်ပစ်ရန် ဆောင်ရွက်ခြင်း၊ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပစ္စည်းကိရိယာများ၊ ဆေးဝါးများ လုံလောက်မှုမရှိပါက ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စိတ်ဒဏ်ရာရရှိသူများအား နှစ်သိမ့်ဆွေးနွေးပေးခြင်း။

(င) **သယ်ယူပို့ဆောင်ရေးလုပ်ငန်း။** အသုံးပြုနိုင်သော အခြေအနေမရှိပါက သယ်ယူပို့ဆောင်ရေးစနစ်နှင့် လမ်း၊ တံတား စသည်တို့ ပျက်စီးမှုအခြေအနေများကို စောင့်ကြည့်လေ့လာတင်ပြခြင်း၊ အခြားအသုံးပြုနိုင်မည့်စနစ်နှင့် ယာယီအသုံးပြုနိုင်မည့် လမ်းကြောင်းများအား သတ်မှတ်ပေးခြင်း၊ လေကြောင်း၊ ရေကြောင်းနှင့် ကုန်းလမ်းမှတစ်ဆင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများအား စီမံခန့်ခွဲခြင်း၊ လိုအပ်ပါက ပျက်စီးသွားသော သယ်ယူပို့ဆောင်ရေးစနစ်များ ပြန်လည်တည်ဆောက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း။

(စ) **ဆက်သွယ်ရေးလုပ်ငန်း။** ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ပျက်စီးသွားပါက အစားထိုးစနစ်များ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ဘေးအန္တရာယ် ကျရောက်သည့်ဒေသတွင် တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေသူများ လိုအပ်သည့် သတင်းအချက်အလက်များ (ဥပမာ ဘေးသင့်သူများ၏ လိုအပ်ချက်များ၊ အထူးကူညီစောင့်ရှောက်မှု လိုအပ်သူရှိသည့် နေရာ၊ ထောက်ပံ့ရေးပစ္စည်း ဝေငှနေမှုအခြေအနေ စသည့်ဖြင့်)ပံ့ပိုးပေးခြင်း။

(ဆ) **ထောက်ပံ့ရေးလုပ်ငန်း။** ဘေးသင့်သူများအတွက် လိုအပ်သည့်စားနပ်ရိက္ခာ အစရှိသည့် ထောက်ပံ့ရေးပစ္စည်းများ စီစဉ်ပို့ဆောင်ပေးခြင်း၊ တုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့် စက်ယန္တရားများ၊ စက်သုံးဆီ စသည်တို့အား ပံ့ပိုးပေးခြင်း၊ ဘေးသင့်သူများအတွက် အရေးပေါ်ခိုလှုံရာနေရာများ စီစဉ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစခန်းများ စီစဉ်ပေးခြင်း။

(ဇ) **ပျက်စီးဆုံးရှုံးမှုအချက်အလက်များ ကောက်ယူရေးလုပ်ငန်း။** ငလျင်ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် အခြေခံအဆောက်အအုံများနှင့် အခြေခံဝန်ဆောင်မှုပေးသည့် စနစ်များ၏ ထိခိုက်ပျက်စီးဆုံးရှုံးမှုများအား စာရင်းကောက်ယူခြင်း၊ အဆိုပါစာရင်းများအား စိစစ်ပြီးနောက် အမျိုးသားကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအား ဖြန့်ဝေခြင်း၊ လိုအပ်ပါက တုံ့ပြန်ရေးလုပ်ငန်းများ ထိရောက်မှုရှိစေရန်အတွက် လုပ်ငန်းကော်မတီအသီးသီး၏ စီမံချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း။

(ဈ) **မီးငြိမ်းသတ်ရေးလုပ်ငန်း။** ငလျင်လှုပ်ပြီးနောက် နောက်ဆက်တွဲအနေဖြင့် နေအိမ်များ၊ စက်ရုံ အလုပ်ရုံများတွင် မီးလောင်ခြင်းဖြစ်ပေါ်နိုင်သဖြင့် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား အသင့်ရှိနေစေခြင်း။

# နောက်ဆက်တွဲ (ခ)

## ပြင်းထန်သော ငလျင်ကြီးလှုပ်ပြီးနောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့နှင့် လုပ်ငန်းကော်မတီအသီးသီးမှ ဆောင်ရွက်ရမည့် တုံ့ပြန်ရေးနှင့်သက်ဆိုင်သည့် တာဝန်နှင့်ဝတ္တရားများ

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| **၁။ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့**<br><br>**ဥက္ကဋ္ဌ**<br>တိုင်းဒေသကြီးဝန်ကြီးချုပ်<br><br>**အတွင်းရေးမှူး**<br>အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့<br><br>**တွဲဖက်အတွင်းရေးမှူး**<br>တိုင်းဒေသကြီးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန | **(၂၄) နာရီအတွင်း**<br>၁-၁ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ အမျိုးသားကော်မတီသို့ ငလျင်နှင့်ပတ်သက်သည့် အခြေအနေအား အစီရင်ခံတင်ပြပါမည်။<br>၁-၂ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌမှ ကော်မတီဝင်များအား ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေနှင့် တုံ့ပြန်ရေးလုပ်ငန်းများအား ဆွေးနွေးရန် အစည်းအဝေး ခေါ်ယူပါမည်။<br>၁-၃ တုံ့ပြန်ရေးလုပ်ငန်းများအား ညှိနှိုင်းဆောင်ရွက်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အရေးပေါ်ကွပ်ကဲရေးရုံးအား ဖွင့်လှစ်ပါမည်။<br>၁-၄ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်နှင့်ဝတ္တရားများ သိရှိထားသည့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့်တကွတိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ (သို့မဟုတ်) ဥက္ကဋ္ဌမှ တာဝန်ပေးထားသည့်သူမှ အရေးပေါ်ကွပ်ကဲရေးရုံးအား ဦးဆောင်၍ အချိန်ပြည့်ရုံးဖွင့်လှစ်ကာ လုပ်ငန်းစဉ်တစ်ခုလုံးကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပါမည်။<br>၁-၅ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့သည် အမျိုးသားကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် တုံ့ပြန်ရေးလုပ်ငန်းများကို စီမံခန့်ခွဲပါမည်။<br>၁-၆ ထိခိုက်ပျက်စီးမှုများနှင့် သက်ဆိုင်သည့် ကနဦးဆန်းစစ်လေ့လာမှု အချက်အလက်များအားပြုစု၍ အမျိုးသားကော်မတီသို့ တင်ပြပါမည်။<br>၁-၇ ဖြစ်ရပ်အခြေအနေများအား အစီရင်ခံစာပြုစု၍ အမျိုးသားကော်မတီနှင့် အရေးပေါ် ကွပ်ကဲရေးရုံးကို အစီရင်ခံတင်ပြပါမည်။<br>၁-၈ အဆိုပါ အချက်အလက်များတွင် အဆောက်အဦများ ပြိုကျပျက်စီးခြင်း၊ လမ်း/တံတားများ ပြိုပျက်အဆက်အသွယ် ပြတ်တောက်ခြင်း၊ ရေ၊ မီးလိုင်းများ ပြတ်တောက်ခြင်း၊ မီးလောင်ခြင်း၊ မြေပြိုခြင်းနှင့် ဆည်ကျိုးခြင်း စသည့် ငလျင်၏ နောက်ဆက်တွဲပျက်စီးမှု စသည့် အချက်အလက်များ ပါဝင်ရပါမည်။ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌမှ ရရှိသည့် သတင်းအချက်အလက်များ အပေါ်မူတည်၍ ကော်မတီဝင်များနှင့် ဆွေးနွေးကာ အစီရင်ခံစာပြုစု၍ အမျိုးသားကော်မတီသို့ တင်ပြပါမည်။<br>၁-၉ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ အစီရင်ခံစာ အကျဉ်းအားပြုစု၍ ဥက္ကဋ္ဌ၏အတည် ပြုချက်ရယူကာ သက်ဆိုင်ရာသတင်းဌာနများကို ဖြန့်ဝေရန်အတွက် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီသို့ ပေးပို့ပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| | ၁-၁၀ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ ပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့် အရေးပေါ် တုံ့ပြန်ရေးအတွက် လိုအပ်ချက်များအား သိရှိနိုင်ရန်အတွက် ဘေးသင့်ဒေသသို့ သွားရောက်ကာ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပါမည်။<br>၁-၁၁ ဒဏ်ရာရရှိသူများအား ယာယီကျန်းမာရေး စောင့်ရှောက်မှုစခန်းများ (သို့မဟုတ်) ဆေးရုံများသို့ ပို့ဆောင်နိုင်ရေးအတွက် တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီတို့နှင့် ပူးပေါင်းဆောင်ရွက်ပါမည်။<br>၁-၁၂ တုံ့ပြန်ရေးလုပ်ငန်းများအနက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ဘေးသင့်ရာဒေသသို့ သွားရောက်ကြည့်ရှုပြီး တွေ့ရှိမှုအပေါ် မူတည်၍ ဦးစားပေးလုပ်ငန်းစဉ်များအား သတ်မှတ်ဆုံးဖြတ်ပါမည်။<br>၁-၁၃ လျှင်ဘေးသင့်ပြည်သူများ ယာယီခိုလှုံရာနေရာများ၊ ယာယီ ကျန်းမာရေး စောင့်ရှောက်မှုပေးမည့် နေရာများနှင့် အဆိုပါခိုလှုံရာနေရာများရှိ ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် သောက်သုံးရေ၊ မိလ္လာစနစ်နှင့် သန့်ရှင်းရေးစနစ်များအား ဆောင်ရွက်ပါမည်။ |
| | **(၂၄-၄၈) နာရီအတွင်း**<br>၁-၁၄ ပျက်စီးဆုံးရှုံးမှုအခြေအနေများ၊ ခိုလှုံရာစခန်းများ စသည့်နေရာများအား ဖော်ပြထားသည့် ကောင်းကင်ဓါတ်ပုံများ ပါဝင်သည့် ဖြစ်ရပ်အခြေအနေအစီရင်ခံစာအား တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌမှ စိစစ်အတည်ပြုပါမည်။<br>၁-၁၅ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအား ကြီးကြပ်နိုင်ရန်အတွက် လမ်းများ၊ မီးရထားလမ်းများ၊ ဆိပ်ကမ်းများနှင့် ဘေးအန္တရာယ်အဆိုးရွားဆုံးခံစားရသည့် ရပ်ရွာလူထုတည်ရှိရာ နေရာစသည်တို့အား ဖော်ပြထားသည့် မြေပုံများ ပြုစုရပါမည်။<br>၁-၁၆ လုပ်ငန်းကော်မတီ၏ လိုအပ်ချက်များအား ဆွေးနွေးရန်နှင့် လိုအပ်သည့် အရင်းအမြစ်များခွဲဝေပေးနိုင်ရန်အတွက်တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ ဘေးသင့်ဒေသသို့သွားရောက်ပါမည်။ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ တုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်နေသူများကို အလှည့်ကျစနစ်ဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရေးအတွက်လည်း သက်ဆိုင်ရာအဖွဲ့များနှင့် ဆွေးနွေးမှုများပြုလုပ်ပါမည်။<br>၁-၁၇ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့သည် ဘေးဒဏ်ခံရသူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပံ့ပိုးကူညီနိုင်ရေးအတွက် ကယ်ဆယ်ရေးစခန်းများနှင့်ဆေးရုံများအား သွားရောက်ပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| | **(၄၈-၇၂) နာရီအတွင်း**<br>၁-၁၈ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သည် ဘေးသင့်ဒေသမှ နောက်ဆုံးရရှိသည့် သတင်းအချက်အလက်များ ရယူခြင်း၊ အစီရင်ခံစာများအား စစ်ဆေးခြင်းနှင့် အမျိုးသားကော်မတီထံသို့ သတင်းအချက်အလက်များမျှဝေခြင်းတို့အား ဆောင်ရွက်ပါမည်။<br>၁-၁၉ အလှူရှင်များထံမှ ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းများအား လက်ခံရယူခြင်းနှင့် အဆိုပါပစ္စည်းများအား သင့်လျော်သောကော်မတီများထံသို့ ခွဲဝေပေးပါမည်။<br>၁-၂၀ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် သေဆုံးသူများ၏ မိသားစုဝင်များနှင့် ဆက်သွယ်၍ သေဆုံးသူများအား အတည်ပြုခြင်းနှင့် ရုပ်အလောင်းများအား သင့်လျော်သောနည်းလမ်းများဖြင့် သင်္ဂြိုဟ်ခြင်းများအား ဆောင်ရွက်ပါမည်။ |
| | **(၇၂) နာရီမှ (၇) ရက်အတွင်း**<br>၁-၂၁ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ပျက်စီးဆုံးရှုံးမှုများ၊ ကယ်ဆယ်ရေးစခန်းများနှင့် လိုအပ်ချက်များ အစီရင်ခံတင်ပြရန်အတွက်ပြုစု၍ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားကော်မတီဥက္ကဋ္ဌထံသို့ တင်ပြပါမည်။<br>၁-၂၂ ထောက်ပံ့ရေးပစ္စည်းများနှင့် အခြားလှူဒါန်းမှုများအတွက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့် အမျိုးသားကော်မတီဥက္ကဋ္ဌတို့မှ ချိတ်ဆက်ဆောင်ရွက်ပါမည်။ အခြားသက် ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် ချိတ်ဆက်၍ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေခြင်းအား ဆောင်ရွက်ပါမည်။<br>၁-၂၃ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌမှ အမျိုးသားကော်မတီဥက္ကဋ္ဌထံသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ရပ်နားမည့်အချိန်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအား တင်ပြအစီရင်ခံပါမည်။ |
| **၂။ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ**<br><br>**ဥက္ကဋ္ဌ**<br>တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | **(၂၄) နာရီအတွင်း**<br>၂-၁ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဖြစ်စဉ်နေရာအား ချက်ချင်းသွားရောက်ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဌာနဆိုင်ရာများနှင့် အခြားအဖွဲ့အစည်းများအား ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပြီး အခြေအနေများကို တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် အရေးပေါ်ကွပ်ကဲရေးရုံးသို့ အစီရင်ခံတင်ပြပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
| --- | --- |
| **အတွင်းရေးမှူး**<br>တိုင်းဒေသကြီးဦးစီးမှူး၊<br>မီးသတ်ဦးစီးဌာန<br><br>**တွဲဖက်အတွင်းရေးမှူး**<br>တိုင်းဒေသကြီးဦးစီးမှူး၊<br>လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန<br><br>**အဖွဲ့ဝင်များ**<br>(၁) ကွပ်ကဲရေးမှူး အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံး<br>(၂) တိုင်းဒေသကြီးတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး<br>(၃) ဦးစီးအရာရှိ (ပထမတန်း) (စစ်ထောက်) (လုပ်ငန်း/ ဖြည့်တင်း/ထိန်းသိမ်း) ရန်ကုန်တိုင်းစစ်ဌာနချုပ်<br>(၄) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာန<br>(၅) တိုင်းဒေသကြီး ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန<br>(၆) တိုင်းဒေသကြီး ဦးစီးမှူး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန<br>(၇) တိုင်းဒေသကြီး ဦးစီးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>(၈) တိုင်းဒေသကြီး ဦးစီးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၂-၂ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့တို့ဖြင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။<br>၂-၃ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများ၏ လုံခြုံရေးအား လုံခြုံရေး လုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။<br>၂-၄ နောက်ဆက်တွဲ ဘေးအန္တရာယ်ဖြစ်သည့် မီးလောင်ခြင်းဖြစ်ပွားပါက မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။<br>၂-၅ ဘေးသင့်ဒေသသို့ သွားရောက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မည့်အဖွဲ့များ (အဖွဲ့တစ်ဖွဲ့စီတွင် ခေါင်းဆောင်တစ်ဦးစီဖြင့်) အတွက် ကြိုတင်ရေးဆွဲထားသည့် စီမံချက်များအတိုင်း ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား စေလွှတ်ပါမည်။<br>၂-၆ အဖွဲ့တစ်ဖွဲ့စီတွင် ဆက်သွယ်ရမည့်သူများ သတ်မှတ်ထားပြီး လိုအပ်သည်များအား အခြားအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပြီးနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌသို့ တင်ပြရပါမည်။<br>၂-၇ အပျက်အစီးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းကော်မတီမှ အတည်ပြုထားသော သေဆုံးသူရုပ်အလောင်းများအား ရိုးရာဓလေ့ထုံးတမ်းများအရနှင့်အန္တရာယ်ရှိသောဓာတုဗေဒပစ္စည်းများအားအဆင့်မြင့်နည်းပညာများသုံး၍ ဖျက်ဆီးခြင်းလုပ်ငန်းများအား လုပ်ထုံးလုပ်နည်းများအရ စနစ်တကျ စီမံပါမည်။<br>၂-၈ အသက်ရှင်သူများနှင့် သေဆုံးသူများ၏ အချက်အလက်များအား စုဆောင်း၍ သတင်းနှင့်ပြန်ကြားရေး လုပ်ငန်းကော်မတီသို့ ပေးပို့ပါမည်။<br>၂-၉ လျှပ်စစ်ဝါယာကြိုးများနှင့် အခြား လျှပ်စစ်ဓာတ်အားပေးစနစ်များအား ဖြတ်တောက်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်ပါက လျှပ်စစ်မီးများ ယာယီသွယ်တန်းပေးခြင်းများ ဆောင်ရွက်ပါမည်။<br>၂-၁၀ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့နှင့်ပူးပေါင်း၍ ဒဏ်ရာရရှိသူများကို ယာယီကျန်းမာရေးစောင့်ရှောက်မှုစခန်းများ (သို့မဟုတ်)ဆေးရုံများသို့ ပို့ဆောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပါမည်။<br><br>**(၂၄-၄၈) နာရီအတွင်း**<br><br>၂-၁၁ အပျက်အစီးများ အောက်တွင်ပိတ်မိနေသူများအား ဖယ်ရှားခြင်း၊ ဘေးကင်းရာသို့ ပို့ဆောင်ပေးခြင်းနှင့် တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြီးကြပ်မှုများအား ဆက်လက်ဆောင်ရွက်ပါမည်။<br>၂-၁၂ အန္တရာယ်ရှိသော အဆောက်အအုံများအတွင်းမှသူများအား အပြင်သို့ ဖယ်ထုတ်ခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| (၉) ညွှန်ကြားရေးမှူး၊ အဆောက်အဦဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ<br>(၁၀) ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင် စီမံခန့်ခွဲရေး လုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ<br>(၁၁) ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန<br>(၁၂) တိုင်းဒေသကြီး ဦးစီးမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>(၁၃) တိုင်းဒေသကြီးတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့<br>(၁၄) ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းလူမှုကူညီကယ်ဆယ်ရေးအဖွဲ့ | ၂-၁၃ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေသူများအား နောက်ဆက်တွဲ လျောင်ငယ်များနှင့် မီးဘေး၊ ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် နောက်ဆက်တွဲဘေးအန္တရာယ်များကြောင့်ထိခိုက်မှုမရှိစေရန်အတွက်၎င်းကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် နေရာများအား စဉ်ဆက်မပြတ် စောင့်ကြည့်နေပါမည်။<br>၂-၁၄ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ ကော်မတီဥက္ကဋ္ဌထံသို့ စဉ်ဆက်မပြတ် သတင်းပေးပို့ အစီရင်ခံပါမည်။<br>၂-၁၅ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေသူများ၏ လုံခြုံမှုရှိစေရန်အတွက် ဆောင်ရွက်ပါမည်။ |
| | **(၄၈-၇၂) နာရီအတွင်း**<br>၂-၁၆ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့များ၏ စွမ်းဆောင်ရည်များနှင့် ပစ္စည်းကိရိယာများအားဆန်းစစ်ခြင်းနှင့် စေတနာ့ဝန်ထမ်းဆောင်ရွက်မည့်သူများမှ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် ပံ့ပိုးကူညီမည့်ကိစ္စများအား တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌမှ တစ်ဆင့်ညှိနှိုင်းဆောင်ရွက်ပါမည်။<br>၂-၁၇ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု အသေးစိတ်အခြေအနေများအား တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌထံသို့ ဆက်လက်တင်ပြပါမည်။ |
| | **(၇၂)နာရီမှ (၇)ရက်အတွင်း**<br>၂-၁၈ ကယ်ဆယ်ရေးလုပ်ငန်းများအား ပြင်ပမှအကူအညီပေးသည့် အဖွဲ့များနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားပါမည်။<br>၂-၁၉ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် အသေးစိတ်အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အကြောင်းအရာများအား အစီရင်ခံစာပြုစု၍ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌထံသို့ အစီရင်ခံတင်ပြပါမည်။<br>၂-၂၀ ရှေ့ဆက်ဆောင်ရွက်မည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ဒေသခံ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များမှ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ၎င်းတို့နှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| **၃။ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ် ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ**<br><br>**ဥက္ကဋ္ဌ**<br>တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး<br><br>**အတွင်းရေးမှူး**<br>တိုင်းဒေသကြီးဦးစီးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့<br><br>**တွဲဖက်အတွင်းရေးမှူး**<br>ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန<br><br>**အဖွဲ့ဝင်များ**<br>(၁) တိုင်းဒေသကြီးဦးစီးမှူး၊ ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာန<br>(၂) တိုင်းဒေသကြီးဦးစီးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>(၃) တိုင်းဒေသကြီးဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး<br>(၄) ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ<br>(၅) တိုင်းဒေသကြီးဦးစီးမှူး၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန | **(၂၄) နာရီအတွင်း**<br>၃-၁ လျောင်လူပ်ပြီးနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘေးသင့်ဒေသသို့ ချက်ချင်းသွားရောက်ကာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ပျက်စီးဆုံးရှုံးမှု အချက်အလက်များ ကြိုတင်သတ်မှတ်ထားသော ပုံစံများဖြင့် ကောက်ယူပါမည်။ လိုအပ်ပါက ကျွမ်းကျင်ပညာရှင်များ၊ ပညာရှင်အဖွဲ့အစည်းများနှင့်ဌာနများထံမှ နည်းပညာအကူအညီများအား ရယူပါမည်။ (ဥပမာ ကောင်းကင်ဂြိုဟ်တုဓာတ်ပုံများအား အသုံးပြုခြင်း)<br>၃-၂ အဆိုပါ ကောက်ယူရရှိသောအချက်အလက်များအား တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် အရေးပေါ်ကွပ်ကဲရေးရုံးသို့ အစီရင်ခံ တင်ပြပါမည်။<br>၃-၃ အချက်အလက်များအား ကောက်ယူရာတွင် တိကျမှန်ကန်မှု ရှိစေရန်အတွက် အဖွဲ့ခေါင်းဆောင်တစ်ဦးစီအား ကဏ္ဍအလိုက် (အဆောက်အအုံ၊ လမ်းတံတား၊ လူအသေအပျောက်၊ ရေ၊ မီး အစရှိသဖြင့်) သတ်မှတ်တာဝန်ပေးရန်နှင့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် တာဝန်ခံပုဂ္ဂိုလ်တစ်ဦးအား သတ်မှတ်ပါမည်။<br>၃-၄ ကနဦး ဆန်းစစ်ချက်များအရ ဦးစားပေးဆောင်ရွက်ရမည့် နေရာများ (ဆေးရုံများ၊ ကျောင်းများနှင့် လူနေမှုသိပ်သည်းသောဒေသများ အစရှိသည့်) အားသတ်မှတ်နိုင်ရန်အတွက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် အရေးပေါ်ကွပ်ကဲရေးရုံးသို့ အစီရင်ခံတင်ပြခြင်းနှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်းများ ဆောင်ရွက်ရပါမည်။<br>၃-၅ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး လုပ်ငန်းကော်မတီမှ ထိခိုက်ပျက်စီးမှု အချက်အလက်များအားကောက်ယူပြီး ဆန်းစစ်လေ့လာမှုများ ပြုလုပ်ကာ လိုအပ်သည့်ထောက်ပံ့မှုများအတွက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ထံသို့ တင်ပြပါမည်။<br><br>**(၂၄-၄၈) နာရီအတွင်း**<br>၃-၆ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ မြေပြင်တွင် လုပ်ငန်းဆောင်ရွက်နေမှုများအား အဖွဲ့ခေါင်းဆောင်များမှတစ်ဆင့် ဆက်လက်ကြီးကြပ်သွားပါမည်။<br>၃-၇ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ (ဘေးဒဏ်ခံရသူများစာရင်း၊ အဆောက်အဦ ပျက်စီးဆုံးရှုံးမှုစသည့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များအား တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ထံသို့ အစည်းအဝေးများတွင် အလျဉ်းသင့်သလို အစီရင်ခံတင်ပြပါမည်။<br>၃-၈ လုပ်ငန်းကော်မတီအနေဖြင့် အဖွဲ့ခေါင်းဆောင်များ၏ အကြံပေးချက်များအပေါ်မူတည်၍ အဖွဲ့များအား ပို၍ဦးစားပေး ဆောင်ရွက်ရမည့် ဒေသများသို့ စေလွှတ်ပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| (၆) တိုင်းဒေသကြီးဦးစီးမှူး၊<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန<br>(၇) တိုင်းဒေသကြီးဦးစီးမှူး၊<br>သာသနာရေးဦးစီးဌာန<br>(၈) တိုင်းဒေသကြီးဦးစီးမှူး၊<br>သမဝါယမဦးစီးဌာန<br>(၉) တိုင်းဒေသကြီးမန်နေဂျာ၊<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>(၁၀) တိုင်းဒေသကြီးဦးစီးမှူး၊<br>ကျေးလက်ဒေသ ဖွံ့ဖြိုး<br>တိုးတက်ရေးဦးစီးဌာန<br>(၁၁) အင်ဂျင်နီယာချုပ်၊<br>လမ်းဦးစီးဌာန<br>(၁၂) ညွှန်ကြားရေးမှူး၊<br>ကုသရေးဦးစီးဌာန | ၃-၉ လုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများအား ဆက်လက်ကြီးကြပ်သွားပါမည်။ |
| | **(၄၈-၇၂) နာရီအတွင်း**<br>၃-၁၀ လုပ်ငန်းကော်မတီဥက္ကဋ္ဌအနေဖြင့် အထူးဦးစားပေးရန် လိုအပ်သည့်နေရာများတွင် လုပ်ငန်းဆောင်ရွက်နေမှုများအား ဆက်လက်စီမံခန့်ခွဲသွားပါမည်။<br>၃-၁၁ လုပ်ငန်းကော်မတီဥက္ကဋ္ဌအနေဖြင့် အခြားအဖွဲ့ခေါင်းဆောင်များနှင့် ညှိနှိုင်း၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အစီရင်ခံစာပြုစု၍ အမျိုးသားကော်မတီဥက္ကဋ္ဌထံသို့ အစီရင်ခံတင်ပြပါမည်။ |
| **၄။ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ**<br><br>**ဥက္ကဋ္ဌ**<br>လျှပ်စစ်၊ စက်မှုလက်မှုနှင့်<br>လမ်းပန်းဆက်သွယ်ရေး<br>ဝန်ကြီး<br><br>**ဒုဥက္ကဋ္ဌ**<br>တိုင်းဒေသကြီးဦးစီးမှူး၊<br>ကုန်းလမ်းပို့ဆောင်ရေး<br>ညွှန်ကြားမှုဦးစီးဌာန<br><br>**အတွင်းရေးမှူး**<br>တိုင်းဒေသကြီးဦးစီးမှူး၊<br>လုပ်ငန်းလိုင်စင်နှင့် သယ်ယူ<br>ပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှု<br>ဌာန<br><br>**တွဲဖက်အတွင်းရေးမှူး**<br>အထွေထွေမန်နေဂျာ၊ ပြည်တွင်း<br>ရေကြောင်းပို့ဆောင်ရေး<br>(မြစ်ဝကျွန်းပေါ်ဒေသ)<br><br>**အဖွဲ့ဝင်များ**<br>(၁) ညွှန်ကြားရေးမှူး၊<br>ရန်ကုန်တိုင်းဒေသကြီး အစိုးရ<br>အဖွဲ့ရုံး | **(၂၄) နာရီအတွင်း**<br>၄-၁ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၊ အရေးပေါ်ကွပ်ကဲရေးရုံးနှင့် လုပ်ငန်းကော်မတီများမှ အရေးပေါ်တုန့်ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဆက်သွယ်မှုမပြတ်တောက်စေရေးအတွက် လျှပ်စစ်နှင့်တယ်လီဖုန်းကွန်ရက်အပေါ် အခြေမခံသော ဆက်သွယ်ရေးစနစ်များ (walkie talkie, icon, web portal, ဆက်သားစနစ် စသည်) ထူထောင်ပေးပါမည်။<br>၄-၂ ဆက်သွယ်ရေးပြတ်တောက်မှု၊ လမ်းကြောင်း ပျက်စီးမှု၊ လေဆိပ်၊ ရဟတ်ယာဉ်ကွင်းနှင့် ရေကြောင်းချဉ်းကပ်လမ်း အစရှိသည့် အခြေအနေများအား သိရှိနိုင်ရန်အတွက် ဘေးသင့်ဒေသသို့ ကွင်းဆင်းကြည့်ရှုပြီး တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အရေးပေါ် ကွပ်ကဲရေးရုံးသို့ အထက်ပါဆက်သွယ်ရေးစနစ်များဖြင့် အစီရင်ခံတင်ပြပါမည်။<br>၄-၃ လုပ်ငန်းကော်မတီဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များမှ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြု နိုင်မည့်လမ်းကြောင်းများဖော်ထုတ်၍ သတ်မှတ်ပေးခြင်းနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များအား ဆန်းစစ်လေ့လာခြင်း အစရှိသည်တို့အား လိုအပ်ချက်ပေါ်မူတည်၍ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပါမည်။<br>၄-၄ တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့နှင့် ချိတ်ဆက်၍ လိုအပ်သည့် သယ်ယူပို့ဆောင်မှု လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ပါမည်။<br>၄-၅ အပျက်အစီးများအား ရှင်းလင်းရာတွင် နောက်ဆက်တွဲ လျှောင်ကြောင့် အဆောက်အဦများ ပြိုကျနိုင်သည့်အတွက် လိုအပ်သည် ကြိုတင်ကာကွယ်မှုများအား ဆောင်ရွက်ပါမည်။ |

<table>
<tr><th>ကော်မတီ</th><th>တာဝန်နှင့် ဝတ္တရားများ</th></tr>
<tr><td rowspan="3">(၂) တိုင်းဒေသကြီးဦးစီးမှူး၊ မီးသတ်ဦးစီးဌာန<br>(၃) ညွှန်ကြားရေးမှူး၊ လမ်းတံတားဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ<br>(၄) တိုင်းဒေသကြီးဦးစီးမှူး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>(၅) အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)၊ မြန်မာ့မီးရထား<br>(၆) တိုင်းဒေသကြီးတာဝန်ခံ၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်<br>(၇) တိုင်းဒေသကြီးတာဝန်ခံ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>(၈) တိုင်းရောင်းဝယ်ရေး အရာရှိ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း<br>(၉) ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး<br>(၁၀) တိုင်းဒေသကြီးဦးစီးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန<br>(၁၁) ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန<br>(၁၂) အင်ဂျင်နီယာချုပ်၊ လမ်းဦးစီးဌာန<br>(၁၃) တွဲဘက် အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့<br>(၁၄) အဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင် အဖွဲ့<br>(၁၅) တာဝန်ခံ (အဝေးပြေး)၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့</td>
<td>(၂၄-၄၈) နာရီအတွင်း<br>၄-၆ လမ်းများတွင် ပိတ်ဆို့နေသော အပျက်အစီးများဖယ်ရှားခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သောနေရာများတွင် ယာယီလမ်းတံတားများအား ဆောက်လုပ်ပေးခြင်း စသည့်လုပ်ငန်းများအား သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။<br>၄-၇ အဆောက်အဦများအား ဖြိုဖျက်ရန်လိုအပ်ပါက သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ တပ်စည်ပင်၊ ဒေသန္တရ စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ အပျက်အစီးများအား ရှင်းလင်းပါမည်။<br>၄-၈ လမ်းကြောင်းများ ရှင်းလင်းရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခြင်းနှင့် အဆိုပါလမ်းများ အသုံးပြုနိုင်ခြင်း ရှိ/မရှိအား စစ်ဆေးပါမည်။ မီးရထားလမ်းများ ပျက်စီးမှုရှိနိုင်သောကြောင့် အလျင်အမြန်ပြင်ဆင်မှု ပြုနိုင်ရန်အတွက် လိုအပ်သော ခန့်မှန်းကုန်ကျစရိတ်များအား ခန့်မှန်းတွက်ချက် ပြင်ဆင်၍ အမျိုးသားကော်မတီဥက္ကဋ္ဌထံသို့ ခွင့်ပြုချက်ရယူနိုင်ရန် တင်ပြပါမည်။<br>၄-၉ ဘေးသင့်ဒေသများသို့ စေလွှတ်ထားသည့်အဖွဲ့များနှင့် ချိတ်ဆက်၍ အစီရင်ခံစာများအား အမျိုးသားကော်မတီ ဥက္ကဋ္ဌထံသို့ အစီရင်ခံတင်ပြပါမည်။<br>၄-၁၀ ကော်မတီအနေဖြင့် လမ်းကြောင်းများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ပြည်သူလူထုနှင့် သက်ဆိုင်ရာကော်မတီများထံသို့ ရောက်ရှိစေနိုင်ရန်အတွက် ဆောင်ရွက်ပါမည်။<br>၄-၁၁ တံတားများအား စစ်ဆေး၍ ဖြတ်သန်းသွားလာခြင်း မပြုနိုင်သော တံတားများအား အဝါရောင်တိပ်များဖြင့် ဖြတ်သန်းသွားလာမှု မရှိစေရန် သတ်မှတ်ပါမည်။<br>၄-၁၂ ပြိုကျသောအဆောက်အအုံများ (သို့မဟုတ်) ဖြိုချလိုက်သည့် အဆောက်အအုံများအား မှတ်တမ်းထားရှိ၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ မှတ်တမ်းဖြင့် အပ်နှံပါမည်။</td></tr>
<tr><td>(၄၈-၇၂) နာရီအတွင်း<br>၄-၁၃ သယ်ယူပို့ဆောင်ရေး ဆောင်ရွက်နိုင်သည့် လမ်းကြောင်းများအား ဆက်လက်စစ်ဆေးပြီးနောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြပါမည်။<br>၄-၁၄ ထိခိုက်ပျက်စီးသွားသော လမ်းများအား စစ်ဆေး၍ ယာယီပြင်ဆင်မှုများ ပြုလုပ်ပါမည်။</td></tr>
<tr><td>(၇၂) နာရီမှ (၇) ရက်အတွင်း<br>၄-၁၅ သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများအား အသေးစိတ်စစ်ဆေး၍ ပြင်ဆင်ရန် ကုန်ကျစရိတ်များကို ဆန်းစစ်ပါမည်။ အဆိုပါ ခန့်မှန်းကုန်ကျစရိတ်များအား တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ထံသို့ အတည်ပြုချက်ရယူနိုင်ရန်အတွက် တင်ပြပါမည်။</td></tr>
</table>

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| | ၄-၁၆ အရေးပေါ်အခြေအနေအတွက် လမ်းကြောင်းများ ပြန်လည်ပြုပြင်နေခြင်းအား ဆက်လက်၍ စောင့်ကြည့်လေ့လာပြီးနောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ထံသို့ တင်ပြပါမည်။ |
| **၅။ သတင်းနှင့်ပြန်ကြားရေး လုပ်ငန်းကော်မတီ**<br><br>**ဥက္ကဋ္ဌ**<br>တိုင်းဒေသကြီး<br>ကရင်တိုင်းရင်းသားလူမျိုး<br>ရေးရာဝန်ကြီး<br><br>**အတွင်းရေးမှူး**<br>တိုင်းဒေသကြီးဦးစီးမှူး၊<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br><br>**တွဲဖက်အတွင်းရေးမှူး၊**<br>တိုင်းဒေသကြီးဦးစီးမှူး၊<br>ပြန်ကြားရေးနှင့် ပြည်သူ့<br>ဆက်ဆံရေးဦးစီးဌာန<br><br>**အဖွဲ့ဝင်များ**<br>(၁) ညွှန်ကြားရေးမှူး၊<br>ရန်ကုန်တိုင်းဒေသကြီး<br>အစိုးရအဖွဲ့ရုံး<br>(၂) တိုင်းဒေသကြီးဦးစီးမှူး၊<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား<br>(၃) တိုင်းဒေသကြီးဦးစီးမှူး၊<br>မိုးလေဝသနှင့် ဇလဗေဒ<br>ညွှန်ကြားမှုဦးစီးဌာန<br>(၄) တိုင်းဒေသကြီးတာဝန်ခံ၊<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>(၅) တိုင်းဒေသကြီးဦးစီးမှူး၊<br>မီးသတ်ဦးစီးဌာန<br>(၆) ညွှန်ကြားရေးမှူး၊ စီမံ<br>ခန့်ခွဲရေး၊ ပြည်သူ့ဆက်ဆံရေး<br>နှင့် ပြန်ကြားရေးဌာန၊ ရန်ကုန်<br>မြို့တော် စည်ပင်သာယာရေး<br>ကော်မတီ | **(၂၄) နာရီအတွင်း**<br><br>၅-၁ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဘေးသင့်ဒေသများသို့ ချက်ချင်းသွားရောက်၍သော်လည်းကောင်း၊ အခြားဆက်စပ်ကော်မတီများနှင့် ချိတ်ဆက်ပြီး မြေပြင်အခြေအနေများနှင့် ပျက်စီးဆုံးရှုံးမှု သတင်းမှတ်တမ်းများအား ရယူကာ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ အရေးပေါ်ကွပ်ကဲရေးရုံးသို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြပါမည်။<br>၅-၂ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ ထုတ်ပြန်ရန် အတွက် ပေးပို့လာသော သတင်းအချက်အလက်များ (ဆောင်ရန်ရှောင်ရန်နှင့် ဘေးကင်းခိုလှုံရာနေရာများ စသည်) အား လုပ်ငန်းကော်မတီမှ ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပါမည်။<br>၅-၃ ဘေးသင့်ဒေသများ၏ ပျက်စီးဆုံးရှုံးမှု အခြေအနေများနှင့် အရေးပေါ်အခြေအနေတွင် ဆောင်ရန်ရှောင်ရန်များကို လိုအပ်ပါက သတင်းထုတ်ပြန်နိုင်ရန် အတွက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ထုတ်ပြန်ပေးပို့သော သတင်းအချက်အလက်များအား အခြား သတင်းမီဒီယာများသို့ ဖြန့်ဝေပါမည်။<br>၅-၄ လုပ်ငန်းကော်မတီဥက္ကဋ္ဌသည် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ နောက်ဆက်တွဲလျော့ပါယ်များနှင့် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များစသည့် သတင်း အချက်အလက်များကို အခြားလုပ်ငန်းကော်မတီများသို့ မျှဝေထားပါမည်။ လိုအပ်ပါက ဆူနာမီဖြစ်နိုင်ခြေ သတင်းအချက်အလက်များလည်း ထုတ်ပြန်ပါမည်။<br>၅-၅ လုပ်ငန်းကော်မတီသည် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် ပူးပေါင်း၍ သေဆုံးသူများ မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ရာတွင် ပံ့ပိုးကူညီပါမည်။ ဓာတ်ပုံများ၊ သေဆုံးသူ စာရင်းများနှင့် ၎င်းတို့၏ ဆွေမျိုးများစာရင်းများလည်း ထိန်းသိမ်းထားပါမည်။<br>၅-၆ အခြားလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်များ မျှဝေရန်အတွက် တာဝန်ခံပုဂ္ဂိုလ်တစ်ဦးအား သတ်မှတ်တာဝန်ပေးပါမည်။<br><br>**(၂၄-၄၈) နာရီအတွင်း**<br><br>၅-၇ ပျက်စီးဆုံးရှုံးမှုများ၊ တုန့်ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ မြေပြင် အခြေအနေများနှင့် သက်ဆိုင်သောမှတ်တမ်းများအား ကော်မတီမှ ပြန်လည်ကြည့်ရှုခြင်း၊ တည်းဖြတ်ခြင်းတို့အား ဆောင်ရွက်ပါမည်။ အဆိုပါ မှတ်တမ်းများအား သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ လူမှုမီဒီယာများနှင့် နိုင်ငံတကာသို့ မျှဝေပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| (၇) တိုင်းဒေသကြီးဦးစီးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့<br>(၈) တိုင်းဒေသကြီးဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန<br>(၉) တိုင်းဒေသကြီးဦးစီးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန | ၅-၈ အရေးပေါ်ခေါ်ဆိုရမည့် ဖုန်းနံပါတ်များအား ပြည်သူလူထုထံသို့ထုတ်လွှင့်ပေးနိုင်ရန်အတွက် အဆိုပါနံပါတ်များအား သတင်းဌာနများသို့ ဖြန့်ဝေပါမည်။ |
| | **(၄၈-၇၂) နာရီအတွင်း**<br>၅-၉ ကြိုတင်ရေးဆွဲထားသည့် လမ်းညွှန်ချက်များအတိုင်း ပြည်သူလူထုများထံသို့ သတင်းအချက်အလက်များအား ဆက်လက်ဖြန့်ဖြူးပေးပါမည်။<br>၅-၁၀ နောက်ဆက်တွဲငလျင်များနှင့် ရောဂါများပြန့်ပွားခြင်း၊ မြေပြိုခြင်း၊ ဆူနာမီနှင့် သဲရည်ပျော်ခြင်းနှင့် သက်ဆိုင်သော ဘေးအန္တရာယ်များ (ဥပမာ-မြေကျွံခြင်း) စသည့်ဘေးများအား ပြည်သူလူထုများထံသို့ ဆက်လက်အသိပေးပါမည်။<br>၅-၁၁ လုပ်ငန်းကော်မတီဥက္ကဋ္ဌအနေဖြင့် ပြည်သူလူထုထံသို့ ထုတ်လွှင့်သည့် သတင်းအချက်အလက်များနှင့် ပတ်သက်သည့် မေးမြန်းမှုများအား ပြန်လည်ဖြေဆိုပါမည်။<br>၅-၁၂ လုပ်ငန်းဆောင်ရွက်နေမှုများအား သတင်းမီဒီယာများထံသို့ ဆက်လက်အသိပေးနေပါမည်။ |
| | **(၇၂) နာရီ - (၇)ရက်အတွင်း**<br>၅-၁၃ အခြားလုပ်ငန်းကော်မတီများထံမှ လုပ်ငန်းဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် အစီရင်ခံစာများအား ပြန်လည်စိစစ်၍ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌအား အကျဉ်းချုပ်တင်ပြပါမည်။<br>၅-၁၄ သတင်းအချက်အလက် အကျဉ်းချုပ်အား ပြည်တွင်းနှင့် ပြည်ပရှိ သတင်းအဖွဲ့များထံသို့ မျှဝေပါမည်။ |
| **၆။ ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်း ကော်မတီ**<br>**ဥက္ကဋ္ဌ**<br>တိုင်းဒေသကြီးလူမှုရေးဝန်ကြီး<br>**ဒုဥက္ကဋ္ဌ**<br>ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန<br>**အတွင်းရေးမှူး**<br>တိုင်းဒေသကြီးဦးစီးမှူး၊ ကုသရေးဦးစီးဌာန<br>**တွဲဖက်အတွင်းရေးမှူး**<br>ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန | **(၂၄) နာရီအတွင်း**<br>၆-၁ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လိုအပ်သည့် ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ပြီး ဆေးရုံ၊ ဆေးခန်း ပျက်စီးဆုံးရှုံးမှု အခြေအနေများအား တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ အရေးပေါ်ကွပ်ကဲရေးရုံးသို့ အစီရင်ခံတင်ပြပါမည်။<br>၆-၂ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့တို့နှင့် ချိတ်ဆက်၍ လုံခြုံမှုရှိသောနေရာများတွင် ယာယီကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နေရာများအား ပြင်ဆင်ကာ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးရုံ၊ ဆေးခန်းသုံးပစ္စည်းများနှင့် လိုအပ်သည့်ဆေးဝါးများဖြင့် ဒဏ်ရာရရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှု ချက်ချင်းပေးနိုင်ရေး ဆောင်ရွက်ပါမည်။<br>၆-၃ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများနှင့် ချိတ်ဆက်၍ လိုအပ်ပါက အရေးပေါ်လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆောင်ရွက်ပါမည်။<br>၆-၄ ယာယီကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နေရာများတွင် စနစ်တကျ ရှိစေရန်အတွက် တာဝန်ခံပုဂ္ဂိုလ်တစ်ဦးအား သတ်မှတ်တာဝန်ပေးပြီး စခန်း/နေရာတစ်ခုစီတွင် အဖွဲ့ခေါင်းဆောင်တစ်ဦးစီအား သတ်မှတ်တာဝန်ပေးပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| **အဖွဲ့ဝင်များ**<br>(၁) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးနှင့် ဈေးများလုပ်ငန်း တာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ<br>(၂) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး<br>(၃) ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့<br>(၄) တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန<br>(၅) တိုင်းဒေသကြီးဦးစီးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား<br>(၆) တိုင်းဒေသကြီးဦးစီးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>(၇) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ<br>(၈) တိုင်းဒေသကြီးဦးစီးမှူး၊ လူမှုဖူလုံရေးဦးစီးဌာန<br>(၉) တိုင်းဒေသကြီးဦးစီးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန<br>(၁၀) တိုင်းဒေသကြီး ဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့<br>(၁၁) ဥက္ကဋ္ဌ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း<br>(၁၂) အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့<br>(၁၃) ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ | ၆-၅ ဒဏ်ရာရရှိသူများအားဦးစားပေးအဆင့်အလိုက်အရောင်ခွဲခြားသတ်မှတ်ခြင်းကို ရာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် အတူပူးပေါင်းဆောင်ရွက်ပါမည်။<br>၆-၆ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လိုအပ်သည့်အရာများ ထိခိုက်ပျက်စီးမှုများအား စစ်ဆေး၍ ပြင်ပအကူအညီများ လိုအပ်ပါက တောင်းခံပါမည်။<br>၆-၇ ကယ်ဆယ်ရေးစခန်းများတွင်နစ်သိမ့်ဆွေးနွေးမှုများဆောင်ရွက်နိုင်ရန်အတွက် မြေပြင် ရှိ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပါမည်။<br>၆-၈ လုပ်ငန်းကော်မတီဥက္ကဋ္ဌသည်တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အရေးပေါ်ကွပ်ကဲရေးရုံးသို့ မြေပြင်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများနှင့် အခက်အခဲများအား တင်ပြပြီးနောက် လိုအပ်သည့် ရန်ပုံ ငွေ၊ ဆေးဝါးနှင့် အခြားလိုအပ်ချက်များအား အကူအညီ တောင်းခံပါမည်။<br>၆-၉ သွေးလိုအပ်ပါက စာရင်းပြုစုကာ အခြားနီးစပ်ရာဆေးရုံများ/အခြားသွေးလှူရှင်အသင်း များထံမှ တောင်းခံပါမည်။<br>၆-၁၀ လိုအပ်ပါက ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှု စင်တာများအား ဖွင့်လှစ်ပါမည်။<br>၆-၁၁ ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံများသို့ ရွှေ့ပြောင်းရန်လိုအပ်ပါက ချက်ချင်းရွှေ့ပြောင်းပြီးနောက်တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အရေးပေါ်ကွပ်ကဲရေးရုံးသို့ အစီရင်ခံတင်ပြပါမည်။ |
| | **(၂၄-၄၈) နာရီအတွင်း**<br>၆-၁၂ ထိခိုက်ဒဏ်ရာရရှိသူများနှင့် ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိသူများအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့်အတူ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပါမည်။<br>၆-၁၃ ကူးစက်နိုင်သောရောဂါများ မပြန့်ပွားရေးအတွက် ကယ်ဆယ်ရေးစခန်းများတွင် စစ်ဆေးမှုများ ပြုလုပ်ပါမည်။<br>၆-၁၄ ကယ်ဆယ်ရေးစခန်းများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့် အခြားရောဂါများ ပြန့်ပွားမှုမရှိစေရန် စောင့်ကြည့်ခြင်း လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ပါမည်။<br>၆-၁၅ မြေပြင်တွင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသော အဖွဲ့များနှင့် ညှိနှိုင်း၍ ထိခိုက်ဒဏ်ရာရသူများနှင့် ရောဂါဖြစ်ပွားမှုများအား သံသယရှိပါက တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌထံသို့ သတင်းပေးပို့ ပါမည်။<br>၆-၁၆ တိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးဝန်ဆောင်မှုများ လုံလောက်မှုမရှိပါက အခြားဒေသများမှ ကူညီထောက်ပံ့မှုများ ရယူပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| | **(၄၈-၇၂) နာရီအတွင်း**<br>၆-၁၇ ထိခိုက်ဒဏ်ရာရ လူနာများအား ဆက်လက်ပြုစုခြင်းနှင့် လိုအပ်ပါက ဆေးရုံမှ ဆင်းခွင့် ရရှိစေရန် ဆောင်ရွက်ပါမည်။<br>၆-၁၈ ကယ်ဆယ်ရေးစခန်းများတွင် လူနာများ စုပြုံနေမှုမရှိစေရန်နှင့် ရောဂါပြန့်ပွားမှုများမရှိစေရန် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ပါမည်။<br>၆-၁၉ လျောင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အခြားရောဂါကြောင့် သေဆုံးသူများစာရင်းနှင့် ရောထွေးမှုမရှိစေရန် သေချာစွာ စာရင်းပြုစုထိန်းသိမ်းထားပါမည်။ |
| | **(၇၂) နာရီ မှ (၇) ရက်အတွင်း**<br>၆-၂၀ ထိခိုက်ဒဏ်ရာရရှိသူများအားဆေးကုသမှုများဆက်လက်ဆောင်ရွက်ပါမည်။<br>၆-၂၁ ကယ်ဆယ်ရေးစခန်းများနှင့်ရပ်ရွာလူထုများအကြားရောဂါပြန့်ပွားမှုမရှိစေရန် အနီး ကပ်စောင့်ကြည့်လေ့လာမှုများကို တိုးမြှင့်ဆောင်ရွက်သွားပါမည်။<br>၆-၂၂ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များနှင့် လူနာအခြေအနေများအား တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ထံသို့ အသိပေးတင်ပြ အစီရင်ခံပါမည်။<br>၆-၂၃ လက်ရှိစီမံချက်အား ခရိုင်အဆင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ညှိနှိုင်း၍ ထိခိုက်ဒဏ်ရာရသူများအား ကုသရေးအတွက် ဆက်လက်ကူညီပံ့ပိုးပေးပါမည်။ |
| **၇။ လုံခြုံရေးလုပ်ငန်း ကော်မတီ**<br><br>**ဥက္ကဋ္ဌ**<br>တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး<br><br>**ဒုဥက္ကဋ္ဌ**<br>ရန်ကုန်တိုင်းဒေသကြီး တပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး<br><br>**အတွင်းရေးမှူး**<br>ကွပ်ကဲရေးမှူး၊ အမှတ်(၂) လုံခြုံရေး ရဲကွပ်ကဲမှု အဖွဲ့မှူးရုံး | **(၂၄) နာရီအတွင်း**<br>၇-၁ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘေးသင့်ဒေသများသို့ ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည့် လုံခြုံရေးဆိုင်ရာအစီအမံများအား ချက်ချင်း ဆောင်ရွက်ပြီး တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့် အရေးပေါ် ကွပ်ကဲရေးရုံးသို့ အစီရင်ခံတင်ပြပါမည်။<br>၇-၂ ဘေးသင့်ဒေသများ၏ ဧရိယာအကျယ်အဝန်းပေါ် မူတည်ပြီး နယ်မြေပိုင်းခြား သတ်မှတ်၍ နယ်မြေခံလုံခြုံရေးတာဝန်ခံများ သတ်မှတ်တာဝန်ပေး၍ လိုအပ်သည့် လုံခြုံရေး စောင့်ရှောက်မှုများ ပေးပါမည်။<br>၇-၃ နယ်မြေခံလုံခြုံရေး တာဝန်ခံများမှ မိမိနယ်မြေအတွင်းရှိ ကယ်ဆယ်ရေး စခန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုနေရာများ အစရှိသည့် စခန်းများ အလိုက် အဖွဲ့ခေါင်းဆောင်များသတ်မှတ်၍ တာဝန်ပေးပါမည်။<br>၇-၄ လုပ်ငန်းကော်မတီမှ အန္တရာယ်ရှိနယ်မြေများအား ကန့်သတ်နယ်မြေများ အဖြစ် သတ်မှတ်ပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| **တွဲဖက်အတွင်းရေးမှူး**<br>ညွှန်ကြားရေးမှူး၊<br>ရန်ကုန်တိုင်းဒေသကြီး<br>အထွေထွေအုပ်ချုပ်ရေး<br>ဦးစီးဌာန<br><br>**အဖွဲ့ဝင်များ**<br>(၁) ဌာနမှူး၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ<br>(၂) စစ်ဦးစီးမှူး (ပထမတန်း) (စစ်ဆင်ရေး)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်<br>(၃) သတင်းရဲတပ်ဖွဲ့မှူး၊ အမှတ်(၂) သတင်းရဲတပ်ဖွဲ့မှူးရုံး<br>(၄) တိုင်းဒေသကြီးဦးစီးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန<br>(၅) တိုင်းဒေသကြီးဦးစီးမှူး၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး<br>(၆) တိုင်းဒေသကြီးဦးစီးမှူး၊ မီးသတ်ဦးစီးဌာန<br>(၇) တိုင်းဒေသကြီးမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>(၈) တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်ရုံ၊ အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>(၉) တိုင်းဒေသကြီးဦးစီးမှူး၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | ၇-၅ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လုံခြုံရေးဆောင်ရွက်သည့် နေရာများသို့ လိုအပ်သလို ကွင်းဆင်းစစ်ဆေးခြင်းနှင့် နယ်မြေတာဝန်ခံ၊ စခန်းများမှ အဖွဲ့ခေါင်းဆောင်များ၏ လုံခြုံရေးဆောင်ရွက်မှု အခြေအနေများအား လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အရေးပေါ်ကွပ်ကဲရေးရုံးသို့ အစီရင်ခံတင်ပြပါမည်။<br>၇-၆ သက်ဆိုင်ရာနယ်မြေဒေသအလိုက် လုံခြုံရေးဆောင်ရွက်စဉ် ကန့်သတ်နယ်မြေများနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော မလိုလားအပ်သော အုပ်ချုပ်မှုပြဿနာများ မဖြစ်ပွားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို စီမံခန့်ခွဲပါမည်။<br>၇-၇ လုံခြုံရေးအင်အားနှင့် အခြားလိုအပ်ချက်များရှိပါက တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အရေးပေါ်ကွပ်ကဲရေးရုံးသို့ အစီရင်ခံတင်ပြပါမည်။<br><br>**(၂၄-၄၈) နာရီအတွင်း**<br>၇-၈ လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ လုံခြုံရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်နေမှုများအား ဆက်လက်ကြီးကြပ်၍ လုပ်ငန်းဆောင်ရွက်မှုများကို မှတ်တမ်းထားရှိပါမည်။<br>၇-၉ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌမှ ခေါ်ယူသည့် အစည်းအဝေးများအား တက်ရောက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား အစီရင်ခံတင်ပြပါမည်။<br>၇-၁၀ အခြားလုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌများနှင့် ညှိနှိုင်း၍ ၎င်းတို့၏ လုံခြုံရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပါမည်။<br>၇-၁၁ လုပ်ငန်းကော်မတီအနေဖြင့် ကယ်ဆယ်ရေးစခန်းများနှင့် ဆေးရုံများ၏ လုံခြုံရေးအား တိုးမြှင့်စေရန်အတွက် တာဝန်ယူဆောင်ရွက်ပါမည်။<br>၇-၁၂ လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ အခြားအဖွဲ့ခေါင်းဆောင်များနှင့် ပူးပေါင်း၍ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌထံသို့ လုံခြုံရေးဆိုင်ရာ အစီရင်ခံစာအား တင်ပြပါမည်။<br><br>**(၄၈-၇၂) နာရီအတွင်း**<br>၇-၁၃ လုံခြုံရေးလုပ်ငန်းဆောင်ရွက်နေမှုများအား ဆက်လက်ကြီးကြပ်ပါမည်။<br>၇-၁၄ လုပ်ငန်းကော်မတီဥက္ကဋ္ဌအနေဖြင့် အများပြည်သူများအား အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသောနေရာများအား တရားဝင်ညွှန်ကြားမှု မရှိခြင်း၊ ဝင်ရောက်ခြင်း မပြုစေရန်အတွက် အဖွဲ့ခေါင်းဆောင်များအား ညွှန်ကြားမှုပြုထားပါမည်။ အန္တရာယ်ရှိသော နေရာများအား အဝါရောင်တိပ်များ အသုံးပြု၍ တားမြစ်ဇရိယာများအဖြစ် သတ်မှတ်ပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| | ၇-၁၅ လုပ်ငန်းကော်မတီအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီနှင့်ပူးပေါင်း၍ သေဆုံးသူ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်းနှင့် သေဆုံးသူရုပ်အလောင်းများအား သင်္ဂြိုဟ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါမည်။ |
| | **(၇၂) နာရီမှ (၇) ရက်အတွင်း**<br>၇-၁၆ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌအနေဖြင့် အခြားအဖွဲ့ခေါင်းဆောင်များမှတစ်ဆင့် လုပ်ငန်း ဆောင်ရွက်နေသောအဖွဲ့များ၏ လုံခြုံရေးပံ့ပိုးမှုများအား ဆက်လက်လုပ်ဆောင်သွားပါမည်။<br>၇-၁၇ လုပ်ငန်းကော်မတီဥက္ကဋ္ဌအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်သည့် အသေးစိတ် အစီရင်ခံစာအား ပြုစုထားရန် အခြားအဖွဲ့ခေါင်းဆောင်များကို ညွှန်ကြားပါမည်။ လုံခြုံရေးလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာပေါင်းချုပ်အား တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့အစည်းအဝေးတွင် တင်ပြပါမည်။<br>၇-၁၈ နောက်ဆုံးအစီရင်ခံစာနှင့် လက်ရှိဆောင်ရွက်နေသော စီမံချက်အား တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌထံသို့ တင်ပြပါမည်။ အခြားလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါက ဒေသန္တရ လုံခြုံရေးအဖွဲ့အား စေလွှတ်ပါမည်။ |
| **၈။ ဘဏ္ဍာငွေ ရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီ**<br><br>**ဥက္ကဋ္ဌ**<br>တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး<br><br>**အတွင်းရေးမှူး**<br>တိုင်းဒေသကြီးဦးစီးမှူး၊ ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာန<br><br>**တွဲဖက်အတွင်းရေးမှူး**<br>တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးစီမံကိန်း ရေးဆွဲရေးဦးစီးဌာန<br><br>**အဖွဲ့ဝင်များ**<br>(၁) ဦးဆောင်ညွှန်ကြား ရေးမှူး၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် | **(၄၈-၇၂) နာရီအတွင်း**<br>၈-၁ လုပ်ငန်းကော်မတီဥက္ကဋ္ဌအနေဖြင့် ဘေးအန္တရာယ် စတင်ဖြစ်ပွားသည့်အချိန်မှစ၍ အရေးပေါ်ကွပ်ကဲရေးရုံးမှခေါ်ယူသည့် အစည်းအဝေးများအား တက်ရောက်ပြီး ဘေးသင့်ဒေသတွင် တုံ့ပြန်ရေးဆောင်ရွက်နေသူများကို ပံ့ပိုးမှုပေးပါမည်။<br>၈-၂ ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက် အခြေအနေများအား သိရှိနိုင်ရန်အတွက် အခြား လုပ်ငန်းကော်မတီများနှင့် ဆက်သွယ်ဆောင်ရွက်ရန် တာဝန်ခံပုဂ္ဂိုလ် တစ်ဦးအား သတ်မှတ်ပါမည်။<br>၈-၃ အစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု သတ်မှတ်ချက်များအရ ငွေကြေးခွဲဝေသုံးစွဲမှုများအား စီမံခန့်ခွဲပါမည်။ |
| | ၈-၄ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအတွက် လိုအပ်သည့် ရန်ပုံငွေများနှင့် ရန်ပုံငွေ အရင်းအမြစ်များအား စိစစ်ပါမည်။<br>၈-၅ အခြားလုပ်ငန်းကော်မတီများ၏ ရန်ပုံငွေတောင်းခံမှုများအား အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ရယူနိုင်ရန်အတွက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌထံသို့ တင်ပြပါမည်။<br>၈-၆ ငွေကြေးခွဲဝေသုံးစွဲမှုများအား တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းအမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်သုံးစွဲမှုရှိစေရန် စီစဉ်ဆောင်ရွက်ပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| (၂) ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့<br>(၃) တိုင်းဒေသကြီး စာရင်းစစ်အရာရှိ၊ စာရင်းစစ်ချုပ်ရုံး<br>(၄) ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဗဟိုဘဏ် (ရန်ကုန်)<br>(၅) တိုင်းဒေသကြီး ဥပဒေအရာရှိ၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး<br>(၆) တိုင်းမန်နေဂျာ၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>(၇) ဒုတိယ ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန<br>(၈) တိုင်းဒေသကြီး ဦးစီးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန<br>(၉) တိုင်းဒေသကြီး ဦးစီးမှူး၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန<br>(၁၀) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး အကောက်ခွန် ဦးစီးဌာန<br>(၁၁) ညွှန်ကြားရေးမှူး၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ<br>(၁၂) တိုင်းဒေသကြီးဦးစီးမှူး၊ ပြည်တွင်းအခွန်ဦးစီးဌာန<br>(၁၃) တိုင်းဒေသကြီး မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးမှုဘဏ်<br>(၁၄) တိုင်းဒေသကြီး ဦးစီးမှူး၊ မြန်မာ့အာမခံလုပ်ငန်း<br>(၁၅) အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် | ၈-၇ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်း၍ ရန်ပုံငွေတောင်းခံမှုများအား ဆောင်ရွက်ပါမည်။<br>၈-၈ ငွေကြေးသုံးစွဲမှုများအား စောင့်ကြည့်လေ့လာ၍ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌသို့ တင်ပြပါမည်။<br>၈-၉ သက်ဆိုင်ရာ ပြေစာအထောက်အထားများ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စာချုပ် စာတမ်းများသုံးစွဲမှုနှင့်စပ်လျဉ်းသည် အချက်အလက်များအား စာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုခံယူနိုင်ရန် ထိန်းသိမ်းထားပါမည်။<br>၈-၁၀ အမျိုးသားကော်မတီမှတစ်ဆင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ရန်ပုံငွေ ခွဲဝေပေးမှုများအား ဆောင်ရွက်ပါမည်။<br><br>**(၇၂) နာရီ မှ (၇) ရက်အတွင်း**<br><br>၈-၁၁ ရန်ပုံငွေတောင်းခံမှုများအား ဆက်လက်ဆောင်ရွက်ပြီး တိုင်းဒေသကြီး စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌထံသို့ တင်ပြအစီရင်ခံပါမည်။<br>၈-၁၂ ငွေကြေးသုံးစွဲမှုနှင့် ရန်ပုံငွေရရှိမှုများအား အစီရင်ခံစာပြုစု၍ အရေးပေါ်ကွပ်ကဲရေးရုံးမှ ခေါ်ယူသည့် အစည်းအဝေးများတွင် တင်ပြပါမည်။<br>၈-၁၃ ငွေကြေးခွဲဝေသုံးစွဲမှုများအား စာရင်းစစ်ချုပ်ရုံး၏ လမ်းညွှန်ချက်နှင့်အညီ သုံးစွဲမှုရှိစေရန်အတွက် ကြပ်မတ်ကွပ်ကဲပါမည်။<br>၈-၁၄ စာရင်းစစ်ချုပ်ရုံး၏ စည်းမျဉ်းစည်းကမ်းများအရ ပြေစာများ၊ လုပ်ငန်းရှင်များနှင့် သက်ဆိုင်သည့် အချက်အလက်များစသည့် သုံးစွဲမှုနှင့် ပတ်သက်သည့် အချက်အလက်များအား ထိန်းသိမ်းထားပါမည်။<br>၈-၁၅ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများအား ရန်ပုံငွေတိုက်ရိုက်ခွဲဝေပေးရန်နှင့် စောင့်ကြည့်လေ့လာခြင်းများအား ဆောင်ရွက်ပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| **၉။ နိုင်ငံတကာ ဆက်ဆံရေး လုပ်ငန်း ကော်မတီ**<br><br>**ဥက္ကဋ္ဌ**<br>တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး<br><br>**အတွင်းရေးမှူး**<br>ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန<br><br>**တွဲဖက်အတွင်းရေးမှူး**<br>ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံတကာ ဆက်ဆံရေး ဌာနခွဲ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ<br><br>**အဖွဲ့ဝင်များ**<br>(၁) ဒုတိယတိုင်းတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့<br>(၂) ဦးစီးအရာရှိ (ပထမတန်း) (ပြည်သူ့စစ်) ရန်ကုန်တိုင်း စစ်ဌာနချုပ်<br>(၃) ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာ ဦးစီးဌာန<br>(၄) တိုင်းဒေသကြီး ဦးစီးမှူး၊ ဆိပ်ကမ်းအာဏာပိုင်<br>(၅) တပ်ဖွဲ့ခွဲမှူး၊ အမှတ်(၂) မှုခင်းတပ်ဖွဲ့ခွဲ<br>(၆) တိုင်းဒေသကြီးဦးစီးမှူး၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး | နိုင်ငံတကာမှအထောက်အပံ့များသည် ငလျင်လှုပ်ပြီးနောက် (၃)ရက်မှ (၄)ရက်ခန့် အတွင်း စတင်ရောက်ရှိလာပါသည်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌအနေဖြင့် ဘေးအန္တရာယ် စတင် ဖြစ်ပွားချိန်မှစတင်၍ အရေးပေါ်ကွပ်ကဲရေးရုံးအဖွဲ့နှင့် အတူတကွ ပူးပေါင်း ဆောင်ရွက်ပြီးနောက် လိုအပ်ချက်များနှင့် အကူအညီတောင်းခံမှုပြုမည့် နိုင်ငံတကာ အသိုက်အဝန်းအား အပြည့်အဝ နားလည်မှုရှိရန် လိုအပ်ပါသည်။<br><br>**(၄၈-၇၂) နာရီအတွင်း**<br>၉-၁ လုပ်ငန်းကော်မတီအနေဖြင့် ဘေးအန္တရာယ်စတင်ဖြစ်ပွားသည့် အချိန်မှစ၍ အရေးပေါ်ကွပ်ကဲရေးရုံးမှ ခေါ်ယူသည့် အစည်းအဝေးများအား တက်ရောက်ပါမည်။<br>၉-၂ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ခံပုဂ္ဂိုလ်များအား တာဝန်ပေးထားပြီး တုန့်ပြန်ရေးလုပ်ငန်းဆောင်ရွက်မှုများ ပံ့ပိုးကူညီမည့် နိုင်ငံတကာမှလာရောက်သူများ၏ လိုအပ်ချက်များကို သတ်မှတ်ပေးပြီး ကူညီဆောင်ရွက်ပေးပါမည်။<br>၉-၃ အခြားလုပ်ငန်းကော်မတီများမှ ပေးပို့လာသည့် တိုင်းဒေသကြီး သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ အတည်ပြုထားသော ငွေကြေး၊ ပစ္စည်း၊ လူ့စွမ်းအားအရင်းအမြစ် စသည့် လိုအပ်ချက်စာရင်းများအား ထောက်ပံ့မှု ရရှိနိုင်စေရန်အတွက် နိုင်ငံတကာရှိ အဖွဲ့အစည်းများသို့ ပေးပို့ပါမည်။<br>၉-၄ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးအဆင့်များ လုပ်ကိုင်နေချိန်တွင် နိုင်ငံတကာ ဆက်ဆံရေးနှင့်သက်ဆိုင်သည့် ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် အတွက် တာဝန်ခံပုဂ္ဂိုလ်တစ်ဦးအား ခန့်ထားပြီး လုပ်ငန်းဆောင်ရွက်မှုအခြေ အနေများကို လုပ်ငန်းကော်မတီဥက္ကဋ္ဌထံသို့ တင်ပြပါမည်။<br>၉-၅ ငလျင်ကြောင့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ လိုအပ်ချက်များ နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား သတင်းနှင့်ပြန်ကြားရေး လုပ်ငန်းကော်မတီနှင့် ပူးပေါင်း၍ သံရုံးများ၊ ဒေသတွင်းနှင့် အခြားနိုင်ငံ တကာအဖွဲ့အစည်းများထံသို့ ဝေမျှပါမည်။<br>၉-၆ အကူအညီတောင်းခံမှုများအပေါ် နိုင်ငံတကာမှထောက်ပံ့ကူညီပေးမှုများအား လက်ခံပါမည်။<br>၉-၇ အနံ့ခံခွေးကဲ့သို့သော အထူးလိုအပ်မှုများအား နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ရယူနိုင်ရန်အတွက် တာဝန်ခံပုဂ္ဂိုလ်တစ်ဦးအား ခန့်အပ်၍ ပြည် တွင်းသို့ခေါ်ယူရာတွင် လိုအပ်သည့် စာရွက်စာတမ်းကိစ္စများနှင့် ခေါ်ဆောင် လာရမည့် လေဆိပ်/ဆိပ်ကမ်း စသည်တို့နှင့် ပတ်သက်သည်များအား ဆောင်ရွက်ပါမည်။ အဆိုပါ အနံ့ခံရှာဖွေ ရေးခွေးများအား ခေါ်ယူရာတွင် ၎င်းတို့၏ လုံခြုံရေးအတွက် တပ်မတော်ကဲ့သို့သော သက်ဆိုင်ရာတာဝန်ရှိ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| (၇) တိုင်းဒေသကြီးဦးစီးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန<br>(၈) တိုင်းဒေသကြီးဦးစီးမှူး၊ အကောက်ခွန် ဦးစီးဌာန<br>(၉) တိုင်းဥပဒေအရာရှိ၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး<br>(၁၀) ခေတ္တတိုင်းဒေသကြီး ဦးစီးမှူး၊ စားသုံးသူရေးရာ ဦးစီးဌာန<br>(၁၁) တိုင်းဒေသကြီးဦးစီးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန<br>(၁၂) အထွေထွေမန်နေဂျာ၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန | ၉-၈ ပြည်ပနိုင်ငံများမှ နိုင်ငံတွင်းသို့ ဝင်ရောက်၍ တုန့်ပြန်ရေးလုပ်ငန်း ဆောင်ရွက်မည့်သူများအတွက် လိုအပ်သည့် ပြည်ဝင်ခွင့်ဗီဇာများအား အမျိုးသားကော်မတီအောက်ရှိ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။<br>၉-၉ ပြည်ပမှပေးပို့လာမည့် ထောက်ပံ့ရေးပစ္စည်းများအတွက် အခွန်ကင်းလွတ်ခွင့်များနှင့်သက်ဆိုင်သော စာရွက်စာတမ်းများအား ပြင်ဆင်၍ သက်ဆိုင်ရာဌာနများသို့ ပေးပို့ထားပြီး အဆိုပါဌာနများမှ လုပ်ငန်းများဆောင်ရွက်ရန် အသင့်ဖြစ်နေပါမည်။<br>၉-၁၀ အကူအညီတောင်းခံသည့် ပစ္စည်းများစာရင်းအား ကြိုတင်သိရှိထားပါက အလှူရှင်များအား အဆိုပါပစ္စည်းများ သယ်ဆောင်လာသည့်အခါ အခွန်ကင်းလွတ်ခွင့်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများအား ပြသနိုင်ရန် အတွက် ကြိုတင်ပေးပို့ရန် တောင်းခံထားပါမည်။<br>၉-၁၁ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ အလှူရှင်များထံမှ လက်ခံရရှိသော ပစ္စည်းများမှာ အကူအညီတောင်းခံသည့်ပစ္စည်းများ မှန်ကန်ကြောင်း စစ်ဆေးအတည်ပြုပါမည်။<br>၉-၁၂ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ ပေးပို့လာသောပစ္စည်းများအား ဘေးသင့်ဒေသသို့ မပို့ဆောင်မီ ၎င်းတို့သယ်ယူလာသော နေရာများတွင် သေချာစွာ စစ်ဆေးပါမည်။<br>၉-၁၃ တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အကူအညီပေးရန် လာရောက်သူများအား စာရင်းပြုစုသိမ်းဆည်းထားပါမည်။<br>၉-၁၄ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ အလှူရှင်များနှင့် ပူးပေါင်း၍ ထောက်ပံ့ရေးပစ္စည်းများ၏ နေရာများနှင့် လိုအပ်သည့် စာရွက်စာတမ်းများ လက်မှတ်ထိုးခြင်းများအား ဆောင်ရွက်ပါမည်။ |
| | **(၇၂) နာရီမှ (၇) ရက်အတွင်း**<br>၉-၁၅ သင့်တော်သောနေရာဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများအား တိုက်ရိုက်ပေးပို့ခြင်း၊ ရယူခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းများအား ဆက်လက်ဆောင်ရွက်ပါမည်။<br>၉-၁၆ တုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ကွာဟချက်ရှိသော အချက်အလက်များအား ပြည်တွင်းနှင့် ဒေသတွင်းရှိ သံတမန်ရေးရာ အဖွဲ့အစည်းများအား စဉ်ဆက်မပြတ် ပေးပို့ပါမည်။<br>၉-၁၇ တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ အဆုံးသတ်မည့် အကြောင်းအရာနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည့် စီမံချက်များအား ပြည်တွင်းနှင့်ဒေသတွင်းရှိ သံတမန်ရေးရာအဖွဲ့အစည်းများအား အကြောင်းကြားပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| | ၉-၁၈ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အခြားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌများနှင့် ညှိနှိုင်း၍ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကူညီပေးခဲ့ကြသော နိုင်ငံအဖွဲ့အစည်းများ၊ ဒေသတွင်းရှိ အဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးမှုအဖွဲ့အစည်းများအား ကျေးဇူးတင်ရှိကြောင်း ပြန်ကြားပါမည်။<br>၉-၁၉ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အကူအညီတောင်းခံမှုများအား နိုင်ငံတကာရှိ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။<br>၉-၂၀ ကူညီထောက်ပံ့မှုနှင့် သက်ဆိုင်သည့် အစီရင်ခံစာအား (၅-၇)ရက်အတွင်း တင်ပြနိုင်ရန် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပါမည်။<br>၉-၂၁ ကူညီထောက်ပံ့မှုနှင့် သက်ဆိုင်သည့်အစီရင်ခံစာမှတစ်ဆင့် အကူအညီတောင်းမှုများနှင့် သက်ဆိုင်သည့်အချက်အလက်များအား ပြုစုထားခြင်းနှင့် စောင့်ကြည့်လေ့လာမှုများပြုလုပ်ပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်၍ ငွေကြေး၊ အစားအစာ၊ အစားအစာ မဟုတ်သောပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ စသည့် ကူညီထောက်ပံ့မှုများအား လက်ခံရယူပါမည်။<br>၉-၂၂ ဘဏ္ဍာငွေ ရှာဖွေရေးနှင့် ရန်ပုံငွေ ထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့် ပူးပေါင်း၍ ရန်ပုံငွေများ၊ ပစ္စည်းများစသည်တို့အား ခွဲဝေပေးခြင်းအား ကြီးကြပ်၍ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် အလှူရှင်များအား တင်ပြပါမည်။<br>၉-၂၃ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီနိုင်မည့် လုပ်ငန်းကော်မတီများအား ဆက်လက်ပံ့ပိုးပါမည်။ |
| **၁၀။ ပြန်လည် ထူထောင်ရေး နှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကော်မတီ**<br><br>**ဥက္ကဋ္ဌ**<br>တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး<br><br>**ဒုဥက္ကဋ္ဌ**<br>အတွင်းရေးမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ | (၂)ရက်မှ (၃)ရက်အတွင်း ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေသူများအနေဖြင့် ပျက်ဆီးသွားသည့် နေရာအများစုသို့ သွားရောက်နိုင်ပြီး အဆောက်အဦများနှင့် ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းနှင့် ပိုင်ဆိုင်မှုများအား အဓိကထားရန် လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဦးစားပေးကဏ္ဍအလိုက် သတ်မှတ်ပါမည်။<br><br>**(၂၄-၄၈) နာရီအတွင်း**<br>၁၀-၁ ပျော်ဘေးသင့် ပြည်သူများ ယာယီခိုလှုံရာနေရာများ၊ ယာယီ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် နေရာများနှင့် အဆိုပါ ခိုလှုံရာနေရာများရှိ ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် သောက်သုံးရေ၊ မိလ္လာစနစ်နှင့် သန့်ရှင်းရေးစနစ်များအား ဆောင်ရွက်ပါမည်။<br>၁၀-၂ အဆောက်အဦများအား ဖြိုဖျက်ရန် လိုအပ်ပါက သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ တပ်မတော်၊ ဒေသန္တရ စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ အပျက်အစီးများအား ရှင်းလင်းပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| **အတွင်းရေးမှူး**<br>အင်ဂျင်နီယာချုပ်၊<br>တိုင်းဒေသကြီး လမ်းဦးစီးဌာန<br><br>**တွဲဖက်အတွင်းရေးမှူး**<br>တိုင်းဒေသကြီးဦးစီးမှူး၊<br>လယ်ယာမြေစီမံခန့်ခွဲမှုနှင့်<br>စာရင်းအင်းဦးစီးဌာန<br><br>**အဖွဲ့ဝင်များ**<br>(၁) ဒုတိယညွှန်ကြားရေး<br>မှူးချုပ်၊ တိုင်းဒေသကြီး<br>ပညာရေးမှူးရုံး<br>(၂) ဒါရိုက်တာအဖွဲ့ဝင် (၂)၊<br>ရန်ကုန်မြို့တော်လျှပ်စစ်<br>ဓာတ်အားပေးရေး<br>ကော်ပိုရေးရှင်း<br>(၃) ဒုတိယ ညွှန်ကြားရေး<br>မှူးချုပ်၊ ရန်ကုန်တိုင်း<br>ဒေသကြီး ကျန်းမာရေး<br>ဦးစီးဌာန<br>(၄) တိုင်းဒေသကြီး ဦးစီးမှူး၊<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>(၅) တွဲဘက်အတွင်းရေးမှူး၊<br>သယ်ယူပို့ဆောင်ရေး<br>ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်<br>အဖွဲ့<br>(၆) ညွှန်ကြားရေးမှူး၊<br>ရန်ကုန်တိုင်းဒေသကြီး<br>အစိုးရအဖွဲ့<br>(၇) ညွှန်ကြားရေးမှူး၊<br>အဆောက်အဦဆိုင်ရာ<br>လုပ်ငန်းတာဝန်ခံအဖွဲ့၊<br>ရန်ကုန်မြို့တော် စည်ပင်<br>သာယာရေးကော်မတီ<br>(၈) ညွှန်ကြားရေးမှူး၊ လမ်း၊<br>တံတားဆိုင်ရာ လုပ်ငန်း<br>တာဝန်ခံအဖွဲ့၊ ရန်ကုန်<br>မြို့တော်စည်ပင်သာယာရေး<br>ကော်မတီ | ၁၀-၃ အပျက်အစီးများအား ရှင်းလင်းရာတွင် နောက်ဆက်တွဲလျှော်ကြောင့် အဆောက်အဦများ ပြိုကျနိုင်သည့်အတွက် လိုအပ်သည် ကြိုတင်ကာကွယ်မှုများအားဆောင်ရွက်ပြီး ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီတို့နှင့် ပူးပေါင်းဆောင်ရွက်ပါမည်။<br><br>၁၀-၄ ပြိုကျသောအဆောက်အအုံများ (သို့မဟုတ်) ဖြိုချလိုက်သည့် အဆောက်အအုံများအား မှတ်တမ်းထားရှိ၍ သက်ဆိုင်ရာလုပ်ငန်း ကော်မတီသို့ မှတ်တမ်းဖြင့် အပ်နှံပါမည်။ |
| | **(၄၈-၇၂) နာရီအတွင်း** |
| | ၁၀-၅ လုပ်ငန်းကော်မတီဥက္ကဋ္ဌအနေဖြင့် ဘေးအန္တရာယ် စတင်ဖြစ်ပွားသည့် အချိန်မှစ၍ အရေးပေါ်ကွပ်ကဲရေးရုံးမှခေါ်ယူသည့် အစည်းအဝေးများအား တက်ရောက်ပါမည်။<br><br>၁၀-၆ အခြားလုပ်ငန်းကော်မတီများနှင့်ပူးပေါင်း၍ယာယီခိုလှုံရာနေရာများအား ဆောက်လုပ်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပါမည်။<br><br>၁၀-၇ ပျက်စီးသွားသော လမ်း၊ တံတား၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဈေးများ စသည်တို့အား စစ်ဆေးမှုများပြုလုပ်ရန်အတွက် စီမံချက်များအား အခြားလုပ်ငန်းကော်မတီများနှင့် ရရှိနိုင်သည့် သတင်းအချက်အလက်များအပေါ် အခြေပြုကာ ရေးဆွဲပါမည်။<br><br>၁၀-၈ စစ်ဆေးမှုအား ဦးဆောင်၍ အရေးပေါ်ကွပ်ကဲရေးရုံးတွင် ဆွေးနွေးရန်အတွက် ဦးစားပေးလုပ်ငန်းများနှင့် ခန့်မှန်းကုန်ကျစရိတ်များ ပါဝင်သော အစီရင်ခံစာအား မျှဝေပြီး အရင်းအမြစ်များအား ခွဲဝေမှုများ ပြုလုပ်ပါမည်။<br><br>၁၀-၉ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီနှင့်ပူးပေါင်း၍ ဘေးသင့်ပြည်သူများ၏ စွမ်းရည်များအား သတ်မှတ်အသုံးပြုခြင်းဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအတွက် ငွေနှင့်အစားအစာများ ရရှိနိုင်စေရန် ဆောင်ရွက်ပါမည်။<br><br>၁၀-၁၀ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး၊ ပစ္စည်း၊ လူ့စွမ်းအားအရင်းအမြစ်စသည့် ပံ့ပိုးကူညီမှုများအား သံရုံးများနှင့် ဖွံ့ဖြိုးမှုအဖွဲ့အစည်းများထံမှ ရရှိနိုင်စေရန်အတွက် စီမံချက်များကို နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။ |
| | **(၇၂) နာရီမှ (၇)ရက်အတွင်း** |
| | ၁၀-၁၁ လက်ရှိဆောင်ရွက်နေသော ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ပတ်သက်သည့် အခြေအနေများအား အခြားလုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် ပူးပေါင်း၍ စောင့်ကြည့်လေ့လာပြီး အရေးပေါ်ကွပ်ကဲရေးရုံးသို့ တင်ပြပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| (၉) တိုင်းဒေသကြီးဦးစီးမှူး၊ မြန်မာ့သစ်လုပ်ငန်း<br>(၁၀) တိုင်းဒေသကြီးဦးစီးမှူး၊ သစ်တောဦးစီးဌာန<br>(၁၁) တိုင်းဒေသကြီးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့<br>(၁၂) တိုင်းဒေသကြီးဦးစီးမှူး၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန<br>(၁၃) အင်ဂျင်နီယာဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း | ၁၀-၁၂ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော အရင်းအမြစ်များအား သတ်မှတ်ခြင်းနှင့် အသုံးပြုပါမည်။<br>**(၇)ရက်မှ (၁)နှစ်အတွင်း**<br>၁၀-၁၃ အခြားကော်မတီဝင်များနှင့် ပူးပေါင်း၍ အဆောက်အဦပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများ၊ အခြေခံအဆောက်အအုံဆိုင်ရာ ပျက်စီးမှုများအတွက် အသေးစိတ်စစ်ဆေးမှုများအား ဆောင်ရွက်ပါမည်။<br>၁၀-၁၄ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်သင့်သည့် နယ်ပယ်များအား သတ်မှတ်၍ အဆိုပါလုပ်ငန်းများအား ဖွံ့ဖြိုးရေး စီမံချက်များတွင် ထည့်သွင်းရန်အတွက် သက်ဆိုင်ရာဌာနများအား သတ်မှတ်ပါမည်။<br>၁၀-၁၅ အချို့သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ကာလရှည် ပြန်လည်ထူထောင်ရေး အစီအမံများအတွက် သက်ဆိုင်ရာဌာနများ အနေဖြင့် ဆက်လက်ဆောင်ရွက်သွားပါမည်။ |
| **၁၁။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း ကော်မတီ**<br><br>**ဥက္ကဋ္ဌ**<br>တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး<br><br>**အတွင်းရေးမှူး**<br>တိုင်းဒေသကြီးဦးစီးမှူး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန<br><br>**တွဲဖက်အတွင်းရေးမှူး**<br>တိုင်းဒေသကြီးဦးစီးမှူး၊ သစ်တောဦးစီးဌာန<br><br>**အဖွဲ့ဝင်များ**<br>(၁) ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင် စီမံခန့်ခွဲရေး လုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ | ငလျင်၏အကျိုးသက်ရောက်မှုကြောင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရမည့် အညစ်အကြေး စွန့်ပစ်သည့် ပိုက်လိုင်းများ၊ ဓာတုဗေဒယိုဖိတ်မှုများ၊ ဓာတ်ငွေ့ကြောင့် ညစ်ညမ်းမှုများအား ဖြစ်ပေါ်စေနိုင်ပါသည်။<br><br>**(၄၈-၇၂) နာရီအတွင်း**<br>၁၁-၁ လုပ်ငန်းကော်မတီဥက္ကဋ္ဌအနေဖြင့် ဘေးအန္တရာယ် စတင်ဖြစ်ပွားသည့် အချိန်မှစ၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အရေးပေါ်ကွပ်ကဲရေးရုံးမှခေါ်ယူသည့် အစည်းအဝေးများအား တက်ရောက်ပါမည်။<br>၁၁-၂ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အရေးပေါ်ကွပ်ကဲရေးရုံးမှ ရရှိသည့် ငလျင်နှင့်ပတ်သက်သည့် အကျိုးသက်ရောက်မှုဆိုင်ရာ သတင်းအချက်အလက်များအရ ဆင်ခြေဖုံးများ၊ ဆေးရုံများ၊ ဓာတုဗေဒဆိုင်ရာ စက်ရုံများနှင့် ဈေးများ အစရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရမည့်နေရာများအား ဦးစားပေး သတ်မှတ်ပါမည်။<br>၁၁-၃ အခြားလုပ်ငန်းကော်မတီများ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ စသည်တို့ဖြင့် ပူးပေါင်း၍ ဘေးသင့်ဒေသတွင် လိုအပ်သည့် နေရာများအား သွားရောက်ကာ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဖွဲ့ခေါင်းဆောင်များ ဦးဆောင်သည့် ကော်မတီဝင်များအား စေလွှတ်ပါမည်။<br>၁၁-၄ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ (၂၀၁၂)အရ ဘေးသင့်ဒေသအား စစ်ဆေးခြင်းများ ဆောင်ရွက်ပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| (၂) တိုင်းဒေသကြီး ဦးစီးမှူး၊ မြန်မာ့သစ်လုပ်ငန်း<br>(၃) တိုင်းဒေသကြီးဦးစီးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>(၄) တိုင်းဒေသကြီးဦးစီးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန<br>(၅) တိုင်းဒေသကြီးဦးစီးမှူး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန<br>(၆) ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့<br>(၇) တိုင်းဒေသကြီး ဦးစီးမှူး၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေးဦးစီးဌာန<br>(၈) တိုင်းဒေသကြီး ဦးစီးမှူး၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန<br>(၉) တိုင်းဒေသကြီး ဦးစီးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>(၁၀) တိုင်းဒေသကြီး ဦးစီးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန | ၁၁-၅ ကျန်းမာရေးထိခိုက်ဆုံးရှုံးမှုအား ဖြစ်စေနိုင်သည့် ပျက်စီးသွားသော အညစ်အကြေးစွန့်သည့် ပိုက်လိုင်းများ၊ ဓာတုဗေဒယိုဖိတ်မှုများ (သို့မဟုတ်) အန္တရာယ် ဖြစ်စေနိုင်သောအရာများ ယိုစိမ့်မှုများ (ရေဒီယိုသတ္တိကြွ ပစ္စည်းများ စသဖြင့်)အား ဆန်းစစ်ပါမည်။<br>၁၁-၆ ကျန်းမာရေးထိခိုက်မှုများရှိနိုင်သည်ဟုတွေ့ရှိပါကသတင်းနှင့်ပြန်ကြားရေး လုပ်ငန်းကော်မတီနှင့်ချိတ်ဆက်၍ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပြုမူနေထိုင်ဆောင်ရွက်ရမည့် နည်းလမ်းများအား ပြည်သူများ သိရှိစေရန်အတွက် အသိပညာပေး လက်ကမ်းစာစောင်များအား ဝေမျှပါမည်။<br>၁၁-၇ အခြားလုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ အကောင်းဆုံးသန့်ရှင်းရေး နည်းစနစ်များအား အသုံးပြုကာ ကျန်းမာသန့်ရှင်းသော ပတ်ဝန်းကျင် ပြန်လည်ရရှိစေရန် ဆောင်ရွက်ပါမည်။<br>၁၁-၈ လေထု၊ ရေထု ညစ်ညမ်းမှု အစရှိသည့် ညစ်ညမ်းမှုများမှ ဘေးကင်းအောင် နေထိုင်ဆောင်ရွက်ရမည့် နည်းလမ်းများအား ပြည်သူလူထုအား သိရှိစေရန် အမြဲမပြတ် ဆောင်ရွက်ပါမည်။<br>၁၁-၉ ရပ်ရွာလူထုအား ထိခိုက်စေသည့် မြေပြိုခြင်းဖြစ်ရပ်များ ဖြစ်ပွားပါက ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်း၍ အဆိုပါဒေသတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပါမည်။<br>၁၁-၁၀ တိရစ္ဆာန်ရုံအတွင်းရှိ တိရစ္ဆာန်များအနေဖြင့် ၎င်းတို့အား ထိန်းသိမ်းထားသော နေရာများမှ ထွက်ပြေးလွတ်မြောက်နိုင်သောကြောင့် ၎င်းတို့အား ထိန်းသိမ်းထားသောနေရာများ (သို့မဟုတ်) ကန့်သတ်နယ်မြေများထံသို့ ပြန်လည်ပို့ဆောင်ပါမည်။<br>၁၁-၁၁ အန္တရာယ်ရှိသောတိရစ္ဆာန်များထွက်ပြေးလွတ်မြောက်သွားပါကသတင်း နှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်း၍ ပြည်သူလူထုအား အသိပေးခြင်းများ ဆောင်ရွက်ပါမည်။<br>**(၇၂) နာရီမှ (၇) ရက်အတွင်း**<br>၁၁-၁၂ အသိပညာပေးစာစောင်များ ဖြန့်ဖြူးခြင်းနှင့် ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်ရမည့်အရာများအား အများပြည်သူအား အသိပေးခြင်းများ ဆက်လက် ဆောင်ရွက်ပါမည်။<br>၁၁-၁၃ ရေဒီယိုသတ္တိကြွ ဓာတုဗေဒပစ္စည်းများ ယိုဖိတ်မှုရှိပါက မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန်အတွက် ဆောင်ရွက်ရမည့် စီမံချက်(ရှိပါက) စိစစ်၍ ကြုံတွေ့ရသည့်အခြေအနေနှင့် ကိုက်ညီမှုမရှိပါက ပြန်လည် ရေးဆွဲပါမည်။ |
| **၁၂။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည် ထူထောင်ရေးလုပ်ငန်း ကော်မတီ** | ငလျင်၏ပြင်းအားပမာဏပေါ် မူတည်၍ ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းနှင့် ပိုင်ဆိုင်မှုများမှာ ဆိုးရွားစွာ ထိခိုက်ခံရနိုင်ပါသည်။ သို့ဖြစ်ပါ၍ ဘေးဒဏ်ခံရသည့် ရပ်ရွာလူထုအနေဖြင့် အမြန်ဆုံးကူညီထောက်ပံ့မှုပေးရန် လိုအပ်ပါသည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| **ဥက္ကဋ္ဌ**<br>တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး<br><br>**ဒုဥက္ကဋ္ဌ**<br>တိုင်းဒေသကြီးဦးစီးမှူး၊ လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန<br><br>**အတွင်းရေးမှူး**<br>တိုင်းဒေသကြီးဦးစီးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန<br><br>**တွဲဖက်အတွင်းရေးမှူး**<br>တိုင်းဒေသကြီးဦးစီးမှူး၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန<br><br>**အဖွဲ့ဝင်များ**<br>(၁) တိုင်းဒေသကြီး ဦးစီးမှူး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့<br>(၂) တိုင်းဒေသကြီး ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး<br>(၃) တိုင်းဒေသကြီး ဦးစီးမှူး၊ စက်မှုလယ်ယာဦးစီးဌာန<br>(၄) တိုင်းဒေသကြီး ဦးစီးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>(၅) တိုင်းဒေသကြီး ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန<br>(၆) တိုင်းဒေသကြီး ဦးစီးမှူး၊ သမဝါယမဦးစီးဌာန | **(၄၈-၇၂) နာရီအတွင်း**<br>၁၂-၁ လုပ်ငန်းကော်မတီဥက္ကဋ္ဌအနေဖြင့် ဘေးအန္တရာယ် စတင်ဖြစ်ပွားသည့် အချိန်မှစ၍ အရေးပေါ်ကွပ်ကဲရေးရုံးမှခေါ်ယူသည့် အစည်းအဝေးများအား တက်ရောက်ပါမည်။<br>၁၂-၂ အစားအစာနှင့် အဝတ်အထည်၊ အိမ်သုံးပစ္စည်း၊ သက်သေခံကတ်များ အစရှိသည့် အစားအစာ မဟုတ်သော ပစ္စည်းများအား ဦးစားပေးထိန်းသိမ်းစောင့်ရှောက်မှုပြုရန်အတွက် အဖွဲ့ခေါင်းဆောင်များ ဦးဆောင်သည့် အဖွဲ့များအား စေလွှတ်ပါမည်။<br>၁၂-၃ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုများနှင့် ပြည်သူလူထု၏ပိုင်ဆိုင်မှုများအား ဆန်းစစ်ပါမည်။<br>၁၂-၄ မိသားစုများ၏ ပိုင်ဆိုင်မှုများနှင့် ၎င်းတို့၏ အမည်များအား စုစည်း၍ ၎င်းတို့ထံသို့ အစောဆုံးပြန်လည် ပေးအပ်နိုင်ရန် ဆောင်ရွက်ပါမည်။<br>၁၂-၅ လုံခြုံရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်း၍ မိသားစုဝင်များ ပိုင်ဆိုင်သော ပစ္စည်းများအား ခိုးယူခံရခြင်း မရှိစေရန် ဆောင်ရွက်ပါမည်။<br>၁၂-၆ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရာတွင် ကာလတို၊ ကာလလတ်နှင့် ကာလရှည် ဦးစားပေးလုပ်ငန်းများအား သတ်မှတ်ပြီး ကုန်ကျစရိတ် လိုအပ်ချက်များ ဆုံးဖြတ်ပါမည်။<br>၁၂-၇ မိသားစုဝင်များ ပြန်လည်ဆုံစည်းရေးအတွက် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပါမည်။<br>၁၂-၈ ကူညီထောက်ပံ့မှုပေးမည့် ပြည်သူလူထုနှင့်ပူးပေါင်း၍ ၎င်းတို့၏နေထိုင်မှု မြင့်မားစေရေးအတွက် လိုအပ်သည့် အကူအညီများအား ဦးစားပေး သတ်မှတ်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပါမည်။<br>၁၂-၉ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီနှင့်ပူးပေါင်း၍ ရပ်ရွာအတွင်း ပျက်စီးဆုံးရှုံးသွားသော စျေးများအား ပြန်လည်ကောင်းမွန်လာစေရန် ဆောင်ရွက်ပါမည်။<br>၁၂-၁၀ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းများအားဆန်းစစ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားပါမည်။<br>၁၂-၁၁ ဘေးသင့်ဒေသရှိ ရပ်ရွာလူထု၏ စွမ်းရည်များအား အသုံးပြု၍ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ဆက်လက်လုပ်ဆောင်နိုင်စေရန်အတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။ |

| ကော်မတီ | တာဝန်နှင့် ဝတ္တရားများ |
|---|---|
| (၇) တိုင်းဒေသကြီး ဦးစီးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>(၈) တိုင်းဒေသကြီး ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန<br>(၉) တိုင်းဒေသကြီး ဦးစီးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>(၁၀) အထွေထွေ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် | **(၇၂) နာရီမှ (၇) ရက်အတွင်း**<br>၁၂-၁၂ ဘေးသင့်ခံရသော ပြည်သူလူထုအတွက် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများအား မိတ်ဆက်ပေးပြီး စောင့်ကြည့်လေ့လာမှု ဆက်လက်ပြုလုပ်ပါမည်။<br>၁၂-၁၃ ဘေးသင့်ခံရသော ရပ်ရွာလူထုအတွက် အထောက်အပံ့ဖြစ်စေမည့် ကာလရှည် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အရေးများအား ဆန်းစစ်မှုများ ပြုလုပ်ပါမည်။ |

# နောက်ဆက်တွဲ (ဂ)

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အရေးပေါ်ကွပ်ကဲရေးရုံး (Emergency Management Center-EMC) ၏ လုပ်ငန်းတာဝန်များ

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရေးပေါ်ကွပ်ကဲရေးရုံးအနေဖြင့် ဌာန၏အကျိုးသက်ရောက်မှုနှင့် လိုအပ်ချက်များပေါ် မူတည်၍အောက်ဖော်ပြပါလုပ်ငန်း (၅) ရပ်အား အဓိက အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

- **ကြီးကြပ်ကွပ်ကဲခြင်း။** တုံ့ပြန်ရေးဆိုင်ရာ စီမံခန့်ခွဲမှုများအား ကြီးကြပ်ကွပ်ကဲခြင်း။
- **လုပ်ငန်းများဆောင်ရွက်ခြင်း။** တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများအား ညှိနှိုင်းပေးခြင်း။
- **စီမံချက်များရေးဆွဲခြင်း။** သတင်းအချက်အလက်များအား စုဆောင်းခြင်း၊ ဆန်းစစ်ခြင်း၊ ဖြန့်ဝေခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု စီမံချက်များအား ရေးဆွဲနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း။
- **သယ်ယူပို့ဆောင်ရေး။** ဝန်ဆောင်မှုများ၊ လူစွမ်းအား အရင်းအမြစ်များ၊ ပစ္စည်းကိရိယာများအား တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးခြင်း။
- **ဘဏ္ဍာရေးနှင့် စီမံအုပ်ချုပ်ခြင်း။** တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား စောင့်ကြည့်လေ့လာခြင်း၊ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် အသုံးပြုသည့် ငွေစာရင်းရှင်းတမ်းများအား အတည်ပြုပေးခြင်း။

တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်နှင့် ဝတ္တရားများအား သိရှိထားသည့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများနှင့်တကွ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ (သို့မဟုတ်) ဥက္ကဋ္ဌမှ တာဝန်ပေးထားသည့်သူမှ အရေးပေါ်ကွပ်ကဲ ရေးရုံးအား ဦးဆောင်ပါမည်။ အရေးပေါ်ကွပ်ကဲရေးရုံး၏ လုပ်ငန်းများ ထိရောက်စွာ လည်ပတ်နိုင်စေရန်အတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများအား သက်ဆိုင်ရာလုပ်ငန်းကော်မတီမှ ၄င်းတို့ လုပ်ငန်းကော်မတီများမှ ဆောင်ရွက်ရမည့် လုပ်ငန်းများအားကြီးကြပ်ရန်၊ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ အရေးပေါ်ကွပ်ကဲရေးရုံးမှ တာဝန်ရှိသူများ၊ အခြားသူများနှင့် ဆက်သွယ်ဆောင်ရွက်ရန် တာဝန်ရှိသူများမှ ပံ့ပိုးကူညီပါမည်။ လိုအပ်ပါက အရေးပေါ်ကွပ်ကဲရေးရုံးမှ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ဒေသခံအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ စေတနာ့ဝန်ထမ်း အဖွဲ့ အစည်းများ၊ အရေးပေါ်အခြေအနေတုံ့ပြန်ရေး ဆောင်ရွက်ရန်အတွက် အရေးပေါ်ကွပ်ကဲရေးရုံးမှ အကူအညီတောင်းခံရန် လိုအပ်မည့်သူများထံမှ အကူအညီတောင်းခံပါမည်။

အရေးပေါ်ကွပ်ကဲရေးရုံးအား စတင်မလည်ပတ်မီ အောက်ဖော်ပြပါ ကနဦးလုပ်ငန်းများအား ဆောင်ရွက်ထားပါမည်။

(၁) အရေးပေါ်ကွပ်ကဲရေးရုံး၏ ဦးစားပေးလုပ်ငန်းများ၊ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစီမံချက်များ။

(၂) အခြေအနေပိုမို ဆိုးရွားလာပါက အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ အကူအညီများတောင်းခံရန် အစီအစဉ်များ ရေးဆွဲခြင်း။

(၃) အမျိုးသားအဆင့်နှင့်ဘေးသင့်ဒေသရှိပြည်သူလူထုများအကြားဆက်သွယ်ချိတ်ဆက်ဆောင်ရွက်ခြင်း။

(၄) လေ့ကျင့်သင်ကြားပေးထားသော တုန့်ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်သူများအား ၄င်းတို့၏ ကျွမ်းကျင်မှုများအလိုက် လိုအပ်သည့်နေရာများတွင် သတ်မှတ်တာဝန်ပေးအပ်ခြင်း။

(၅) လိုအပ်သည့် ပစ္စည်းကိရိယာများအား လုံလောက်မှုရှိစေရန် စီမံခန့်ခွဲခြင်း။

(၆) လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် အခြားအရေးကြီးသည့် အရင်းအမြစ်များအား အမြဲမပြတ် စာရင်းပြုစုခြင်း၊ ပြည်သူများသို့ ထုတ်လွှင့်မည့်သတင်း အချက်အလက်များ တိကျမှန်ကန်မှုရှိစေရန်အတွက် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် အခြားအရင်းအမြစ်များအား စောင့်ကြည့်လေ့လာခြင်းနှင့် သတင်းအချက်အလက်များအားဝေမျှရန် သင့်လျော်သော သတင်းမီဒီယာများအား ရွေးချယ်သတ်မှတ်ခြင်း

(၇) ငလျင်နှင့် သက်ဆိုင်သည့် အသိပညာပေးလုပ်ငန်းများအား ပြည်သူလူထုအား မီဒီယာနည်းလမ်းပေါင်းစုံ အသုံး ပြု၍ အသိပညာပေးခြင်း။

(၈) အရေးပေါ်ကွပ်ကဲရေးရုံးအား ဘေးအန္တရာယ်ဖြစ်နိုင်ခြေ မြင့်မားသောနေရာနှင့် ဝေးရာတွင် ဖွင့်လှစ်ထားရှိပြီး အရေးပေါ်အခြေအနေတွင် ရွှေ့ပြောင်းရန်လိုအပ်ပါက ရွှေ့ပြောင်းရမည့် အခြားနေရာတစ်ခုအား ကြိုတင်စီစဉ် ထားရှိခြင်း။

(၉) အရေးပေါ်ကွပ်ကဲရေးရုံးအတွက် ရုံးခန်းဖွဲ့စည်းပုံနှင့် ထားရှိမည့်ပစ္စည်းကိရိယာများအား သေချာစွာ စီစဉ်ထားရှိပြီး အရေးပေါ်အခြေအနေများအတွက် လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုများအား ကြိုတင်လေ့ကျင့်ထားခြင်း၊ အခန်းအမျိုးမျိုး၊ ကွင်းပြင်ကျယ်၊ လိုအပ်သည့်နည်းပညာများ ဝန်ဆောင်မှုပေးခြင်း၊ လိုအပ်သည့်စနစ်များအား ပံ့ပိုးပေးခြင်းစသည့် ဝန်ဆောင်မှုများအား ကြိုတင်ပြင်ဆင်ထားရှိခြင်း။

တိုင်းဒေသကြီး စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ (သို့မဟုတ်) ဥက္ကဋ္ဌမှ တာဝန်ပေးထားသည့်ပုဂ္ဂိုလ်များနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများပါဝင်သည့် အရေးပေါ်ကွပ်ကဲရေးရုံးအဖွဲ့အနေဖြင့် ပြင်းထန်သော အရေးပေါ်အခြေအနေအား တုန့်ပြန်ရေးဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည့် တာဝန်နှင့်ဝတ္တရားများအား နားလည်ပြီး သင့်လျော်သည့် လုပ်ငန်းဆောင်ရွက်မှုအဆင့်များအား သိရှိထားရပါမည်။ အရေးပေါ်ကွပ်ကဲရေးရုံး၏ စီမံခန့်ခွဲမှုလုပ်ငန်းများသည် အဆိုပါရုံး၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီမှုရှိစေရန်အရေးပေါ်အခြေအနေအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းများအား ပုံမှန်ပြုလုပ်ထားရပါမည်။

| အပိုင်းကဏ္ဍ | လုပ်ငန်းတာဝန်များ |
|---|---|
| **ကြီးကြပ်ကွပ်ကဲခြင်း/ စီမံခန့်ခွဲခြင်း** | ဤကဏ္ဍတွင် အောက်ဖော်ပြပါ အချက်များအပါအဝင် တုံ့ပြန်ရေးဆိုင်ရာ စီမံခန့်ခွဲမှုများအား ကြီးကြပ်ကွပ်ကဲခြင်းအား တာဝန်ယူဆောင်ရွက်ပါမည်။-<br>(က) အရေးပေါ်အခြေအနေအတွက် ချမှတ်ထားသော မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် တာဝန်ယူခြင်း၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)တွင်ပြဋ္ဌာန်းထားသည့်ပြည်သူလူထုအတွက်သတင်းအချက်အလက်များ၊ မီဒီယာများနှင့် ဆက်သွယ်ခြင်း၊ အဖွဲ့အစည်းများနှင့် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ခြင်း၊ သင့်လျော်သော ထိခိုက်ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအဆင့်များအား လုပ်ငန်းကော်မတီအသီးသီးနှင့် တွဲဖက်ဆောင်ရွက်ပါမည်။<br>(ခ) (၂၄)နာရီအတွင်း အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော စာရွက်စာတမ်းများ၊ ပစ္စည်းကိရိယာများ၊ ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များအား လုံလောက်မှုရှိစေရန်၊ အဆိုပါပစ္စည်းများနှင့် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်ရေးနှင့် အရေးပေါ် ကွပ်ကဲရေးရုံး၏ ဝန်ဆောင်မှုများနှင့် အသုံးအဆောင်ပစ္စည်းများ အသုံးပြုနိုင်ရေးတို့အား ဆောင်ရွက်ပါမည်။ |

| အပိုင်းကဏ္ဍ | လုပ်ငန်းတာဝန်များ |
|---|---|
| | (ဂ) ဝန်ထမ်းများ အနားယူချိန်၊ ထမင်းစားချိန်စသဖြင့် အလှည့်ကျတာဝန် ထမ်းဆောင်ရန်အတွက် တာဝန်ချထားသည့် စီမံချက်များအား ဆောင်ရွက်ပြင်ဆင်ပါမည်။ အလှည့်ကျတာဝန်ထမ်းဆောင်သည့် အချိန်တစ်ချိန်အား (၈-၁၂) နာရီထက်မပိုဘဲ တာဝန်ချိန်မပြီးဆုံးမီ (၁၅)မိနစ်တွင် အခြားအဖွဲ့တစ်ဖွဲ့အား ယခင်တာဝန်ချိန်အတွင်း ဆောင်ရွက်မှုများအား အကျဉ်းချုံးရှင်းပြပါမည်။ အချိန်ရမည် ဆိုပါက အစီရင်ခံစာ အကျဉ်းချုပ်အား ပြုစုမှတ်တမ်းတင်ထားပြီး တုံ့ပြန်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးနောက်ပိုင်း ညွှန်ကြားဆွေးနွေးမှုများ ပြုလုပ်ရာတွင် အသုံးဝင်မည် ဖြစ်ပါသည်။<br>(ဃ) အရေးပေါ်တုံ့ပြန်ရေး ဆောင်ရွက်နေသောအဖွဲ့များနှင့် အရေးပေါ်ကွပ်ကဲရေးရုံး၏ ကူညီထောက်ပံ့ရေး အဖွဲ့အစည်းများအကြား ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်းအား တာဝန်ယူပါမည်။<br>(င) ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် အရေးပေါ်တုံ့ပြန်ရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများအကြား သတင်းအချက်အလက်များ ထိရောက်စွာ ဖလှယ်ပါမည်။<br>(စ) လူ့စွမ်းအားအရင်းအမြစ်များ ထပ်မံလိုအပ်ပါက သင့်လျော်သည့်ဌာန/အဖွဲ့အစည်းများထံ ဆက်သွယ်ဆောင်ရွက်သွားပါမည်။<br>(ဆ) အရေးပေါ်ကွပ်ကဲရေးရုံးအတွင်းရှိ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများအား ထိရောက်စွာ ဆောင်ရွက်ပါမည်။<br>(ဇ) အရေးပေါ်ကွပ်ကဲရေးရုံးတွင် လုပ်ငန်းဆောင်ရွက်ချက်များအား နေ့စဉ် အစီရင်ခံခြင်းနှင့် ဆွေးနွေးခြင်းများအား ပုံမှန်ဆောင်ရွက်ပါမည်။<br>(ဈ) အရေးပေါ်အခြေအနေတွင် လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်ရွက်မှု အဆင့်လိုက် လိုက်နာဆောင်ရွက်ပါမည်။ |
| **လုပ်ငန်းများ ဆောင်ရွက်ခြင်း** | ဤကဏ္ဍတွင် အရေးပေါ်အခြေအနေအတွက် လုပ်ငန်းစီမံချက်များ အထောက်အကူဖြစ်စေရန် လုပ်ငန်းဆောင်ရွက်မှုများအား ညှိနှိုင်းဆောင်ရွက်ပါမည်-<br>(က) ရန်ကုန်တိုင်းဒေသကြီး ငလျင်အန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာစီမံချက်တွင် ဖော်ပြထားသည့် လုပ်ငန်းကော်မတီများ၏ တာဝန်နှင့် ဝတ္တရားများအရ တာဝန်ယူဆောင်ရွက်လျက်ရှိသော အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များအား ကဏ္ဍအားလုံးနှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။<br>(ခ) တုံ့ပြန်မှုလုပ်ငန်းများထိရောက်စေရန်အတွက် လိုအပ်ပါက အမိန့်နှင့် ညွှန်ကြားချက်များအား ထုတ်ပြန်ပါမည်။ (ဥပမာ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေအရ လိုက်နာမှုမရှိခြင်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် လိုက်နာမှုမရှိခြင်း စသဖြင့်)<br>(ဂ) ဥပဒေနှင့်သက်ဆိုင်သော ပြဿနာများ ဖြစ်ပေါ်လာနိုင်ခြေနှင့် ပတ်သက်၍ ဥပဒေအကြံပေး/အဖွဲ့တို့နှင့်တိုင်ပင်၍ အရေးယူဆောင်ရွက်ရမည့် နည်းလမ်းများအား အကြံပြုချက် ရယူထားပါမည်။ |

| အပိုင်းကဏ္ဍ | လုပ်ငန်းတာဝန်များ |
| --- | --- |
| | (ဃ) မြေပြင်မှအချိန်နှင့်တစ်ပြေးညီပေးပို့လာသောစာရင်းအချက်အလက်များအား ဆန်းစစ်လေ့လာမှုပြုလုပ်ပြီး အစီရင်ခံစာပြုစုကာ အမျိုးသားကော်မတီသို့ ဆက်လက်တင်ပြပါမည်။<br>(င) အထူးလိုအပ်ချက်များနှင့် ပြင်ပအကူအညီများအား အတည်ပြုဆုံးဖြတ်သတ်မှတ်ပြီး အမျိုးသားကော်မတီသို့ ဆက်လက်တင်ပြပါမည်။<br>(စ) အရေးပေါ်ကွပ်ကဲရေးရုံးအနေဖြင့် ဂျေင်ဘေးသင့်ဒေသတွင် အရေးပေါ်တုံ့ပြန်ရေးဆောင်ရွက်နေကြသော လုပ်ငန်းကော်မတီအသီးသီးမှ ပေးပို့သော သတင်းအချက်အလက်များ အစီရင်ခံစာများအပေါ် ပြန်လည်သုံးသပ်၍ အရေးပေါ်အခြေအနေများအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်မှု ပြုလုပ်ပါမည်။<br>(ဆ) တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များအပေါ် မူတည်၍ ပြန်လည်ထူထောင်ရေးကာလသို့ ကူးပြောင်းရန်အတွက် လုပ်ဆောင်ရမည့် အဆင့်များအား ညှိနှိုင်းသတ်မှတ်ပါမည်။ |
| **စီမံချက်များ** | သတင်းအချက်အလက်များအား စုဆောင်းခြင်း၊ ဆန်းစစ်ခြင်း၊ ဖြန့်ဝေခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများ ရေးဆွဲနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စီမံချက်များ စနစ်တကျ ချမှတ်နိုင်ရန် ဆောင်ရွက်ပါမည်-<br>(က) စီမံချက်ချမှတ်ခြင်းကဏ္ဍတွင် ပိုမိုထိရောက်ကောင်းမွန်သောလုပ်ငန်းစဉ်များ ဖြစ်လာစေရေးအတွက် အောက်ဖော်ပြပါ အခြေခံအဆင့်များအား စဉ်းစားသင့်ပါသည်။<br>♦ လက်ရှိအခြေအနေအား သုံးသပ်ခြင်း။<br>♦ ဦးစားပေးကဏ္ဍများ၊ ရည်ရွယ်ချက်များနှင့် မဟာဗျူဟာများ ဖော်ထုတ်ခြင်း။<br>♦ လုပ်ငန်းစဉ်အလိုက် နေ့စဉ်လုပ်ငန်းစီမံချက်များ ချမှတ်အကောင်အထည်ဖော်ခြင်း။<br>♦ စီမံချက်အား ဆန်းစစ်ပြီးနောက် လိုအပ်ပါက ခွင့်ပြုချက် တောင်းခံခြင်း။<br>♦ လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖြစ်လာနိုင်သည့်အခြေအနေများအား ခန့်မှန်းခြင်း။<br>(ခ) ဖြစ်စဉ်အခြေအနေနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား စုဆောင်းခြင်း၊ ဆန်းစစ်ခြင်းနှင့် တင်ပြခြင်း။<br>(ဂ) အရေးပေါ်ကွပ်ကဲရေးရုံး နေ့စဉ်လုပ်ငန်းစီမံချက်အား ပြင်ဆင်ခြင်း၊ ဖြန့်ဝေခြင်း။<br>(ဃ) အရေးပေါ်ကွပ်ကဲရေးရုံး၏ လုပ်ငန်းအားလုံးနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများအား မှတ်တမ်းတင်ထိန်းသိမ်းခြင်းနှင့် အရင်းအမြစ် သုံးစွဲမှုများအား စောင့်ကြည့်ခြင်း။<br>(င) အရေးပေါ်ကွပ်ကဲရေးရုံး၏ ဌာနခွဲများအတွက် ပညာရပ်ဆိုင်ရာ ပံ့ပိုးမှုများ ကူညီပေးခြင်း။<br>(စ) ကြိုတင်သဏ္ဍာန်တူ လေ့ကျင့်ထားသည့်အတိုင်း ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ခြင်း။ |

| အပိုင်းကဏ္ဍ | လုပ်ငန်းတာဝန်များ |
|---|---|
| **သယ်ယူပို့ဆောင်ရေး** | ဝန်ဆောင်မှုများ၊ လူစွမ်းအား အရင်းအမြစ်များ၊ ပစ္စည်းကိရိယာများအား တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးခြင်းအား သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ပါမည်-<br>(က) အရေးပေါ်ကွပ်ကဲရေးရုံးနှင့် မြေပြင်တွင် လိုအပ်သည့်ဆက်သွယ်ရေးနှင့် အိုင်တီ နည်းပညာများ ပံ့ပိုးပေးခြင်း၊ ပစ္စည်းကိရိယာများ၊ လူများ၊ စက်ယန္တရားများ အသုံးပြု၍ ရှင်းလင်းခြင်း၊ တုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့် ဝန်ဆောင်မှုများအား ရှာဖွေပံ့ပိုးပေးခြင်းစသည့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်သကဲ့သို့ အစားအစာ၊ နေရာထိုင်ခင်းနှင့် အခြား လိုအပ်သည့် ဝန်ဆောင်မှုများ စီစဉ်ပေးခြင်းတို့အား ဆောင်ရွက်ပါမည်။<br>(ခ) တုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နေသည့်ကာလ (သို့မဟုတ်) ခန့်မှန်းထားသော အချိန်ကာလအတွင်း အရေးပေါ်ကွပ်ကဲရေးရုံး၏ လုပ်ငန်းစီမံချက်တွင် ဖော်ပြ ထားသည့်အတိုင်း အောင်မြင်မှုရရှိစေရန် ဆောင်ရွက်ပါမည်။<br>(ဂ) သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် ပြဿနာများအား အရေးပေါ် ကွပ်ကဲရေးရုံးနှင့် လုပ်ငန်းကော်မတီများအား စဉ်ဆက်မပြတ်သတင်းပို့ပါမည်။<br>(ဃ) လိုအပ်သော အခြားသယ်ယူပို့ဆောင်ရေးဆိုင်ရာ အရင်းအမြစ်များအား လိုအပ် ပါက အကူအညီတောင်းခံ အသုံးပြုပါမည်။ |
| **ဘဏ္ဍာရေး/စီမံအုပ်ချုပ်ခြင်း** | ဘဏ္ဍာရေးဆိုင်ရာပြဿနာများနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအား ဘဏ္ဍာ ငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် တာဝန်ယူဆောင်ရွက်ပါမည်-<br>(က) ဘေးသင့်ဒေသရှိ ပျက်စီးဆုံးရှုံးမှုများအပေါ် မူတည်၍ ဘဏ္ဍာရန်ပုံငွေ လိုအပ် ချက်များအား ခန့်မှန်းတွက်ချက်ပါမည်။<br>(ခ) တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကော်မတီအသီးသီးမှ ပေးပို့လာ သော ငွေကြေးလိုအပ်ချက်များအား စိစစ်ပြီး ရန်ပုံငွေရရှိရေးအတွက် လိုအပ် သလို စီစဉ်ဆောင်ရွက်ပေးပါမည်။<br>(ဂ) ဘဏ္ဍာရေးနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ မှတ်တမ်းများအား အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလ တစ်လျှောက် လုံး ထိန်းသိမ်းထားပါမည်။<br>(ဃ) တာဝန်ကျ အချိန်စာရင်းများနှင့် တာဝန်ကျဝန်ထမ်းများစာရင်းအား ပြုစုထား ပါမည်။<br>(င) သယ်ယူပို့ဆောင်ရေး၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စီမံခန့်ခွဲမှုဝန်ထမ်းများအား အသုံးပြုခြင်းအား အကြံပေးပါမည်။<br>(စ) လုပ်ငန်းကော်မတီအသီးသီးမှ ခရီးသွားလာခြင်းနှင့် အသုံးစရိတ်များအတွက် တောင်းခံမှုများအား စိစစ်ဆောင်ရွက်ပါမည်။<br>(ဆ) အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် မှတ်တမ်းများ၊ ငွေကြေး ဆိုင်ရာ ထောက်ပံ့မှုများအား စာရင်းစစ်ခံနိုင်ရန်အတွက် သက်ဆိုင်ရာဌာန များသို့ ပေးပို့ပါမည်။ |

## နောက်ဆက်တွဲ (ဃ)

### တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းကော်မတီအသီးသီး၏ ငလျင်ဘေးအန္တရာယ်အတွက် ဆောင်ရွက်ရမည့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ။

| လုပ်ငန်းကော်မတီများ | ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ |
|---|---|
| **၁။ တိုင်းဒေသကြီး သဘာဝ ဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့** | ၁-၁ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရေးပေါ်ကွပ်ကဲရေးရုံး၏ လုပ်ငန်းများ လည်ပတ်နိုင်ရန်အတွက် အဖွဲ့ဝင်များဖြင့် ပုံမှန်ပြန်လည်ဖွဲ့စည်းရပါမည်။ အရေးပေါ်အခြေအနေတွင် အမျိုးသားအဆင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနနှင့် အဆင်ပြေချောမွေ့စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုတင်ချိတ်ဆက်ထားပါမည်။<br>၁-၂ အရေးပေါ်တုံ့ပြန်ရေးစီမံချက်များအား တိုင်းဒေသကြီးအဆင့်သာမက ခရိုင်နှင့် မြို့နယ်အဆင့် စီမံချက်များပါ ရေးဆွဲရန် ညွှန်ကြားထားပါမည်။<br>၁-၃ ငလျင်ကြောင့် နောက်ဆက်တွဲအနေဖြင့် ရေကြီးခြင်း၊ မီးဘေး၊ ဆူနာမီ၊ မြေပြိုခြင်းနှင့် သဲရည်ပျော်ခြင်းများနှင့် သက်ဆိုင်သောဘေးအန္တရာယ်များ (ဥပမာ မြေကျွံခြင်း၊ မြေပြိုခြင်းစသည်) ဖြစ်နိုင်သောကြောင့် တိုင်းဒေသကြီးတစ်ခုလုံးအား ခြုံငုံမိသော ဘေးအန္တရာယ်ပြ မြေပုံများ၊ ဘေးကင်းရာနေရာများနှင့် လမ်းကြောင်းများအား သက်ဆိုင်ရာအဖွဲ့အစည်းများ (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ငလျင်ကော်မတီ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း စသည်တို့) ဖြင့် ပူးပေါင်းညှိနှိုင်းရေးဆွဲထားရန် အရေးကြီးပါသည်။<br>၁-၄ လုပ်ငန်းကော်မတီများ၏ လိုအပ်သောသင်တန်းများအား ဆန်းစစ်ပြီး သင်တန်းများပို့ချပြီးနောက် တုံ့ပြန်ကယ်ဆယ်ရေး လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် အတွက် အရန်သင့်ပြင်ဆင်ထားပါမည်။<br>၁-၅ အရေးပေါ် အခြေအနေအတွက် လိုအပ်သည့် အရင်းအမြစ်များအား အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် သာမက ခရိုင်များနှင့်ပါ ပေါင်းစပ်ညှိနှိုင်း၍ ကြိုတင်ပြင်ဆင်ထားပါမည်။ ဥပမာ - လမ်း၊ တံတား၊ လေကြောင်း၊ ဆိပ်ကမ်းနှင့် ရထားလမ်းကြောင်းများစသည့် ဆက်သွယ်ရေးကွန်ယက်များပြသော မြေပုံများ။<br>၁-၆ အရေးပေါ်အခြေအနေတွင် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သောပစ္စည်းများအား စာရင်းပြုစု၍ အရန်သင့် စုဆောင်းထားရှိပါမည်။<br>၁-၇ ငလျင်ဘေးအန္တရာယ်နှင့် အခြားဖြစ်နိုင်ခြေရှိသည့် နောက်ဆက်တွဲ ဘေးအန္တရာယ်များအားသိရှိနားလည်ထားပြီးဘေးအန္တရာယ်ပြမြေပုံများအားပြင်ဆင်ထားပါမည်။<br>၁-၈ ငလျင်ကြောင့် အချို့သော အခြေခံဝန်ဆောင်မှုလုပ်ငန်းများ ရပ်တန့်သွားပါက အလျင်မြန်ဆုံး ပြန်လည်လည်ပတ်နိုင်မည့် အခြားနည်းလမ်းများအား ကြိုတင်ပြင်ဆင်ထားပါမည်။ |

| လုပ်ငန်းကော်မတီများ | ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ |
|---|---|
| ၂။ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ | ၂-၁ လုပ်ငန်းကော်မတီအတွက် လိုအပ်သော သင်တန်းများ ပို့ချပါမည်။<br>၂-၂ မြို့ပြဒေသများ၏ တည်ဆောက်ပုံအခြေအနေများအား သိရှိနားလည်ထားပါမည်။ ဥပမာ အထပ်မြင့်အဆောက်အဦများ၊ ကွင်းပြင်ကျယ်များ၊ ရေရရှိနိုင်သောနေရာများ၊ ဘူမိဆိုင်ရာ ဘေးအန္တရာယ်ရှိနိုင်သောဒေသများအား ဘေးအန္တရာယ်ပြမြေပုံများဖြင့် ရေးဆွဲဖော်ပြထားပါမည်။<br>၂-၃ ထိခိုက်ပျက်စီးမှုများအား ဆန်းစစ်ခြင်း နည်းလမ်းအဆင့်များအား သတ်မှတ်ထားပါမည်။<br>၂-၄ ဘေးကင်းလုံခြုံသည့်လမ်းကြောင်းများ၊ လုပ်ငန်းဆောင်ရွက်မည့် အချိန်ဇယားများ၊ ခိုလှုံရာနေရာများ/ဘေးကင်းရာ နေရာများနှင့် ၎င်းတို့၏ တည်နေရာများပြသည့် မြေပုံများအား ကြိုတင်ပြင်ဆင်ထားပါမည်။<br>၂-၅ ပျက်စီးဆုံးရှုံးမှုအချက်အလက်များကောက်ယူမည့်ပုံစံများအားလုပ်ငန်းကော်မတီများနှင့်ညှိနှိုင်း၍ ကြိုတင်ပြင်ဆင်ထားပါမည်။ |
| ၃။ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း ကော်မတီ | ၃-၁ အရေးပေါ်အခြေအနေတွင် ဆက်သွယ်ရေးပြတ်တောက်သွားပါက ဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့မှု ရှိစေရန်အတွက် ဆက်သွယ်ရေး ဝန်ဆောင်မှုပေးသည့် operator များအား ကြိုတင်စာရင်း ပြုစုထားပြီး ညှိနှိုင်းပြင်ဆင်မှုများအား ကြိုတင်ဆောင်ရွက်ထားပါမည်။<br>၃-၂ သတင်းအချက်အလက်များ မျှဝေရန်အတွက် လမ်းညွှန်ချက်များအား ပြုစုထားပြီး ပုံမှန်စမ်းသပ်လေ့ကျင့်ထားပါမည်။<br>၃-၃ တိကျမှန်ကန်သော သတင်းအချက်အလက်များ မျှဝေနိုင်ရေးအတွက် မီဒီယာများနှင့်ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ စီမံထားရှိပါမည်။ (သင်တန်းများ ပို့ချခြင်း၊ ပုံမှန်အစည်းအဝေးများ ပြုလုပ်ခြင်းစသဖြင့်)<br>၃-၄ အရေးပေါ်အခြေအနေများအတွက် emergency hot line ထားရှိပါမည်။ (တစ်နိုင်ငံလုံးအတွက် နံပါတ်တစ်ခုထားရှိပြီး တိုင်းဒေသကြီး/ပြည်နယ်များတွင် operation center များထားရှိရန်) |
| ၄။ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ | ၄-၁ ဘေးအန္တရာယ်ကျရောက်ပြီးနောက် (၂၄) နာရီအတွင်း အချိန်ကာလသည် ပိတ်မိနေသူများအား ကယ်တင်ရန် အလွန်အရေးကြီးသည့်အချိန် ဖြစ်သည့်အတွက် အဖွဲ့ဝင်များကို ၎င်းတို့၏တာဝန်များ ပူးပေါင်းထမ်းဆောင်နိုင်ရန်အတွက် အထူးသင်တန်းများ ပို့ချထားပါမည်။<br>၄-၂ သင်တန်း၌ ရှာဖွေရေးတွင် အသုံးပြုသည့် ကင်မရာများ၊ အသံကြားနိုင်သည့် ကိရိယာများ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်အား သိရှိနိုင်သည့် ပစ္စည်းများ၊ အနံ့ခံခွေးများစသည့်ပစ္စည်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းတွင် အသုံးပြုသည့် ဟိုက်ဒြောလစ်စက်များ၊ လွှများ၊ ဖြတ်စက်များ၊ ကြိုးများ၊ ထမ်းစင်များနှင့် အရောင်သတ်မှတ်သည့် အမှတ်အသားများ စသည်တို့အား သင်တန်းတွင် ထည့်သွင်းအသုံးပြုပြီး အဆိုပါ ပစ္စည်းကိရိယာများအား ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ထားပါမည်။ |

| လုပ်ငန်းကော်မတီများ | ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ |
|---|---|
| **၅။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ** | ၅-၁ အလှည့်ကျစနစ်အပါအဝင် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် လမ်းညွှန်ချက်များ ပြုစုထားပါမည်။<br>၅-၂ ဒဏ်ရာရသူများအား ဦးစားပေး ပြုစုခြင်းများ ကြိုတင်လေ့ကျင့်ပြင်ဆင်ထားပါမည်။<br>၅-၃ အရေးပေါ်အခြေအနေတွင် သွေးလိုအပ်ပါက အချိန်မရွေးရယူနိုင်ရန်အတွက် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများ၊ သွေးလှူရှင်အသင်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါမည်။ |
| **၆။ လုံခြုံရေးလုပ်ငန်းကော်မတီ** | ၆-၁ အရေးပေါ်အခြေအနေတွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးအဖွဲ့ဝင်များအား စခန်းစီမံခန့်ခွဲမှု အပါအဝင် အခြားသင်တန်းများအား ပုံမှန်ပို့ချခြင်း၊ အစည်းအဝေးများ ပြုလုပ်ခြင်းနှင့် သဏ္ဍာန်တူဇာတ်တိုက် လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းတို့အား ကြိုတင်ဆောင်ရွက်ထားပါမည်။<br>၆-၂ လုံခြုံရေးအဖွဲ့ဝင်စာရင်းများအား ပုံမှန်စာရင်း ပြုစုထားပါမည်။<br>၆-၃ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ သတ်မှတ်ထားသော ကယ်ဆယ်ရေးစခန်း၊ လုံခြုံရေးစခန်းများနှင့် မြို့တွင်းရှိ ပို့ဆောင်ရေးကွန်ယက်မြေပုံများအား ပြုစုထားပါမည်။<br>၆-၄ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လိုအပ်သည်များအား ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားပါမည်။ |
| **၇။ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီ** | ၇-၁ ပို့ဆောင်ရေးလုပ်ငန်းပိုင်ရှင်များစာရင်းနှင့် ပစ္စည်းအရေအတွက်များအား ကြိုတင်စာရင်းပြုစု၍ အခြားလုပ်ငန်း ကော်မတီများနှင့် မျှဝေထားပါမည်။<br>၇-၂ အရေးပေါ်အခြေအနေတွင် အသုံးပြုရမည့် လမ်းကြောင်းပြမြေပုံများအား ရေးဆွဲထားပြီး အခြားလုပ်ငန်းကော်မတီများနှင့် မျှဝေထားပါမည်။<br>၇-၃ အရေးပေါ်အခြေအနေတွင် ပို့ဆောင်ရေးဝန်ဆောင်မှုများအား အခြားလုပ်ငန်းကော်မတီများနှင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်မည်စသည့် စီမံချက်များ ကြိုတင်ရေးဆွဲထားပြီး ၄င်းစီမံချက်များကို စမ်းသပ်ထားပါမည်။<br>၇-၄ အခြားကော်မတီများမှ သယ်ယူပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်စာရင်းများအား ရယူ၍အရေးပေါ်အခြေအနေတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရန် ကြိုတင်ပြင်ဆင်ထားပါမည်။<br>၇-၅ တိုင်းဒေသကြီးတွင်းရှိ သိုလှောင်ရုံများနှင့် သိုလှောင်ထားသည့် ပမာဏများအား ပုံမှန်စစ်ဆေး၍ လိုအပ်ချက်များ ဖြည့်ဆည်းထားပါမည်။<br>၇-၆ ဘေးဒဏ်ခံရသူများနှင့် ကျွဲနွားစသည့် ၄င်းတို့၏ ပိုင်ဆိုင်မှုများအား ရွှေ့ပြောင်းရန် နည်းလမ်းများအား ကြိုတင်စီစဉ်ထားပါမည်။<br>၇-၇ အရေးပေါ်အခြေအနေတွင် ပို့ဆောင်ရေးဆိုင်ရာဝန်ဆောင်မှုများအတွက် ကူညီထောက်ပံ့မှုများ လိုအပ်ပါက ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိက ကဏ္ဍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကွန်ယက်နှင့် ကြိုတင်ချိတ်ဆက်ထားပါမည်။ |

| လုပ်ငန်းကော်မတီများ | ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ |
|---|---|
| ၈။ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီ | ၈-၁ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆောက်အဦ အရေအတွက်နှင့် အမျိုးအစားများပါဝင်သည့် အဓိကကျသည့် အခြေခံအဆောက်အဦများအား စာရင်းပြုစု သတ်မှတ်ထားပါမည်။<br>၈-၂ ငလျင်ဘေးသင့် ပြည်သူများ ယာယီခိုလှုံရာနေရာများ၊ ယာယီ ကျန်းမာရေး စောင့်ရှောက်မှုပေးမည့် နေရာများအား မြို့နယ်အလိုက် ကြိုတင်ညှိနှိုင်း သတ်မှတ်ထားပါမည်။<br>၈-၃ ယာယီခိုလှုံရာနေရာများ၊ ယာယီ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် နေရာများသို့ အလွယ်တကူ သွားရောက်နိုင်မည့် လမ်းကြောင်းများအား ကြိုတင်သတ်မှတ်ဖော်ထုတ်ထားပါမည်။<br>၈-၄ ခိုလှုံရာနေရာများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် နေရာများအတွက် လိုအပ်မည့် အရင်းအမြစ်များအား သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်း ပြင်ဆင်ထားပါမည်။<br>၈-၅ အဆိုပါ ခိုလှုံရာနေရာများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် နေရာများရှိ ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် သောက်သုံးရေ၊ မိလ္လာစနစ်နှင့် သန့်ရှင်းရေးစနစ်များအား ကြိုတင်ညှိနှိုင်းသတ်မှတ်ခြင်း၊ စာရင်းပြုစုခြင်းများ ဆောင်ရွက်ထားပါမည်။<br>၈-၆ အပျက်အစီးများ ရှင်းလင်းနိုင်ရေးအတွက် လိုအပ်သည့် အကြီးစား စက်ပစ္စည်း၊ ယာဉ်ယန္တရားများစာရင်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခြား သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ကြိုတင်ညှိနှိုင်း၍ စာရင်းရယူထားရန်နှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ထားပါမည်။<br>၈-၇ နောက်ဆက်တွဲငလျင်ကြောင့် အဆောက်အဦးများ ပြိုကျနိုင်သည့်အတွက် သက်ဆိုင်ရာပညာရှင်များ၊ လုပ်ငန်းကော်မတီများနှင့် ကြိုတင်ညှိနှိုင်းမှုများ ဆောင်ရွက်ထားပါမည်။ |

## နောက်ဆက်တွဲ (င)

### ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဆန်းစစ်မှုပုံစံ

| | | | |
|---|---|---|---|
| စဉ် | | | |
| မြို့နယ် | | | |
| ဖြစ်ပေါ်သည့်ကာလ | | | |
| ဘေးအန္တရာယ်အမျိုးအစား | | | |
| ဖြစ်ပွားသည့်နေရာ | | | |
| ဘေးသင့်အိမ်ထောင်စု | | | |
| ဘေးသင့် | လူ | ကျား | |
| | | မ | |
| | | ပေါင်း | |
| | | တိရစ္ဆာန် | |
| သေဆုံး | လူ | ကျား | |
| | | မ | |
| | | ပေါင်း | |
| | | တိရစ္ဆာန် | |
| ပျက်စီးမှုအခြေအနေ | | အိမ် | |
| | | ကျောင်း | |
| | | ဘုန်းကြီးကျောင်း | |
| | | သာသနိကအဆောက်အဦ | |
| | | ဆေးရုံ | |
| | | ဆေးခန်း | |
| | | ကျန်းမာရေးဌာန | |
| | | ဌာနဆိုင်ရာရုံးများ | |
| | | အဆောက်အဦ/အခြား | |
| | | ဆည် | |
| | | တံတား | |
| | | လမ်း | |
| | | လယ်ယာ(ဧက) | |
| | | ငါးကန်၊ ပုဇွန်ကန် (ဧက) | |
| ပျက်စီးဆုံးရှုံးမှုတန်ဖိုး (ကျပ်သိန်း) | | | |
| မှတ်ချက် | | | |

**မှတ်ချက်။** အထက်ဖော်ပြပါပုံစံအား ငလျင်ဘေးအန္တရာယ်ကြောင့် သာမန်ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရသည့် အခြေအနေတွင် ကနဦးအစီရင်ခံစာပြုစုရန်အတွက် စာရင်းအချက်အလက်များ ကောက်ယူရာတွင် အသုံးပြုမည် ဖြစ်ပါသည်။

## ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုကိန်းဂဏန်းအချက်အလက် ကောက်ယူသည့် ပုံစံ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဖြစ်စဉ် သင်္ကေတ | | စာရင်းပေးပို့သောဌာန | | | | | စာရင်းပေးပို့သည့်ရက်စွဲ | |
| ၁။ ဘေးအန္တရာယ်ဆိုင်ရာ အချက်အလက် | | ဘေးအန္တရာယ်အမျိုးအစား | | ဘေးအန္တရာယ်ဖြစ်ပေါ်သည့်နေရာ | | | | |
| | | ဘေးအန္တရာယ်၏ပြင်းအား | | ပြည်နယ်/ တိုင်းဒေသကြီး | ခရိုင် | မြို့နယ် | ရပ်ကွက်/ ကျေးရွာအုပ်စု | ကျေးရွာ |
| ဖြစ်ပွားသည့်ရက်စွဲ(ရက်၊လ၊နှစ်) | | ဘေးသင့်ခံ ကျေးရွာ အရေအတွက် | | | | | | |
| ဖြစ်ရပ်ကြာချိန် | | အကြောင်းရင်း ဖော်ပြချက်အကျဉ်း | | | | | | |

### ၂။ ဘေးသင့်ခံရမှု

| လူဦးရေ | သေဆုံး | ပျောက် | ဒဏ်ရာရ | တိုက်ရိုက်ထိခိုက် | ဘေးသင့် | ယာယီပြောင်းရွှေ့ | အပြီးပြောင်းရွှေ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ကလေး | | | | | | | | |
| ကျား | | | | | | | | |
| မ | | | | | | | | |
| လူကြီး | | | | | | | | |
| ကျား | | | | | | | | |
| မ | | | | | | | | |
| စုစုပေါင်း | | | | | | | | |
| ကျား | | | | | | | | |
| မ | | | | | | | | |
| | | | အိမ်ထောင်စု | | | | | |

### ၃။ ပို့ဆောင်ရေး

| အမျိုးအစား | ရေတွက်ပုံ | ပျက်စီးဆုံးရှုံး | |
|---|---|---|---|
| | | အရေအတွက် | တန်ဖိုး(ကျပ်) |
| အဝေးပြေးလမ်းမကြီးများ | မိုင် | | |
| မြို့တွင်းလမ်းများ | မိုင် | | |
| ရွာလမ်းများ | မိုင် | | |
| တံတားများ | ခုရေ | | |
| သဘော်ဆိပ်/ဆိပ်ခံတံတားများ | ခုရေ | | |
| ဘူတာရုံများ | ခုရေ | | |
| ရထားစက်ခေါင်းများ | ခုရေ | | |
| ရထားတွဲများ | ခုရေ | | |
| ရထားလမ်းများ | မိုင် | | |
| လေကြောင်းပို့ဆောင်ရေး/လေဆိပ် | | | |
| | | | |

### ၄။ မွေးမြူရေး

| အမျိုးအစား | ရေတွက်ပုံ | သေဆုံး/ပျက်စီး | တန်ဖိုး(ကျပ်) |
|---|---|---|---|
| ကျွဲ | ကောင် | | |
| နွား | ကောင် | | |
| သိုး/ဆိတ် | ကောင် | | |
| ဝက် | ကောင် | | |
| ကြက် | ကောင် | | |
| ဘဲ | ကောင် | | |
| မွေးမြူရေးခြံများ | ခြံ | | |
| မွေးမြူရေးအစာ | | | |
| မွေးမြူရေးသုံးဆေးနှင့်ဆေးပစ္စည်း | | | |
| | | | |
| | | | |

### ၅။ ကျန်းမာရေး

| အမျိုးအစား | ရေတွက်ပုံ | ဆုံးရှုံး | | ပျက်စီး | |
|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး(ကျပ်) | အရေအတွက် | တန်ဖိုး(ကျပ်) |
| ဆေးရုံ | ခုရေ | | | | |
| ပုဂ္ဂလိက ဆေးကုခန်း | ခုရေ | | | | |
| ဆေးပေးခန်း | ခုရေ | | | | |
| ကျေးလက်ကျန်းမာရေးဌာန | ခုရေ | | | | |
| ကျေးလက်ကျန်းမာရေးဌာနခွဲ | ခုရေ | | | | |
| ဆေးရုံသုံး စက်ကိရိယာများ | | | | | |
| ဆေးဝါးများ | | | | | |
| **စုစုပေါင်း** | | | | | |
| | | | | | |

### ၆။ ပညာရေး

| အမျိုးအစား | ဆုံးရှုံး | | ပျက်စီး | |
|---|---|---|---|---|
| | အရေအတွက် | တန်ဖိုး(ကျပ်) | အရေအတွက် | တန်ဖိုး(ကျပ်) |
| တက္ကသိုလ် | | | | |
| ကောလိပ်/သိပ္ပံ | | | | |
| သုတေသနဌာန | | | | |
| အထက | | | | |
| အလက | | | | |
| အမက | | | | |
| မူကြို | | | | |
| သင်တန်းကျောင်း | | | | |
| ပုဂ္ဂလိကကျောင်း | | | | |

### ၇။ သောက်သုံးရေနှင့်သန့်ရှင်းရေး

| အမျိုးအစား | ရေတွက်ပုံ | ဆုံးရှုံး | | ပျက်စီး | |
|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး(ကျပ်) | အရေအတွက် | တန်ဖိုး(ကျပ်) |
| ရေတွင်းများ | ခုရေ | | | | |
| ရေကန်များ(မြေသား/သဘာဝ) | ခုရေ | | | | |
| ရေလှောင်ကန်များ(အများသုံး) | ခုရေ | | | | |
| အဓိကရေပိုက်လိုင်းများ | ပေ | | | | |
| ရေဆိုးမြောင်းများ | ပေ | | | | |
| | | | | | |
| | | | | | |

### ၈။ ငါးလုပ်ငန်း

| အမျိုးအစား | ရေတွက်ပုံ | ဆုံးရှုံး | | ပျက်စီး | |
|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး(ကျပ်) | အရေအတွက် | တန်ဖိုး(ကျပ်) |
| ငါးဖမ်းလှေ | စီးရေ | | | | |
| ငါးဖမ်းစက်လှေ/ငါးဖမ်းသင်္ဘော | စီးရေ | | | | |
| ငါးဖမ်းကိရိယာများ | | | | | |
| ဆားကွင်း | ဧက | | | | |
| ငါးမွေးကန် | ဧက | | | | |
| ပုဇွန်မွေးကန် | ဧက | | | | |
| | | | | | |

## ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုကိန်းဂဏန်းအချက်အလက် ကောက်ယူသည့် ပုံစံ

### ၉။ သာသနိကအဆောက်အအုံ ☐

| အမျိုးအစား | ရေတွက်ပုံ | ဆုံးရှုံး | | ပျက်စီး | |
|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး(ကျပ်) | အရေအတွက် | တန်ဖိုး(ကျပ်) |
| စေတီ/ပုထိုး | ခုရေ | | | | |
| ဘုန်းတော်ကြီး/သီလရှင်ကျောင်း | ခုရေ | | | | |
| ခရစ်ယာန်ဘုရားရှိခိုးကျောင်း | ခုရေ | | | | |
| ဗလီ | ခုရေ | | | | |
| ဟိန္ဒူဘုရားကျောင်း | ခုရေ | | | | |
| | | | | | |

### ၁၀။ သစ်တော ☐

| အမျိုးအစား | ရေတွက်ပုံ | ဆုံးရှုံး | | ပျက်စီး | |
|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး(ကျပ်) | အရေအတွက် | တန်ဖိုး(ကျပ်) |
| သစ်တောစိုက်ခင်း | ဟက်တာ | | | | |
| သဘာဝသစ်တော | ဟက်တာ | | | | |
| ဒီရေတော | ဟက်တာ | | | | |
| | | | | | |
| | | | | | |
| | | | | | |

### ၁၁။ လယ်ယာစိုက်ပျိုးရေး ☐

| အမျိုးအစား | ပျက်စီးဆုံးရှုံး | | |
|---|---|---|---|
| | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး(ကျပ်) |
| သီးနှံ(စပါး) | ဧက | | |
| သီးနှံ(အခြား) | ဧက | | |
| စိုက်ပျိုးမြေ(စပါးနှင့်အခြားသီးနှံ) | ဧက | | |
| စိုက်ပျိုးမြေ(စက်မှုကုန်ကြမ်းသီးနှံ) | ဧက | | |
| ရေတံခါး | ခုရေ | | |
| ဆည်/တာ | ပေ | | |
| တမံ | ပေ | | |
| မြောင်းလက်တံ | မိုင် | | |
| မျိုးစေ့/စပါးကျီ | | | |
| လယ်ယာသုံးပစ္စည်း | | | |
| | | | |

### ၁၂။ အဆောက်အအုံ ☐

| အမျိုးအစား | ရေတွက်ပုံ | ဆုံးရှုံး | | ပျက်စီး | |
|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး(ကျပ်) | အရေအတွက် | တန်ဖိုး(ကျပ်) |
| အိုးအိမ် | ခုရေ | | | | |
| ရုံးအဆောက်အအုံ | ခုရေ | | | | |
| စက်ရုံ/အလုပ်ရုံ | ခုရေ | | | | |
| ကုန်လှောင်ရုံ | ခုရေ | | | | |
| ဈေးရုံ | ခုရေ | | | | |
| ဟိုတယ်များ | ခုရေ | | | | |
| တည်းခိုခန်း | ခုရေ | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

### ၁၃။ ဆက်သွယ်ရေး ☐

| အမျိုးအစား | ပျက်စီးဆုံးရှုံး | | |
|---|---|---|---|
| | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး(ကျပ်) |
| ဖန်မျှင်ဆက်သွယ်ရေးနန်းကြိုး | ကီလိုမီတာ | | |
| ကြေးနန်းကြိုး | ကီလိုမီတာ | | |
| စက်အရံပစ္စည်း | | | |
| စက်များထားရာအဆောက်အအုံ | ခုရေ | | |
| | | | |

### ၁၄။ စွမ်းအင် ☐

| အမျိုးအစား | ပျက်စီးဆုံးရှုံး | | |
|---|---|---|---|
| | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး(ကျပ်) |
| စက်ယန္တရား (ပန့်) | ခုရေ | | |
| ဆီလှောင်ကန် | ခုရေ | | |
| ပိုက်လိုင်းများ | ကီလိုမီတာ | | |
| ဆက်စပ်အဆောက်အအုံ | ခုရေ | | |
| | | | |

### ၁၅။ လျှပ်စစ်

| အမျိုးအစား | ပျက်စီးဆုံးရှုံး | | |
|---|---|---|---|
| | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး(ကျပ်) |
| ဓါတ်တိုင်များ | ခုရေ | | |
| 66 kv လိုင်းကြိုး | မိုင် | | |
| 33kv လိုင်းကြိုး | မိုင် | | |
| 11/3.3kv လိုင်းကြိုး | မိုင် | | |
| စက်များထားရာအဆောက်အအုံ | ခုရေ | | |
| | | | |

### ၁၆။ ကယ်ဆယ်ရေး

| အမျိုးအစား | တန်ဖိုး(ကျပ်) | |
|---|---|---|
| | နိုင်ငံတော် | အခြား |
| ထောက်ပံ့ရိက္ခာ | | |
| ထောက်ပံ့ပစ္စည်း | | |
| အိမ်ဆောက်ပစ္စည်း | | |
| ထောက်ပံ့ငွေ | | |
| | | |
| | | |

| | |
|---|---|
| စာရင်းရေးသွင်းသူ၏လက်မှတ် | |
| စာရင်းရေးသွင်းသူ၏အမည် | |
| ရာထူး | |

**အကြံပြုချက်။**

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

------------------------------------------------------------

# ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ဘေးအန္တရာယ်ဖြစ်ပေါ်သည့် အချိန်တွင် ရှိသော ကာလပေါက်ဈေးကို ရေးသွင်းရန်ဖြစ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်း သဘာဝဘေးကြုံတွေ့လျှင် ဆက်သွယ်ရန်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး
အမှတ် (၅)၊ (၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၆၆၁၈၁၂၊ ဖက်စ် - ၀၁-၅၂၁၉၆၇
Email: yangonrrd@gmail.com